ဥာဏ်ဝင်းစာပေ

ပန်းညီခိုင်

# မှော်နှုတ်ခမ်း၏မာယာမေဃ





ထုတ်ဝေသူ
ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့် အတွင်းသားပုံနှိပ်သူ
ဦးစိုးမြင့် (၀၅၆၃၉)
ရွှေအောင်လံ ရောင်စုံပုံနှိပ်တိုက်
အမှတ် (၅၄)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့

စာမူခွင့်ပြုချက်အမှတ် ... ၅၀၀၀၄၃၀၆၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်... ၅၀၀၂၄၉၀၆၀၂

ထုတ်ဝေခြင်း
ပထမအကြိမ်
၂၀၀၆၊ မတ်လ

အုပ်ရေ
၁၀၀၀ - အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ
e-host Digital Media Group

စီစဉ်သူ
ဒေါ်ငွေးငွေးမော်

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# ပန်းသီခိုင်

## မှော်ဆရာကြီး၏ မာယာဗေဒ

မိန်းမတစ်ယောက်အတွက်
ချစ်သူရည်းစားဆိုတာ
ကောင်းကင်ပေါ်က ကြယ်ပွင့်ကလေးတွေလိုပဲ။
မထင်မရှား မှိတ်တုတ်မှိတ်တုတ်နဲ့
အများကြီးလည်း ရှိနိုင်တယ်။

ဒါပေမယ့်
မိန်းမတစ်ယောက်အတွက်
ခင်ပွန်းယောကျ်ားဆိုတာကတော့
ကောင်းကင်ပေါ်က တစ်စင်းတည်းရှိတဲ့
လမင်းကြီးလိုပဲ။
တစ်လောကလုံးကို အနှိုင်းမဲ့စွာ
အေးမြတဲ့ အလင်းရောင်ဖြာကျ
ပေးစွမ်းသလိုမျိုး
ဇနီးမယားရဲ့ ဘဝတစ်ခုလုံးကို
အကြင်နာနဲ့ လွှမ်းခြုံပြီး အေးမြတဲ့
အလင်းရောင်နဲ့ လမ်းပြပေးမယ့်သူပါ။

မေမေ

အချစ်ဆိုတာ
ငယ်ငယ်တုန်းက မေမေပြောဖူးတဲ့
ငါးမိုးတွေရွာပြီး
သစ်ပင်မှာ ရွှေပွင့်ငွေပွင့်တွေ
ပူးပွင့်တယ်ဆိုတဲ့
ဘယ်လိုမှ မဖြစ်နိုင်တဲ့
ပုံပြင်တစ်ပုဒ်လိုပါပဲ။

တကယ်ပဲ
ကောင်းကင်ပေါ်က ငါးမိုးတွေ
ရွာချလာတဲ့တစ်နေ့
သစ်ပင်တွေက ရွှေပွင့်ငွေပွင့်တွေ
ဝေဝေဆာဆာ ပွင့်လာခဲ့တဲ့ တစ်နေ့
တစ်နေ့ကျရင်
အချစ်ဆိုတာ ရှိတယ်လို့
'စံ' ယုံကြည်ပေးပါ့မယ်....

# ဒဏ်ရာ (တစ်)

'ဟင် ... မေမေ'

ကျောင်းကပြန်လာပြီး ကျောပိုးအိတ်ကလေး စားပွဲပေါ် ဖြုတ်ချထားပြီး ထမင်းစားခန်းကို ဝင်သွားတော့ စားပွဲမှာ ငိုနေသော မေမေ့ကို ဖြုန်းကနဲ တွေ့လိုက်ရ၏။

ရင်ထဲမှာ ဆတ်ကနဲ တုန်သွားပြီး စိုးရိမ်တကြီးနှင့်

မေမေ့ အနား တိုးကပ်သွားရင်း …

'ဟင် … မေမေ ငိုနေတယ်၊ ဘာဖြစ်တာလဲဟင်၊ မေမေ ဘာလို့ ငိုတာလဲ၊ ဘာဖြစ်လို့လဲ၊ သမီးကို ပြောပါ'

မေမေက 'စံ' ကို မကြည့်ဘဲ မတ်တတ်ရပ်လျက် မျက်ရည်သုတ်သည်။

မီးဖိုးပေါ် တင်ထားသော ဟင်းအိုးစီ လျှောက်သွား၏။

မေမေငိုနေတာကို စံ မသိစေချင် မမြင်စေချင်။

သို့ပေမယ့် စံက ပက်ပင်းသိသွားပြီ။

'မေမေ ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး၊ သမီးဗိုက်ဆာပြီ မဟုတ်လား၊ ကျူရှင် သွားရဦးမှာ မဟုတ်ဘူးလား၊ ထမင်းစားတော့လေ'

'မေမေ'

စံက မေမေ့ကို ပြေးဖက်ထားသည်။

ဟာန်ဆောင်တင်းခံထားမှန်း စံ သိသည်။

စံက ကလေးမှ မဟုတ်ပေ။

မေမေ ဘာဖြစ်သလဲ စံ သိချင်သည်။

ဗိုက်ဆာနေတာလေးပင် ဘယ်ရောက်သွားမှန်းမသိ။

စုံ့ ဘဝ၏ ပထမဦးဆုံး မုန်တိုင်းတစ်ခု ဘာမှ မသိသေး

ဘဲ ရင်ဆိုင်လိုက်ရတာ။

'ထမင်းစားလေ၊ ကျူရှင်သွားတော့'

'မေမေ ... စုံ့ကို ပြောပြပါ၊ မေမေ ဘာလို့ ငိုတာလဲ'

'မသိချင်ပါနဲ့ သမီးရယ်၊ အရေးကြီးတာ သမီးလေး

ဓာကြိုးစားဖို့၊ စာမေးပွဲအောင်ဖို့ ဒီနှစ်က အရေးကြီးတယ်၊ အဲဒါ

လည်း ခေါင်းထဲ ထည့်ထား'

မေမေက စုံ့ကို ထမင်းခူးခတ်ပေးသည်။

ခါတိုင်းလို စုံ့ ရင်ထဲမှာ မရွှင်ပျ၊ ဝမ်းနည်းအားငယ်

သွားမိသည်။

မေမေ ငိုတာ မြင်ရတာ စံစိတ်မကောင်း။

စံလည်း ငိုချင်သည်။

ရင်ထဲမှာလည်း ဘယ်လို ဝေဒနာကြီးမှန်း မသိ။

မမညာဏ် ဘယ်ရောက်နေပါလိမ့်။

စံ ဖျက်ကနဲ သတိရ လိုက်၏။

မမညာဏ်ဆို သိချင်သိမှာ။ မမညာဏ်က အကြီး။

ပြီးတော့ တက္ကသိုလ်ကျောင်းသူ စံနှင့်မတူ။

စံ့ကိုဆို မေမေတို့က ကလေးပဲ ထင်ကြတာ။

စံက ထမင်းကို မြန်မြန်စားပြီး လစ်ထွက်လာ၏။

အပေါ်ထပ်မှာ မမညာဏ်ကို လိုက်ရှာသည် လုံးဝ မတွေ့။

လှေခါးကနေ ဆင်းလာပြီး ကားဂိုဒေါက်ဘက် လျှောက်

လာခဲ့သည်။

ညာဏ်ဝင်းစာပေ

ကားနှစ်စီးကလွဲပြီး ဘယ်သူမှမရှိ။ မဉာဏ် ဘယ်ရောက်နေလဲ။ ခြံနောက်ဘက်က ဒန်းကလေးစီ သွားကြည့်သည်။

ရေကန်ဘေးက ခုံကလေးတွေစီ လှမ်းကြည့်သည်။ အပြင်သွားနေသလား မသိပါ။

စံ့အတွေးထဲမှာတော့ ဆုံးဖြတ်ပြီးသားပါ။

သည်နေ့ ကျူရှင် မတတ်တော့ပါ။

မေမေငိုနေသော အကြောင်းအရင်းကို စံ သိလိုလှသည်။

ဒန်းအဖြူကလေးမှာ ထိုင်ချပြီး စံ ငေးနေမိ၏။

'စံ'

'ဟင် မဉာဏ်'

မမညာဏ်က နောက်ကနေ ရောက်လာသည်။

'ကျူရှင်သွားရမယ် မဟုတ်လား'

'အင်း'

'လာလေ၊ လိုက်ပို့ပေးမယ်'

'မတတ်တော့ဘူးဒီနေ့'

'ဘာလို့'

မမညာဏ်က စုံဘေးမှာ လာထိုင်ပြီး သေချာကြည့်သည်။ စူးစူးစမ်းစမ်းကလေး။

'မမညာဏ်'

'ပြော'

'မေမေ ဘာဖြစ်လို့လဲဟင်'

'မေမေ'

'ဟုတ်တယ်၊ မေမေ ခုနက ငိုနေတယ်'

စုံစကားကြောင့် မမဉာဏ် မျက်နှာကလေး အရမ်းပျက်သွား၏။

အံ့ဩသွားတာလည်း ပေါ်လွင်သည်။

'စံတွေ့လို့လား'

'တွေ့တယ်'

'မေမေကလည်း မငိုပါနဲ့ဆို မရဘူး'

'ဘာလို့လဲဟင်'

'စံ မသိပါဘူး'

'စံကို ပြောပြပါ'

'အင်းလေ စံလည်း ကလေးလေးမှ မဟုတ်ဘဲ'

မမ 'ခင်မင်ဉာဏ်'က စုံပုခုံးကလေးကို ဖက်လိုက်၏။

'ဖေဖေနဲ့ မေမေ ကွာရှင်းတော့မယ်'

စံ မျက်လုံးကလေး ပြူးသွား၏။

စံ သိထားတာက ဖေဖေ ခရီးထွက်နေသည်။

စံကို ညာနေကြတာလား။

ဖေဖေက အိမ်မပြန်တော့တာလဲ။

'ဟင့်အင်း စံ ဖေဖေနဲ့ မခွဲနိုင်ဘူး'

'ဘာ ... နင်က ဖေဖေနဲ့ လိုက်သွားမလို့'

ခင်မင်ညာဏ်က 'ပျော်ရွှင်စံ' ၏ စကားကို တုန်လှုပ်သွား၏။ စံ့ကို ကမန်းကတန်း မေးသည်။

'ဘယ်ကို လိုက်သွားရမှာလဲ'

'ဖေဖေနဲ့ မခွဲနိုင်ရင် မိထွေးနဲ့ နေရမှာပဲ၊ နင်သိရဲ့လား နားလည်ရဲ့လား'

'မိထွေး'

စံ မပွင့်တပွင့် ရေရွတ်ကြည့်သည်။

ဖေဖေက နောက် မိန်းမ ယူလိုက်ပြီလား၊ ဘယ်တုန်း

ကလည်း စံကို ဘာလို့ မပြောတာလဲ။

စံက ဖေဖေ့ကို သိပ်ချစ်တာ၊ ဖေဖေကလည်း စံ့ကို

ချစ်ပါသည်။

ဖေဖေ့မှာ မိန်းမတစ်ယောက် ဘယ်တုန်းကရှိသွား

တာလဲ။

မမညာဏ်ပြောတာ စံ မယုံချင်၊ လက်မခံချင်။

ဟုတ်မှ ဟုတ်ပါ့မလား။

စံ့ရင်ထဲမှာ သံသယ ရှိလာ၏။

ဖေဖေ့မှာ မေမေရှိတာ မမညာဏ်နဲ့စံနဲ့ သမီးနှစ်ယောက်

ရှိတာကို ဟိုမိန်းမက မသိဘူးလား။

'စံ နင် မအူမလည် လုပ်မနေနဲ့၊ ဟိုမိန်းမက အလည်မ၊ အစွာမ၊ ဖေဖေ့ကို အပိုင်စီးသွားတာ၊ နင် 'အ'မနေနဲ့၊ ဖေဖေနဲ့ လုံးဝ မလိုက်သွားနဲ့နော်၊ မေမေကလည်း ထည့်မှာ မဟုတ်ဘူး'

'ငံက ဘာလို့ လိုက်သွားရမှာလဲ'

ဖေဖေ့ကို စံရအောင် ပြန်ခေါ်မည်။

မေမေ မငိုစေရ။

မေမေ စိတ်ဆင်းရဲအောင် မလုပ်ဖို့ ဖေဖေ့ကို စံ တောင်းပန်မည်။

ဖေဖေက ရက်စက်တတ်သူ မဟုတ်။

ပြီးတော့ စုံဆန္ဒ ဆို ဖေဖေက အမြဲလိုက်လျောတတ်သူပါ။

စံ ယုံကြည်သည်။

ဖေဖေ့ကို စံပြောပေးမည်ဆိုတာ မေမေ့ကို ပြောပြရပါမည်။ စံတို့ကို ဖေဖေက ပစ်ခွာသွားနိုင်မှာ မဟုတ်ပါ။

စံနှင့် ဖေဖေက တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတာ။

ဖေဖေ ခရီးသွားနေတယ်ပဲ စံက ယုံထားခဲ့တာ၊ အဲဒီလိုမှန်းသိရင် စံ ဘယ်နေမလဲ။

'မေမေ့ကို သွားပြောမယ်'

'ဘာသွားပြောမှာလဲ'

ခင်မင်ညဏ်က သိချင်စွာ မေး၏။

'ဖေဖေ့ကို စံ ပြန်ခေါ်ပေးမယ်၊ မေမေ ငိုစရာ မလိုဘူးလို့ပေါ့'

ဉာဏ်က ဖွဖွလေး ပြုံးသည်။

'အရှုံးမလေး၊ ဖေဖေက ပြန်လာလို့ မရတော့ဘူး'

'ဘာဖြစ်လို့လဲ'

'ဟိုမိန်းမနဲ့ ယူလိုက်ပြီပဲ'

'မေမေက ဘာလို့ သဘောတူလိုက်တာလဲ'

'မေမေ သဘောမတူလည်း သူတို့က ယူမှာပဲ'

ပျော်ရွှင်စံက မျက်နှာကလေး မဲ့လာ၏။

'ဖေဖေနဲ့ တွေ့ချင်တယ်'

'လာမှာပါ၊ မပူပါနဲ့၊ ငါကတော့ ငါတို့ကို ပစ်သွားတဲ့ အဖေ မချစ်တော့ဘူး၊ မေမေနဲ့ပဲ နေမယ်၊ မေမေက သနားစရာ ကောင်းတယ်'

စံက ပင့်သက်ကလေးရှိုက်၏။

မမဉာဏ်၏ စကားများက စံ့ကို မောပန်းစေသည်။

ဖေဖေက အဲဒီလိုမျိုး မဟုတ်လောက်ပါဘူး။

စံ လုံး၀ လက်မခံ၊ ဘယ်လိုမှ မယုံချင်။

'ဖေဖေ့ကို စံ ပြန်ခေါ်မယ်'

'ရပါလိမ့်မယ် အားကြီးကြီး'

ခင်မင်ဉာဏ်က မဖြစ်နိုင်တာ ပြောသလို ရယ်နေ၏။

ဖေဖေရယ် ... မေမေ့ကို ပစ်မသွားပါနဲ့။

မမဉာဏ်နဲ့ စံ့ကို ခွဲမသွားပါနဲ့။

စံတို့ကို မထားနဲ့ခဲ့ပါနဲ့နော်။

ဖေဖေ့ကို စံ အရမ်းတွေ့ချင်လာသည်။

'ဖေဖေ ဘယ်မှာ နေလဲဟင်၊ မမဉာဏ်သိလား'

'သိသားပဲ'

'စံ့ကို လိုက်ပို့ပါ'

'မေမေ ဆူမှာပေါ့'

'မေမေ မသိအောင် တိတ်တိတ်ကလေး လိုက်ပို့ပေးပါ။ စံ ဖေဖေနဲ့ တွေ့ချင်တယ်'

'စံ ... နင် မယုံဖူးလား'

'မြင်ပြီးမှ ယုံမယ်'

ဉာဏ်က ခေါင်းညိတ်သည်။

'ပြီးရော ငါ လိုက်ပို့မယ်'

စံ ဝမ်းသာသွား၏။

ဖေဖေ့ကို စံ ပြောရင် ရမှာပါ။ ရင်ထဲမှာ ယုံကြည်နေမိသည်။

'မေမေ့ကို ကျူရှင်သွားမယ်လို့ ပြောလိုက်၊ မေမေ

မသိစေနဲ့ ကြားရဲ့လား၊ မေမေသိရင် ငါ အဆူခံရမှာ'

'အင်း'

ပျော်ရွှင်စံက မေမေ့ကို 'ကျူရှင်သွားမလို့' ဟု သွားပြော ပြီး ကျောပိုးအိတ် ကောက်ယူ ထွက်ခဲ့၏။

စံ့ရဲ့ အတွေးနုနု နှလုံးသားနုနုမှာ လောက၏ ရှုတ်ထွေး နက်ရှုင်းခြင်းတွေ မရှိသေးပါ။

မသိသေးပါ။

ရိုက်ခတ်လာသော မုန် တိုင်းက အရှိန်ပြင်းသည်။ လှိုင်း တံပိုး၏ ဒဏ်ကို စံ ခံနိုင်မှာ မဟုတ်။

မေမေနှင့် မမညာဏ်က စံ့ကို မသိစေချင်။

စံကလေး စိတ်မကောင်းဖြစ်မှာစိုးလို့ပါ။

ပြီးတော့ စံက ဖေဖေ့ကို အရမ်းချစ်သည်။ ဖေဖေ့

အတွက် ဂုဏ်ယူဝံ့ကြွားတတ်သူ။

ဖေဖေ့ကို လေးစားအထင်ကြီးတတ်သူ။ ဘာပဲဖြစ်ဖြစ် စံကလေး စိတ်မှာ ဒဏ်ရာရမှာစိုးလို့ မေမေနှင့် မညာဏ်က ဖုံးဖိထားရတာပါ။ ညာဏ်ကတော့ အစ်မကြီးပီပီ မေမေနှင့် ဝေမျှ ခံစားနိုင်အောင် ကြိုးစားထားရသည်။

စံ့ကိုတော့ သိပ်ငယ်သေးတာမို့ မသိစေချင်။

သည်လို ခံစားမှုမျိုးကို ညာဏ် ခါးသီးလှသည်။ မိသားစု ပြိုကွဲမှုကို စံကလေး မခံစားနိုင်မှာ စိတ်ပူမိ၏။

နောက်တော့ သိမှာပဲလေ ဟု သဘောထားကာ ညာဏ် က စံ့ဆန္ဒကို ဖြည့်ပေးလိုက်တာပါ။

ဖေဖေကလည်း စံ့ ဆီ လာဦးမှာပါ။

စံကိုတော့ ဖေဖေက ခေါ်ထားချင်ပုံရသည်။ ညာဏ်

ကတော့ မေမေ့ဘက်က နာသည်။

ဖေဖေကို မကျေမနပ်ဖြစ်နေမိသည်။

ဖေဖေကြောင့် မေမေ ရင်ကွဲ နာကျရပြီ။ ဉာဏ်နှင့်စံ

လည်း မိတကွဲဖတကွဲ ဖြစ်ရပြီး စံလည်း သည်ဝေဒနာဆိုးကြီးကို

ခံစားရတော့မည်။

မေမေနှင့်ဉာဏ်က ဘယ်လောက်ပဲ ဖုံးဖိထား ဖုံးဖိထား

တစ်ရက်ရက် စံ သိသွားမှာပဲ။

'စံ'

'ဟင်'

'အခုချိန်ကစပြီး စံလူကြီး ဆန်ရမယ်နော်'

ဉာဏ့်စကားကို စံ နားမလည်။

ဘယ်လို လူကြီးဆန်ရမှာလဲ။

'ဘာပဲဖြစ်ဖြစ် စံ လိမ္မာယဉ်ကျေးရမယ်'

ခင်မင်ဉာဏ်က သတိပေးစကားဆို၏။

'ဖေဖေနဲ့မေမေ ကွဲသွားတာက သပ်သပ်၊ စံ့ စာမေးပွဲကို အကောင်းဆုံးအောင်မြင်အောင် ဖြေရမှာက သပ်သပ်'

'မဉာဏ် .. ပါးစပ်ပုပ်ကြီးနဲ့ မပြောပါနဲ့၊ မကွဲပါဘူး၊ စံ့ ဖေဖေ့ကို မခွဲနိုင်ဘူး'

ပျော်ရွှင်စံက မျက်ရည်ဝဲတက်လာရင်း ဇွတ်အော်ပစ်သည်။

'စံ ... နင် ဘာဖြစ်နေတာလဲ၊ မေမေက ဖေဖေ့ကို ပြန်လက်ခံမှာ မဟုတ်တော့ဘူးဟဲ့၊ နားလည်လား၊ ဖေဖေ့မှာ ဟိုမိန်းမ ရှိနေပြီဟာ'

'အဲဒါတွေ မသိဘူး'

ပျော်ရွှင်စံက ဉာဏ်မောင်းသော ကားပေါ် ပါလာရင်း

…က်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျသည်။

အိမ်မှာ ဖေဖေကလည်း ကားမောင်းသည်။

မေမေကလည်း ကားမောင်းသည်။ မမဉာဏ်ကလည်း …ကားမောင်းသည်။

စံတစ်ယောက်ပဲ မမောင်းသေးတာပါ။

အိမ်မှာ ဒရိုင်ဘာ မထားပါ။

'စံ'

'ဟင်'

'နင် ဖေဖေနဲ့ သွားမနေနဲ့နော်'

'မနေပါဘူး'

'အဲဒီမိန်းမကြီးကို ငါမုန်းတယ် သိလား'

ခင်မင်ဉာဏ်က ရှုံးမဲ့ပြီး ဆို၏။

'ဖေဖေ့ကို စံ ပြန်ခေါ်မယ်'

စံ့အတွက် ဉာဏ်ရင်လေးမိသည်။

စိတ်ထဲမှာလည်း မကောင်း။ ဖြစ်ချင်တာတစ်ခုတည်း ကွတ်ပြောနေသည်။

အခြေအနေအားလုံးကို မသိရှာသေးပါ။

လွန်ကုန်ပြီ စံရယ် ...

ဟိုတုန်းကလို ဘဝမျိုး ဉာဏ်တို့ ပြန်မရနိုင်တော့ဘူး။ စံ ဖေဖေနဲ့တွေ့ရင် သိမှာပါ။

✿

စံ ရှိုက်ကြီးတင်င် ငိုပေမယ့် ဘာမှထူးမလာ။

ဖေဖေက အားလုံးပြီးခဲ့ပြီဟု စံ့ကို နှစ်သိမ့်သည်။ မမဉာဏ်က အပေါ်တက် မလာ။ ကားထဲ နေရစ်ခဲ့၏။

'သမီး ဖေဖေနဲ့ လာနေမလား'

စံ ခေါင်းရမ်းသည်။ ဖေဖေ့ မိန်းမအသစ်ကို စံ အရမ်း မုန်းသည်။

အမြင်ကပ်သည်။ မျက်လုံးစိမ်းနှင့် အေးစက်စွာ စိုက်ကြည့်မိသည်။

အေးချမ်းသာယာသော စံတို့ မိသားစုဘဝကို ဖျက်စီးပစ်လိုက်သူ။ ဖေဖေက စံ့ကို ချော့မော့နှစ်သိမ့်သည်။

စံ့ စကား တွေကို ဖေဖေ ဂရုမစိုက်တော့ပါ။

'သမီးလေးက လှလိုက်တာ၊ အန်တီတို့နဲ့ လာနေပါ

လား။ အန်တီက ကလေးမှ မရှိတာ၊ ခေါ်ထားရအောင်နော်မောင်' တဲ့။ သူ့အသံကြီးကအရှက်မရှိ။

စံ ထိုမိန်းမကြီးကို အရမ်းမုန်းသည်။

သူတို့နဲ့ နေဖို့ဆိုတာ သည်တစ်သက် မဖြစ်နိုင်ပါ။

စံက ဖေဖေ့ကို အေးစက်စွာ ကြည့် ပြီး ထပြန်သည်။

'စံ'

ဖေဖေက စံနောက် လိုက်လာသည်။ လှေခါးတစ်ဝက်မှာ စံနှင့်အတူ ရပ်မိသည်။

'ဖေဖေ သိပ်ရက်စက်တယ်၊ မေမေ ငိုနေတယ် ဖေဖေရဲ့။ မေမေ့ကို စံတို့ ဘယ်လို ချော့ရမလဲ။ မေမေ့ကို သနားပါဦး ဖေဖေ။ ပြီးတော့ ပတ်ဝန်းကျင်မှာ စံတို့ မျက်နှာငယ်ရတော့မယ်၊ သူများတွေမေးရင် စံ ဘယ်လို ဖြေရမလဲ။ နင့်အဖေရော၊ နင့်

အဖေနဲ့နင့် အမေ ကွဲသွားပြီးလားလို့ သူငယ်ချင်းတွေမေးရင် စံ ဘယ်လို ဖြေရ မလဲ။ စံတို့ အရင်လိုပဲ ပြန်နေကြရအောင်၊ ဖေဖေ စံနဲ့ ပြန်လိုက်ခဲ့ပါ'

'မဖြစ်လို့ပါ သမီးရယ်'

ပျော်ရွှင်စံ ဖေဖေ့ကို စိတ်နာမိသည်။

'ဖေဖေ အဲဒီ မိန်းမကို မေမေထက် ပိုမက်မောနေတာလား၊ သမီးတို့ ညီအစ်မထက် ပိုသံယောဇဉ် ရှိနေတာလား၊ သမီးတို့ သားအမိ သုံးယောက်ကို ဖေဖေ မချစ်တော့ဘူးလား၊ မလိုချင် တော့ဘူးလားဟင်'

စံ့ရင်ထဲမှာ အရမ်း နာကျင်မိသည်။

တစ်ခါမှ ခုလောက် စိတ်ထိခိုက်တာမျိုး မရှိခဲ့ပါ။

ရက်စက်လိုက်တာ ဖေဖေ။

ဖေဖေ သည်လောက် သွေးအေးလိမ့်မယ်လို့ စံ မထင်ခဲ့ဘူး စံ့ကို သိပ်ချစ်တဲ့ စံ့ ဖေဖေ ဘယ်ရောက်သွားပြီလဲ။

ဘာလို့ သည်လို ပြောင်းလဲသွားရတာလဲ၊ စံ မယုံဘူး၊ စံက ငယ်သေးပေမယ့် ဖေဖေ့ တန်ဖိုးကိုသိတဲ့ သမီးပါ၊

မိသားစု ဘဝကို နားလည်တဲ့သမီးပါ။

ဖေဖေနဲ့ မေမေ ကွာရှင်းတော့မယ်ဆိုရင် အိပ်မက်ဆိုးချောက်ကမ်းပါးထဲ စံနဲ့ ဉာဏ်နှစ်ယောက်စလုံး ပြုတ်ကျတော့မယ်ဆိုတာ စံ မသိဘဲ နေမလား။

'ဖေဖေ့ကို နားလည်ပါသမီးရယ်'

'စံ နားမလည်ဘူး'

ဒီလို အခြေအနေအထိ ဖြစ်ရတာ သမီး နှမမေ့ကြောင့်ပါ၊ ဖေဖေ ဘယ်လိုပဲ ဆင်ခြင်ပေးပေး အမှန်တရားက ထင်ရှား

နေတာပဲ မဟုတ်လား'

မေမေက ဖေဖေ့အပေါ် သစ္စာဖောက်တာ မဟုတ်။ အခုထက်ထိ မေမေက တစ်ယောက်တည်း။

စံနှင့်ဉာဏ်တို့ အတွက် အရင်အတိုင်း လိုအပ်သမျှ ဖြည့်ဆည်းပေးနေတုန်းပါ။

ဖေဖေ့ စကားကို စံ ဘယ်လိုမှ မယုံ။

မှားတာက ဖေဖေပါ။ မေမေ မဟုတ်။

စံ မေမေ့ဘက်မှာပဲ ရပ်တည်မည်။ စံ့ကို မချစ်သော ဖေဖေ့ကို စံလည်း မေ့နိုင်အောင် ကြိုးစားမည်။

'သမီး ... စံ'

'တော်ပါတော့ ဖေဖေ၊ စံ ပြန်တော့မယ်၊ မမဉာဏ်က စံ့ကို ဘာလို့ မလာဖို့ တားသလဲ စံ သိသွားပြီ'

'သမီးကြီးဉာဏ် အထင်လွဲနေတာပါ'

'ဖေဖေ … စံ မယုံဘူး၊ မယုံချင်ဘူး၊ ဒါပေမယ့် စံ ယုံရ တော့မယ်၊ စံ ဖေဖေ့ကို မုန်းတယ်'

ပျော့်ရွှင်စံက လှေခါးကို တဟုန်ထိုး ပြေးဆင်းလာခဲ့၏။ လုံးဝ ပျော်လင့်ထားသော အနေအထား။

ဖေဖေက စံတို့ကို ခွဲသွားခဲ့ပြီ။

ချန်ရစ်ထားခဲ့ပြီ။

စံတို့ ရှေ့ကနေ မားမားရပ်ပေးမယ့် ဖေဖေ မရှိတော့။ စံ မျက်ရည်တွေ ဒလဟော ကျလာမိသည်။

✿ ✿ ✿ ✿

ဉာဏ်ဝင်းစာပေ

## ဒဏ်ရာ (နှစ်)

ဝုန်းဒိုင်းကြဲအောင် ဆူညံနေသော အသံများကြောင့် ပျော်ရွှင်စံ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ ဖျတ်ခနဲ လန့်နိုး သွားရသည်။

ဘာတွေ ဖြစ်ကုန်တာလဲ။

ဘာကြောင့် သည်လောက် ဆူညံနေရတာလဲ။ ငေါက်ကနဲ ထထိုင်ပြီး အခန်းအပြင်ကို နားစွင့် မိသည်။

မေမေ့အသံကို ပထမဦးဆုံး သတိထားမိ၏။

'မင်း … ငါ့သမီးကို ထိစရာ မလိုဘူး၊ မှားနေတာက မင်း၊ မင်း ဆင်းသွား၊ ငါ့မြေးကို ထားခဲ့'

'ကျွန်တော်တို့ လင်မယားကြား ဝင်မပါနဲ့'

'ပါရမယ်၊ ငါ့သမီး စိတ်ဆင်းရဲနေတာကို ငါမကြည့်ရက်ဖူးဟဲ့၊ မင်းလုပ်ပုံက အမိပွါယ် မရှိဘူး'

'ရှင့်ကို မမြင်ချင်ဘူး၊ ရှင် ထွက်သွား'

မမခင်မင်ဉာဏ်အော်သံက ငိုသံပါ စွက်နေသည်။

'ထွက်သွား ပြီးရင် ငါ ပြန်လာမှာ မဟုတ်ဘူး'

'မလာနဲ့ မလာလေ ကောင်းလေပဲ'

'အေး … ရပိုင်ခွင့်တော့ တောင်းရမယ်'

'ဘာ မင်းက ဘာစကားပြောတာလဲ၊ မင်းမှာ ဘာရ

ပိုင်ခွင့်ရှိလို့လဲ၊ ကလေးစရိတ်တောင် မင်းက ပေးရဦးမှာ။ နား
လည် ရဲ့လား'

'ကျွန်တော့်ကလေး ကျွန်တော် ကျွေးနိုင်တယ်'

'ငါ့မြေးကို မင်း မခေါ်ရဘူး'

'ခေါ်ရဲခေါ်ကြည့်ပါလား၊ ရှင်လို သစ္စာမရှိတဲ့ လူနဲ့
ထည့်ဘူး၊ ရှင်နဲ့ ကျွန်မ ဒီတစ်သက် ပြတ်ပြီ၊ သည်းမခံနိုင်
တော့ဘူး၊ မယားငယ်ထားတဲ့ ယောကျ်ားကို အံကြိတ်သည်းခံ
ပေါင်းမယ့် မိန်းမ မဟုတ်ဘူး၊ နားလည်လား၊ ရှင့်ကို ဒီတစ်သက်
မြင်ချင်တော့ဘူး'

'မင်းသဘောပဲ၊ တစ်နေ့လာလည်း ပူညံပူညံ၊ နောက်
တစ်နေ့လာလည်း ပူညံပူညံ၊ မင်းတို့ အမျိုးက အဲဒါကြောင့်
တစ်ခုလပ်တွေများတာ၊ မင်းလည်း မင်းအမေလိုပဲ၊ ဘယ်

ယောက်ျားက သည်းခံ ပေါင်းနိုင်မလဲ'

'ဘာ ရှင်ဘာပြောတယ်၊ စော်ကားလှချည်လား၊ ကဲ ဟယ် အမေ့ကို စော်ကားဦး'

'ဖြန်း'

'ဟဲ့ ... သမီး'

မေမေက ဝင်ဟန့်တားသည်။

'မင်းကွ ငါ ရိုက်လိုက်ရ'

'ဟဲ့ .. ငါ့သမီး မင်း မထိနဲ့'

အခန်းပြင်က အခြေအနေကြောင့် စံ ကပျာကယာ ပြေး ထွက်လာခဲ့မိတော့သည်။

'မေမေ .. မမ ... ကိုသက်ထွေး ဘယ်လိုဖြစ်တာလဲ၊ တော်ကြပါတော့။ ကလေးနိုးသွားပါ့မယ်၊ ယုယဟန်လေးက

နဲ့ကောင်းတာ မဟုတ်ဘူး'

စံက ဝင်တားသည်။ သတိပေးလိုက်သည်။

'မင်းကို ငါတစ်ခုပဲ မှာမယ်၊ ငါ့သမီးကို မင်းလို တစ်ခုလပ် မဖြစ်စေနဲ့ ငါ့သမီးကို မင်းအမေရဲ့

'ရှင် သိပ်မိုက်ရိုင်းပါလား၊ ကိုသက်ထွေး'

စံက အော်မိသည်။ မေမေ့ကို စော်ကားလာတော့ အသား တွေ တဆတ်ဆတ်တုန်သည်။

'ဒီမှာ လင်မယားကွဲလို့ တစ်ခုလပ်ဖြစ်တာ ဆန်းသလား၊ ယောကျ်ားမကောင်းတာကို ခေါင်းငုံ့သည်းခံ မပေါင်းနိုင်လို့သာ တစ်ခုလပ်အဖြစ် ခံတာပေါ့၊ ရှင်ကောင်းရင် ကျွန်မ အစ်မ တစ်ခုလပ်ဖြစ် စရာမလိုဘူး၊ ပြဿနာက ရှင့်ကြောင့် ရှင်မကောင်းလို့ပေါ့'

'မင်းလည်း မင်းအမေလို မင်းအစ်မလို မဖြစ်စေနဲ့ သတိထား'

'မင်း သိပ် တရားလွန်နေပြီ၊ အခုချက်ချင်း ငါ့အိမ်က ဆင်း၊ မင်းကို မြင်နေရတာ အသက်တိုလိမ့်မယ်'

ကိုသက်ထွေးက သားရေသေတ္တာဆွဲထုတ်ပြီး သူ့ပစ္စည်းတွေ သိမ်းဆည်းသည်။

စံက ငြိမ်ငြိမ်သက်သက် ရပ်ကာ ကြည့်နေမိ၏။

မမဉာဏ်က သည်ကိစ္စကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားပြီးပုံပါ။

နားမဆန့်အောင် ကြားနေရသော သတင်းအမှန်တွေက မမဉာဏ် ကို ရင့်ကျက်ထုံကျင် သွားစေခဲ့ပြီ။

စံကတော့ ယုယဟန်ကလေးကို သနားမိသည်။

သူကလေး ဘာမှ မသိခင်ကတည်းက ဖခင်မေတ္တာငတ်
တော့မည်။

မျက်နှာငယ်ရတော့မည်။

'ကိုသက်ထွေး'

မမညာဏ်က`တစ်ဖက်လှည့်နေပေမယ့် စံက ယုယဟန်
ကလေးအတွက်တွေးကာ သွေးမအေးနိုင်။

'ပြန်စဉ်းစားပါဦး၊ ကလေးလည်း နေမကောင်းဘူး'

'စံ သူ့ကို မတားနဲ့၊ ဒီလို လူယုတ်မာကို မမညာဏ်
စိတ်ကုန်သွားပြီ၊ ဆက်မပေါင်းနိုင်တော့ဘူး၊'

'မမညာဏ် ယုယကလေးကို ထည့်တွေးပါဦး'

ကြားထဲကနေ စံ ဝမ်းနည်းမိသည်။ ,

သည်လိုတွေ မဖြစ်သင့်ပါဘူး၊ ယုယကလေးအတွက်

နည်းနည်းသည်းခံ မပေးနိုင်ဖူးလား၊ မေမေက စံ့ကို လက်ဆွဲခေါ်သည်။

'လာ'

ညှော်ခန်းထဲ ရောက်တော့ စံ မေမေ့ကို တောင်းပန်မိ၏။

'မေမေရယ် ကိုသက်ထွေးကို နှင်မချပါနဲ့၊ ယုယကလေးအတွက် စဉ်းစားပေးပါ၊ ကလေးလေး မျက်နှာငယ်မှာပေါ့၊ အားငယ်သွားမှာပေါ့'

'ဒီလို အဖေမျိုးနဲ့နေမှ ပိုစိတ်ဆင်းရဲရမှာ'

'မေမေရယ်'

ပျော့ရွှင်စံက မျက်နှာကလေးပျက်ပြီး ဆိုဖာမှာ ထိုင်ချသည်။

'မေမေက နှင်ချတာ မဟုတ်ပါဘူး၊ သမီးမမ စိတ်ဆင်း

ရဲ့နေတာ မကြည့်ရက်လို့ပါ၊ နေ့တိုင်း စကားများရန်ဖြစ်နေမှ တော့ အိမ်ထောင်ရေး သာယာမှုဆိုတာ ဘယ်မှာရှိမှာလဲ သမီးရယ်၊ မတည့်မှတော့ ခွဲခွာနေကြတာ ပိုကောင်းပါတယ်'

စံ ပင့်သက်ရှိုက်သည်။

'သူ့မှာက တစ်ဖက်က သံယောဇဉ် ခိုင်နေပြီ'

'သေချာလို့လား မေမေ'

'မသေချာရင် ဒီလို အခြေအနေတောင် မရောက်ဖူး'

ဘာပြောရမလဲ။

ဘာလုပ်ပေးရမလဲ။

ဘာမှ မတတ်နိုင်။

သူတို့က ပြတ်ပြတ်သားသား ဆုံးဖြတ် ပြီးပြီ။

မဉာဏ်ရယ် ... ဖြစ်မှ ဖြစ်ရလေ။

စံ ဂရုဏာသက်စွာ ရင်ထဲ ဆို့နစ်လာ၏။

မမညာဏ်တို့ကို စံက မကွဲစေချင်ပါ။

ပတ်ဝန်းကျင်က မေးငေါ့အတင်းပြောတော့မှာ။

မေမေနှင့် မမက ခံနိုင်ရည်ရှိပေ မယ့် စံက ခံနိုင်ရည်မရှိ။

'စံကတော့ မကွဲစေချင်တာ အမှန်ပဲ မေမေရယ်'

ညည်းညည်းကလေး ပြောမိသည်။

✿ ✿ ✿ ✿

## ဒဏ်ရာ (သုံး)

ညိုမြ ဖုန်းဆက်လာသောအခါ စံ အံ့သြမိသည်။

'ဘာလို့လဲဟင်၊ ဘာလို့ အစီအစဉ် ပြောင်းသွားရတာလဲ' ဟု မယုံနိုင်စွာ မေးမိသည်။

မင်္ဂလာဆောင်မည့် သတို့သမီးက စံ့ သူငယ်ချင်းအရင်းကြီးပါ။ သတို့သမီးက လိုလားစွာ ပန်းကြဲပေးဖို့ တောင်းဆိုလာတာ။ ပြီးတော့ ဝတ်စုံတွေ ဘာတွေတောင် ချုပ်ပြီးမှ ...

'စံ'

'ဟင်'

'နင် စိတ်မကောင်းမဖြစ်ပါနဲ့၊ နှစ်ဖက်လူကြီးမိဘတွေက အယူသည်းတယ်ပဲ ပြောရမလား'

'ဘာကိုလဲဟင်'

စံ လုံးဝ နားမလည်သေးတာပါ။

စုံ အင်မတန် အ,တီး အ,တ နိုင်လွန်းလှပါလား။

အကြောင်းရင်းကို ညီမို တဲ့ထိုးမပြောပြဘဲ နားမလည်နိုင်ပါ။

'စံက မိစုံဖစုံနဲ့ မဟုတ်ဖူးလေ'

'ဘယ်လို'

'သူတို့က အယူရှိတယ်၊ မိဘနှစ်ပါးနဲ့ ပြည့်ပြည့်စုံစုံ နေရတဲ့ သူ့ကိုပဲ မင်္ဂလာပန်းကြဲပေးစေချင်တယ်'

ပျော်ရွှင်စံက စကားပင် ပြန်မပြောနိုင်လောက်အောင် တိတ်ဆိတ်သွား၏။

ဩော် ... သည်လိုလား၊ အဲဒါကြောင့်လား။

ဖေဖေနဲ့ မေမေ ကွဲနေတာကြောင့်တဲ့လား။

ဟုတ်မှာပါ။

သူတို့က မင်္ဂလာချိန်မဟုတ်လား။

စံက မျက်လွှာချမိပါသည်။

ရင်ထဲမှာ မကောင်း။

အလွန်တရာ ကြေကွဲသွားမိသည်။

ခုတလော ကြေကွဲစရာတွေက ဆက်တိုက်ဝင်နေ၏။

'သူက စံ့ကို ပြောရမှာ အားနာနေတယ်'

'ရပါတယ်ဟာ'

သူငယ်ချင်း သတို့သမီးလေးကို စံ အပြစ်မမြင်ချင်။

ကိုယ့် ဘဝကိုပဲ အပြစ်မြင်သည်။ ခါးသီးသည်။

စံ ဘယ်လို ဖြေရမလဲ။

စံကို ရင့်ကျက်မှု ခံနိုင်ရည်သာ ပေးသနားလှည့်ပါ။

'နင် မင်္ဂလာပွဲကို စိတ်ဆိုးပြီး မလာဘဲ နေမှာလားဟင်'

ဟု ညိုမိက စိတ်ပူစွာ မေး၏။

'ညိုမိရယ်၊ စန္ဒကူးရယ်၊ စံရယ် သူငယ်ချင်း သုံးယောက်

တည်းရှိတာ၊ ငါမလာပဲ နေမလား၊ လာမှာပါ၊ နင် စိတ်သာချ

လိုက်။ ငါ လာဖြစ်အောင် လာမယ်၊ ငါ အဲဒီလောက် သဘော ထား မသေးပါဘူး၊ လူကြီးတွေကမသင့်တော်ဘူးထင်လို့ တား မြစ်တာကို ငါ့ လက်ခံရပါတယ်၊ နင် စိတ်မပူပါနဲ့'

ညိုမြိုက ခုမှ စိတ်အေးသွား၏။

'စုံ' ရင်ထဲမှာတော့ အပူလုံးကြီးတစ်ခု ရွေ့လျားနေပါ သည်။

ဖေဖေနဲ့ မေမေ ကွာရှင်းလိုက်တဲ့ အကျိုးဆက်က တစ် ဘဝလုံး လိုက်နေတော့မှာလား။

မှန်ရှေ့မှာ ရုပ်ကာ စံ မဲ့ပြုံး ပြုံးမိသည်။

ဘာကိုမှန်းမသိ အရာရာကို စိတ်နာသည်။

မှန်ထဲမြင်နေရသော ကိုယ့်ရုပ်လွှာ ကိုပင် စိတ်နာသည်။

ဘာလို့ ဖေဖေနဲ့ မေမေရဲ့ သမီးလာဖြစ်ရတာလဲ။

အသက်ထက်ဆုံး ပေါင်းဖက် လက်တွဲသွားနိုင်မယ့် စုံတွဲတစ်တွဲရဲ့ သမီး တစ်ယောက်ပဲ ဖြစ်ချင်သည်။

ပတ်ဝန်းကျင်နှင့်လူတွေက ဘာရယ်ညာရယ်မသိ။ ဘယ်သူ မှားတယ် မှန်တယ်မသိ။

ကဲ့ရဲ့အတင်းအဖျင်းဆိုပြီး အားနည်းချက်ကို ထိုးနှက်ကြဖို့ပဲ နားလည်ကြတာ။

မမညာဏ်၏ ယောက်ျား ကိုသက်ထွေးက ပက်ပက်စက်စက် ပြောသွားခဲ့သေးသည်။

'မင်းလည်း မင်းအမေလို ခင်းအစ်မလို မဖြစ်စေနဲ့ သတိထား' တဲ့။

ထိုစကားက စုံ ရင်ထဲ စိုက်ဝင်သွားခဲ့သည်။

တချို့ကလည်း အတင်းအဖျင်း ဆိုကုန်ကြပြီ။

သူတို့ သားအမိ ကျိန်စာသင့်နေသတဲ့။

စံကတော့ ထိုစကားတွေကို လစ်လျူရှု ခဲ့ပါသည်။

✿ ✿ ✿ ✿

## ဒဏ်ရာ (လေး)

'စံရယ် မေမေနဲ့ ဉာဏ်နဲ့ လိုက်မှာပေါ့၊ တက်ယူလိုက်ပါ၊ နောက်ထပ် တစ်ဘွဲ့လည်း ယူမှာမှ မဟုတ်ဘဲ'

မေမေက စံ့ကို တိုက်တွန်းသည်။

စံက ခေါင်းရမ်းသည်။

မိစုံဖစုံ ရှိရက်နှင့် စံ့ဘဝက နာကျင်စိတ်ပျက်စရာ ကောင်းသည်။

'စံ သူများတွေလည်း ဖေဖေ ခရီးထွက်နေတာတို့၊ ဘာတို့ ရှိကြတာပဲ၊ အမေနဲ့ လာကြတာပဲ'

စံက ညဏ်ကို တစ်ချက် လှည့်ကြည့်သည်။

'စံ မယူဘူး၊ အဝေးရောက်ဘွဲ့ပဲ ယူမယ်၊ ဘွဲ့နှင်းသဘင် မတက်တော့ဘူး'

'အမှတ်တရ ဓာတ်ပုံလေး ဘာလေး ရိုက်ရမှာပေါ့'

'ဟင့်အင်း နေပါစေတော့'

ပျော့ရှင်စံက ခေါင်းလေးရမ်းသည်။

'တချို့လည်း အကြောင်းကြောင်းကြောင့် မိစုံဖစုံ မလာနိုင်တာတွေ ရှိတာပဲ'

'မညဏ်မသိပါဘူး၊ အခုဟာက ဖေဖေ ခရီးသွားနေတာ မဟုတ်ဘူး။ သေသွားတာလည်း မဟုတ်ဘူး၊ မညဏ်

ဖေဖေ သေသွားခဲ့ရင်တောင် စံ ဒီထက် နည်းနည်းဖြေသာ
ဦးမယ် သိလား'

'စံရယ်'

ခင်မင်ဉာဏ်က စံ ပခုံးလေးကို ထပြီး ဖက်ထားလိုက်
၏။

ဖေဖေ့ကို အင်မတန်ချစ်သောစံမို့ စံရင်ထဲမှာ အစိတ်
စိတ်အမွှာမွှာ ကွဲကြေခံစားရမှာ ဉာဏ်သိပါသည်။

မေမေကတော့ 'စံ' စကားကြောင့် မျက်နှာသွေးဆုပ်
သွား၏။

စံ့ရင်ထဲ အဲဒီလောက်အထိ နာနေမှန်း မသိခဲ့ရိုး
အမှန်ပါ။

'မေမေ ပထမဆုံးအကြိမ် နောင်တရမိပါတယ် စံရယ်၊

မေမေ တောင်းပန်ပါတယ်၊ သမီးအတွက် သမီးဖေဖေ ဒီလောက် အရေးကြီးမှန်းသိခဲ့ရင် မေမေသည်းခံပေါင်းသင်းခဲ့မှာပါ၊ မကွာရှင်း ပေးခဲ့ဘူး'

စံက မေမေ့စကားဆုံးတာနှင့် လှည့်ပြေးထွက်ခဲ့၏။

ဘာမှ မကြားချင်တော့ပါ။ ဘယ်အရာမှ အကောင်းတိုင်း ပြန်မဖြစ်နိုင်။ ကျကွဲသွား ခဲ့ပြီ ဖြစ်သော ပန်းကန်တစ်ချပ်ကို ပြန်ဆက်ဖို့လည်း မလွယ်ကူတော့ပါ။

✿

'ရွှေအောင်' က ခေါင်းတရမ်းရမ်းနှင့် ဆံပင်တွေ သပ်တင်လိုက်၏။

စံက လှမ်းကြည့်ကာ ...

'နင် ဆံပင်ညှပ်ဦးလေ'

ဟု သတိပေးသည်။

ရွှေအောင့် ဆံပင်တွေက သိပ်ရှည်နေပါပြီ။

'စံ နင် ပြန်စဉ်းစားဦး'

'မစဉ်းစားတော့ဘူး'

'နင် တော်တော် အတ္တကြီးပါလား၊ နင့်အတွက်ပဲ နင်
ဉ်းစားတယ်၊ ငါတို့ တစ်ဖွဲ့လုံး နင်မပါရင် စိတ်ကောင်းမှာ
ဟုတ်ဘူး၊ အဲ့ဒါ နင်သိရဲ့လား'

ရွှေအောင်က မာဆတ်စွာ ဆို၏။

'ဆောရီးပဲဟာ၊ ငါ တကယ် မတတ်သာလို့ပါ'

'အဓိပ္ပါယ်မရှိဘူးဟာ'

သူပြောချင်သလိုသာ ပြောပေတော့။

စံတစ်ယောက် ဘွဲ့နှင်းသဘင် မတတ်လို့ ဘာမှ မဖြစ်ပါ။

စန္ဒကူးရယ်၊ ညိုမြိုရယ် ရှိတာပဲ မဟုတ်လား။

'ငါက ကင်မရာယူလာပြီး သေချာ မှတ်တမ်းတင်ထား မလို့ ဟ၊ အခုတော့ သွားပြီ'

'ငါ ကြည့်ရတာပေါ့ဟဲ့ ကောင်းသားပဲ'

'တော်ပါကွာ၊ နင်က အမြဲ ကန့်လန့်ပဲ'

ရွှေအောင်က လုံးဝ မကျေနပ်။

မျက်နှာကြီး ပုတ်သိုးကာနေ၏။

စံက နားလည်ရခက်သည်။

တစ်လျှောက် ကြိုးစားခဲ့သမျှ ပန်းတိုင်ရောက်တော့ ပျော်ရွှင်ခွင့်မရ။

စံ့သဘောထား တွေက ဘယ်လိုလဲ။

'နင့် အဖေနဲ့ နင့်အမေ ကွဲတာ အခု လောလောလတ်

လတ်လည်း မဟုတ်ဘူး၊ နင် အရှုံးအမှုံးခံစားနေရအောင်'

ရွှေအောင့်စကားကိုစံ ဖွဖွ ပြုံးမိသည်။

ဘေးလူတစ် ယောက်က ဘယ်လို နားလည်မှာလဲ။

'စံ ... နင် အထူးအဆန်းပဲ၊ စိတ်ညစ်စရာ ကိစ္စတစ်ခုကို

ရင်ထဲမှာ အမြဲ ပူနွေးလတ်ဆတ်နေအောင် နွေးထားတယ်၊

တော် တော်ဆိုးတဲ့အကျင့်ပဲ'

ရွှေအောင်က ထိထိမိမိ ဝေဖန်လာ၏။

စံ တုန့်ပြန်စကား မဆို။

သူတို့နှင့် ဘွဲ့နှင်းသဘင် မတက်လို့ ပေါက်ကွဲနေတာ

ဟို့ စံက သည်းခံရပါမည်။ ပြောချင်သလိုသာ ပြောပေတော့။

'ငါ နင့်ကို တော်တော် စိတ်ကုန်တယ်'

ရွှေအောင်က ညည်း၏။

ညိုမီကို ပိုခင်မိရင် အကောင်းသား။

စိတ်ညစ်ရမှာ မဟုတ်။

စံကိုမှ သူငယ်ချင်းထက် ပိုချစ်နေသော အဖြစ်က သူ့အတွက် အလားအလာ မကောင်း။

စံက ရိုးရိုးရှင်းရှင်း မဟုတ်။

စံစိတ်က နားလည်ရခက်သည်။ ရွှေအောင်က ဆက်မတိုက်တွန်းဘဲ လက်လျှော့လိုက်၏။

စံက ဆုံးဖြတ်ပြီးလျှင် မပြင်တတ်ပါ။

'ငါလည်း ပြန်စဉ်းစားမယ်၊ နင်မပါတော့ ငါလည်း မတက်ချင်တော့ဘူး'

•

ဟု ဆို၏။

'ဟယ် မဟုတ်တာ၊ ဘာဆိုင်လို့လဲ တစ်သက်တစ်ခါ အမှတ်တရ နင်က စာကျက်ပျင်းတာ၊ ဒီဘွဲ့ရတာ ကံကောင်းလို့နော်၊ နင့် အဖေအမေလည်း ပြောထားပြီးပြီ မဟုတ်လား၊ တက်လိုက်ပါဟယ်'

ပျော်ရွှင်စံက ရွှေအောင့်ကို တိုက်တွန်းသည်။

ကိုယ့်ကြောင့် သူ့ကို မနစ်နာစေချင်။

ကိုယ်က ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ။

တခြား သူငယ်ချင်းတွေ သူတို့ မိဘတွေနှင့် အမှတ်တရ ဓာတ်ပုံတွဲရိုက်ကြ၊ ပြောကြဆိုကြ ရယ်မောကြဆိုရင် ... ထိုမြင်ကွင်း တွေမှာ စံ ခံစားရင်နာနေရမှာ။

✿

ရွှေအောင်က ဂစ်တာတစ်လက်နှင့် ခပ်လှမ်းလှမ်းမှာ ထိုင်နေ၏။

စန္ဒကူးနှင့် သူ့အမျိုးသားက နှစ်ယောက်အတူတူ ကြက်ကင် လုပ်ပေးနေ၏။

ညိုမြိနှင့်စံက စားစရာတွေ စားပွဲ ပေါ် ခင်းကျင်းနေပါသည်။

စံတို့ လေးယောက်ဘွဲ့ယူကြသော အထိမ်းအမှတ်အဖြစ် စားပွဲလေး သီးသန့် ကျင်းပကြတာပါ။

စံက ဘွဲ့ အခမ်းအနား မတက်ဖြစ်ပေမယ့် သူတို့ သုံးယောက်က တက်ဖြစ်ခဲ့ပါ သည်။

'စံရေ ... ဖယောင်းတိုင်လှလှလေးတွေ ထွန်းရအောင် နော်'

ဟု ညိုမိက ဆိုလာ၏။

'အင်း'

ပန်းပွင့်ပုံ၊ အသည်းပုံ၊ ကြယ်ပုံလေးထောင့်ပုံ၊ ခရုပုံ၊ ပုံစံ မျိုးစုံနှင့် ဖယောင်းခွက်ကလေးတွေကို စံနှင့် ညိုမိ ထွန်းညှိကြ၏။

ထိုအချိန်မှာ ရွှေအောင်က 'အချစ်မျက်ဝန်း' ဆိုသော Lလွန်းဝါ၏ သီချင်းအေးအေးငြိမ့်ငြိမ့်ကလေးကို စိတ်ပါလက်ပါ ဆိုနေသည်။

'အကြိမ်ကြိမ် ရင်ခုန်မိသော xxx မင်းမျက်ဝန်း xxx အာရုံ မှာ ငြိတဲ့ မျက်ဝန်း xxx မင်းရဲ့အကြည့်မှာ မျောနေခဲ့ xxx မင်းရဲ့ xxx မင်းရဲ့ xxx အချစ်မျက်ဝန်း'။

ရွှေအောင်၏အသံကလည်း အေးအေးညက်ညက် ပီပီ

သသနှင့် သိပ်နားထောင်ကောင်းတာမို့ ညီမြိက ငြိမ်သက်စွာ နားထောင်နေ၏။

စံက ခပ်လှမ်းလှမ်းကို လျှောက်သွားမိ၏။ စံ အခု တလော တစ်ယောက်တည်း နေချင်မိ၏။

စံ စိတ်ထဲမှာ အတွေးထူး အတွေးဆန်းတွေ ပေါ်နေ၏။ စံ့ဘဝကို မလှမပနှင့် သူများ ကဲ့ရဲ့ ရှုံ့ချစရာ ဖြစ်အောင် လုပ်ခဲ့သော ဖေဖေ့ နောက်မိန်းမ၊ ပြီးတော့ ကိုသက်ထွေး၏ နောက်မိန်းမ။

ထို မိန်းမနှစ်ယောက်ကို စံ မကျေနပ်၊ ခွင့်မလွှတ်နိုင်၊ ရင်ထဲမှာ မျက်ရှ နေမိ၏။

ယောကျ်ားတွေရဲ့ အချစ်ဆိုတာ ဘယ်လိုဟာမျိုးလဲ။ တကယ်ရော ရှိပါရဲ့လား။

စံ လုံးဝ မယုံ။

စံက နှုတ်ခမ်းလေး ကွေး ညွတ်သွားအောင် ပြုံးသည်။

ရွှေအောင်ရယ် ... နင့်သဘောကို ငါ နားလည်တာပေါ့၊ နင့်မျက်လုံးတွေကို ငါသိသားပဲ၊ ဒါပေမဲ့ ... ဆိုး ... ဆောရီးပဲ။ လုံးဝ မဖြစ်နိုင်ဘူး။ နင်ဟာ ငါရဲ့ ထာဝရ သူငယ်ချင်းပဲ လုပ်ပါ။ တိုးသက်သော သူ့သီချင်းသံကို ကြားနေရ၏။

'ကျိန်စာအလား xxx ရပ်မသွားတဲ့ ခံစားချက်ပေါင်း များစွာနဲ့ xxx စူးရှတဲ့ မျက်ဝန်းတစ်စုံ xxx မင်းချန်ခဲ့ xxx မှုမပိုင်တဲ့ မျက်ဝန်းအတွက် ကြိတ်ပြီး ရူးခဲ့ရပေမယ့် xxx နှုတ်ဆက်မယ်xx ဒီနှုတ်ခမ်းတွေ တွေးပူနေ xxx ဟန်မဆောင် တဲ့အချစ်တွေနဲ့ xxx ရင်ထဲကစောင့်မျှော်ခဲ့ xxx ဖွင့်ပြောခဲ့ချင် ပေမယ့် xxx မသေချာတဲ့ အချစ်တွေနဲ့ xxx ပစ်သားမလား

စိုးရိမ်ခဲ့ ×××။

တကယ်ဆို ရွှေအောင် စိတ်ဝင်စားသင့်သူက ညိုမြိုပါ။

ညိုမြိုကလည်း ရွှေအောင် ဖွင့်ဟပြောလာလျှင် ခေါင်းညိတ် လက်ခံနိုင်မှာပါ။

အဆင်ပြေနိုင်ပေမယ့် လမ်းတစ်လမ်းရှိနေ လျက်နှင့် မပြေမလည်လမ်းကို မရွေးချယ်ချင်ပါနဲ့လား။

ပျော်ရွှင်စံ ဆိုတဲ့ မိန်းမတစ်ယောက် ရင်ထဲမှာ ယောက်ျားတွေအတွက် အချစ်ဆိုတာ မရှိဘူး။

အဲဒါကြောင့် စွံကို ချစ်ဖို့ မကြိုးစားပါနဲ့။

'အကြိမ်ကြိမ် ရင်ခုန်မိသော မင်းမျက်ဝန်း ××× အာရုံမှာ ငြိတဲ့ မျက်ဝန်း ××× မင်းရဲ့အကြည့်မှာ မျောနေခဲ့ ××× နေ့တွေ ညတွေ များသွားခဲ့'

စံက ခုံတန်းကလေးမှာ ထိုင်ချပြီး အဝေးက သစ်ပင်များကို လှမ်းကြည့်ငေးမောနေမိသည်။ ခံစားမှုတစ်စုံတစ်ရာပါသော သူ့ သီချင်းသံကို မကြားချင်။ စံ စိတ်မာတတ်တွေ မပျော့ညံ့ချင်။

ဘဝကို တစ်ယောက်တည်း ရင်ဆိုင်ဖြတ်သန်းရဲအောင် ကြိုးစားမည်။ အချစ်ရေးကို မစဉ်းစားချင်။

'ဘယ်လောက်ပဲ တို့ဝေးပါစေxxx တစ်ချက်လေး စောင်းငဲ့ ကြည့်ရုံနဲ့ xxx မျက်ခံးအပင့်မှာ ဒီအလွမ်းတွေ ပုန်းကွယ်နေ xxx ချိုမြိန်တဲ့ အချစ်စကားတွေ xxx ဘယ်လိုပဲ ခံဏခဏ ပြောချင် လည်း xxx မင်းအရှေ့မှာ အတောင်ကျိုးတဲ့ ငှက်လိုပဲ'

'စံရေ ... စံ'

ဟော စန္ဒကူး ခေါ်နေပြီ။ စံက ကမန်းကတန်း ပြန်လျှောက် လာခဲ့ရသည်။

'ဘယ်သွားနေတာလဲ၊ ရပြီ လာကြည့်'

မွေးပြီး နူးညံ့နေသော ကြက်ကင်ကို ခေါ်ပြသည်။

'မင်းရဲ့ မျက်ဝန်းထဲက မိုးစက်လေးများ မကျစေဖို့ xxx ကိုယ့်ရင်ထဲက ထစ်ချုန်းမိုးချိန်းသလို xx မင်းအတွက် တစ်သက် လုံးပဲ သိမ်းထားမယ်'

သီချင်းသံဆုံးတော့ ညီမိက လက်ခုပ်တီးပေးသည်။

'လာပါတော့ ... သီချင်းပဲ ဆိုနေတော့မှာလား။ စားရအောင်၊ ခံစားချက်တွေ ခဏ မေ့ထားဦး'

ဂစ်တာကိုချထားပြီး တစ်လှမ်းချင်း လျှောက်လာသော
ကို စံက လှည့်မကြည့်။

တမင် မကြည့်ဘဲ နေတာပါ။

မျက်လုံး ချင်း မဆုံချင်။ အကြည့်ချင်း မဖလှယ်ချင်။

ငါတို့က သူငယ်ချင်းတွေပါ ရွှေအောင်။ နင် ရှေ့တိုး
ရင် ဘာတွေဖြစ်မလဲ နင်အသိဆုံးပဲ၊ ကျေးဇူးပြုပြီး
ည်နေရာမှာလဲ ခြေစုံရပ်နေပေးပါ။

✿

'စံ'

'ဟင်'

ရွှေအောင်က 'စံ' ဘေးနားလာရပ်ပြီး ခေါ်၏။

'နင် အခုတလော ငါ့ကို ရှောင်နေသလားလို့ပါ'

'ဟုတ်ချင်ဟုတ်မှာပေါ့'

'အဲဒါ ဘာဖြစ်လို့လဲ'

'နင် ပိုသိမှာပါ'

'စိတ်ချပါဟာ၊ ငါက တဇွတ်ထိုးသမား မဟုတ်ဘူး'

'အင်း ... ငါစိတ်ချလိုက်ပြီ'

ပျော်ရွှင်စံက ခေါင်းညိတ်သည်။

'စံ နင်သဘောထားတွေ တနေ့နေ့ ပြောင်းလဲလာနိုင်သေး တယ် မဟုတ်လား'

'မသိဘူးလေ'

'ပြောင်းလဲလာပါစေလို့ ငါ မျှော်လင့်မိတယ်'

'ငါကတော့ နင် ခြေစုံရပ်နေဖို့ပဲ မျှော်လင့်တယ်'

တကယ်လို့ ရှေ့တိုးလာလျှင် သူငယ်ချင်း သံယောဇဉ်ကလေး ဆုံးရှုံးသွားရတော့မှာ မဟုတ်လား။

✿

'စံ'

'ဟင်'

လှည့်ကြည့်လိုက်တော့ ရွှေအောင်။

ကာကီရောင်ရှပ်အင်္ကျီကို လက်ရှည်ချကာ ကော်ဖီရောင် ဘောင်းဘီပွပွနှင့် ရှူးဖိနပ်အနက်နှင့် သူ့ပုံစံက တစ်နေရာကနေ ပြန်လာတဲ့ပုံလား။

'ဘယ်ကလာတာလဲ၊ ညီမိတို့ မပါဘူးလား'

'နင်ဆီ သက်သက်ပဲ စံ'

'ဟုတ်လား ၊ ဘာကြောင့်လဲ'

'နင်နဲ့ စကားပြောချင်လို့ပါ'

'အမယ် ... အရေးတကြီး'

ရွှေအောင်က ပျော့်ရှင်စံ မျက်နှာကလေးကို ချစ်မဝစွာ၊ ရူးနှစ်ငေးမောစွာ စိုက်ကာ ကြည့်နေမိသည်။ ကော်လံပါသော အင်္ကျီ အဖြူပုံဆန်း မြောက်မြောက်ကလေးနှင့် အပွင့်နုပ်နုပ် စကပ်အဝါ ဖျော့ကလေးကို တွဲဝတ်ထားတာ ကလေးဆန်ပြီး ချစ်စရာကောင်း သည်။

သူမရဲ့ ပါးမို့မို့ဟာလည်း အသာအယာ ဖွဖွလေး ဆွဲလိမ် ပစ်ချင်စရာ။ ရွှေအော်ကတော့ စံ့ကို မြင်တိုင်း ချစ်စနိုးစိတ်နှင့် အသည်းယားစွာ ကြည့်မိမြဲ။

သူ့ရဲ့ မဟာအိပ်မက်၊ မဟာမျှော်လင့်ချက်ကလည်း စံနှင့် ချစ်သူဖြစ်ရေး ... သူ့ရည်းစားကောင်မလေးကို စံမှ စံပဲ ဖြစ်ရမယ် လို့ စိတ်ကူးထဲမှာ လျာထားတာ ကြာပြီ။

ဒါကို စံကလည် ရိပ်စားမိနေပြီလို့ သူ ထင်သည်။ သူ့မျက် လုံးတွေထဲက အချစ်ကို စံမြင်သာသည် ထင်ပါသည်။ ဒါပေမယ့် စံက မသိမသလို ရှောင်ဖယ်နေသည်။

ထို့ကြောင့် ရွှေအောင် နည်းနည်းလည်း ရှက်သည်။ မခံချင်သလိုလည်း ဖြစ်မိသည်။ သူ ကြိုးစားလျှင် မရနိုင်ဘူး လား။

ကောင်းကင်ပေါ်က ကြယ်စင်တစ်ပွင့်ကို ဆွတ်ယူဖို့ လောက်တော့ မခက်ပါဘူးဗျာ ... နော်။ တစ်ခါတစ်ခါ စံ သူ့ကို ပြန်ချစ်မှာပါလို့ ထင်ပြီး တစ်ခါတစ်ခါတော့ စိတ်ဓာတ်ကျ

ချင်သည်။

သို့သော် ဘာပဲဖြစ်ဖြစ် သူ စံကို ချစ်ခွင့်တော့ ပန်ကြည့်ရမည်။ ကိုယ်အရင် 'ဟ' ဖို့ ယောကျ်ားတို့ ဝတ္တရားပဲလေဟု သဘော ပိုက်ကာ သူအားတင်းလာခဲ့ပါသည်။

'ပြောလေ ... ဘာကြည့်နေတာလဲ'

'စံ အရမ်းလှလို့ပါ'

'ဟွန်း ...'

'နင်က အိမ်နေရင်း ပုံစံနဲ့ လှတာပဲ၊ ညီမတို့က ပြောတယ်၊ စံလိုမျိုး ဘာမှမလိမ်းဘဲ လှနေရင်ကောင်းမယ်တဲ့'

'သိပ်မမြှောက်ပါနဲ့ သူငယ်ချင်းရယ်၊ စံဘာကူညီရမလဲ'

မျက်ခုံးလေးပင့်ကာ သူငယ်ချင်းဟု သုံးနှုန်းလိုက်ပုံက သူ့ ကိုဘက်ခ်ဂီယာထိုးဖို့ အချက်ပြတာပါ။ ဒီနေရာမှာပဲ

ရပ်နေပါလို့ လည်း စံက ပြောထားသေးသည်။

သူ ရပ်မနေနိုင်။ လူဆိုတာ ခြေစုံရပ်နေဖို့ မဖြစ်နိုင်။ လျှောက်တော့ လျှောက်နေရမည်။

ရွှေအောင်ကလည်း ခေါင်းမာသည်။ ကိုယ်ဖြစ်ချင်တာ တစ်ခုကို ဖြစ်ရမှ၊ ကိုယ့်ဆန္ဒတစ်ခုဆိုရင် ပြည့်ခွင့်ရမှ ကျေနပ်သူ ပါ။

သူ့ရဲ့ ဖွဲလုံ့လကို အကုန်မသုံးဘဲ သူ ဘယ်တော့မှ လက် မလျှော့နိုင်ပါ။ တကယ်ချစ်လို့ တကယ်ကြိုးစားကြည့်မယ့် ကိစ္စမှာ ဘာကို ကြောက်နေရမှာလဲ။ စွန့်စားရဲတဲ့ စိတ်ကို မွေးမြူ ထားခဲ့တာ ကြာပြီ။

'ကျညီစရာတော့ ရှိတယ်'

'ဘာလဲဟင်'

'ငါနဲ့အတူတူ ကော်ဖီလိုက်သောက်ဖို့ လာခေါ်တာ'

'ဩော် ... ဘာများလဲလို့'

စံက စိတ်အေးသွားသလို ရင်ဘတ်လေးဖိကာ သက်ပြင်းရှိုက်ပြသည်။

'ဘာလဲစံ ... ငါ ရည်းစားစကား ပြောတော့မယ်ထင်လို့လား'

'အမယ် ... မဟုတ်ပါဘူး'

'ငါ မပြောရဲဘူး ထင်လား'

'သွားဟာ .. နင် ပေါက်ကရ လာမပြောနဲ့'

'လိုက်ခဲ့မှာလား'

'ဘယ်တော့လဲ'

'အခု'

'ဘုရားရေ .. အခု၊ ညစာစားချိန်ပဲ ရောက်တော့မယ်၊ ကော်ဖီဆိုင်သွားဖို့လား၊ အိမ်မှာ ထမင်းစားသွားဦးလေ'

'ကျွတ် ... ဘယ်အချိန်မှာ ဘာလုပ်ရမယ်ဆိုတာတွေ၊ ငါစိတ်မဝင်စားဘူး၊ ငါ ဘယ်တော့မှ ပုံစံခွက်ထဲမှာ အတိအကျ မနေ နိုင်ဘူး'

'ဘယ်လိုဖြစ်လို့ စကားသံမာမာနဲ့ ဟောက်နေရတာလဲ၊ ထမင်းစားလေး ခေါ်မိပါတယ်'

'ငါ ထမင်းမဆာဘူး'

'သိပါပြီဟဲ့'

'ငါနဲ့ လိုက်ခဲ့'

'ခဏနေဦးလေ၊ အဝတ်အစားလေးတော့ လဲပါရစေဦး၊ ငါးမိနစ်တော့ စောင့်ပေးပါဦး၊ လောလိုက်တာ'

'ငါ့မျက်စိရှေ့က အပျောက်မခံချင်တာ'

ညို့မျက်လုံးရီရီလေးတွေနဲ့ သူ အဲလို ပြောတော့လည်း စိတ်လှုပ်ရှားရတော့မလို၊ ခြေလှမ်းတုံ့ရတော့မလို ဖြစ်သည်။

သူ့စကားကို ပြန်ချေပနေရင်လည်း ဒါကို အတည်ပြုရာရောက်မည်။ တားမြစ်ပြန်ရင်လည်း ရွှေအောင်က စိတ်ဆိုးဦးမည်။

တစ်ခါတလေ မသိသလို တိတ်ဆိတ်နေလိုက်တာပဲ ပိုကောင်းမည် ထင်သည်။

'မကြာပါဘူး၊ မေမေ့ကို ပြောခဲ့မလို့'

သူ့ကို ထားပြီး တိုက်ထဲ ပြေးဝင်ခဲ့သည်။

ဟင်း ... ရွှေအောင်နဲ့ စကားထိုင်ပြောရင် သူ အဲလို အနှောင့်မလွတ် အသွားမလွတ် ဆက်ပြောနေရင် စံတော့ ဘယ်လို မျက်နှာနဲ့ ဘယ်လို စိတ်ထားနဲ့ နားထောင်ပေးရပါ့ မလဲနော်။

သူငယ်ချင်းရယ် ... ဒီအတိုင်း ကောင်းပါတယ် ...

✿

သူက စံနောက်မှာ ကျန်ရစ်တာကို မကြိုက်၊ ပြန်လှည့် ကြည့် စောင့်ခေါ်သည်။ ရင်ဘောင်တန်းကြီး နှစ်ယောက်ထဲ အတူတူ ပူးကပ် လျှောက်ရင် မြင်တဲ့လူက စုံတွဲထင်မှာစိုးသည်။

စံတို့နှစ်ယောက် ချစ်သူတွေမှ မဟုတ်ဘဲ။ သို့ပေမယ့် ရွှေအောင်ရဲ့အကြည့် ဂရုတစိုက် ဖေးမလိုဟန်တွေကတော့

သူ့ရည်းစား သူ ဂရုစိုက်နေတဲ့ အတိုင်းပါပဲ။

'ရွှေအောင် ... နင် ရှေ့က ဝင်'

'ဘာလို့လဲ'

'မသိဘူး၊ ဝင်ပါဆို'

မီးရောင် မမှိန်တမှိန်နှင့် ကော်ဖီရှော့လေးက အေးစိမ့်မွေးပျံ့နေသည်။ ကော်ဖီစေ့ရဲ့ ရနံ့မွှေးမွှေးက လူကို အင်မတန်ဆွဲဆောင်သည်။

စင်မြင့်ပေါ်က (Live Band) မှာ (Rapper) ဒိုင်းနှင့် ကောင်လေးတစ်ယောက်က (Hollow) ဂစ်တာနှင့် (Soft Music) လေးတစ်ခုကို အေးအေးငြိမ့်ငြိမ့် တီးခတ်လျက်။

စံက တစ်ချက် မော့ကြည့်ပြီး ခေါင်းကိုပြန်ငုံ့မိသည်။

ဒီဆိုင်က ကော်ဖီကောင်းသလို နေရာထိုင်ခင်းလေးက
ည်း ကဗျာဆန်သည်။ အေးဆေးလွတ်လပ်မှုရှိသည်။
တက္ကသိုလ်စာကြည့်တိုက်က စားပွဲတွေလို တစ်ခုံ
င့်တစ်ခုံ မမြင်ရအောင်အရုပ်ကလေးတွေနှင့်ဒီဇိုင်းဖော်ပြီး
ာရံထားပုံလေးက လှတော့ စံက အရုပ်ချစ်တတ်သူပီပီ ရပ်ပြီး
ကြည့်နေမိသည်။

'ထိုင်လေကွာ'

'အင်းပါ'

ရွှေအောင်က စံလက်ဖျားလေးကို စိတ်မရှည်သလို
ယ်ခနဲ ဆွဲကိုင်လို့ ထိုင်စေသည်။

'ဒီမှာ ဘာရေးထားတာလဲ ဖတ်နေတာ'

'နောက်မှဖတ်ပါ စံရယ်၊ အခုလောလောဆယ် ငါ့

မျက်နှာ ကိုပဲဖတ်ပါ'

'လျှောက်ပြောနဲ့'

နှုတ်ခမ်းလေးစူကာ တားမြစ်လိုက်ပုံလေးက အသည်း

ယားစရာ။

စံရယ် နင့်ကို ငါချစ်တယ်ကွာ၊ နင့်အမူအယာလေး

တွေကို ငါ သိပ်အသည်းယားမိတယ်'

'ဘာကြည့်နေတာလဲ'

စိုက်ကြည့်နေတာမို့ စံက ရန်လုပ်လိုက်ပါသည်။

'ကြည့်တော့ ဘာဖြစ်လဲ'

'မကြည့်နဲ့'

'ကြည့်မယ်ကွာ၊ ကြည့်နေချင်တယ်'

'နင် အဲလို ပြောင်စပ်စပ် လုပ်ရင် ငါ ပြန်မှာနော်'

'ကျွတ် ... ရေလည် မြိမ်းခြောက်တာပဲ'

ထိုအချိန်မှာ စားပွဲထိုးလေးက သူ့နားလျှောက်ပြီး
ဘတ်ဒေးကိတ် စီစဉ်ရတော့မလား ခပ်တိုးတိုး ကိုင်းယို့လာ
မေးသည်။ သူက ရှိစ် စားပွဲမှာ ထိုင်တာကိုး ...။

ကြိုတင် အစီအစဉ်နဲ့ပေါ့ ...။

'ရွှေအောင် .. ဘတ်ဒေးကိတ် ဟုတ်လား'

'အင်း'

သူက ခပ်ပြုံးပြုံး ခေါင်းညိတ်သည်။

'ဟဲ့ ... မနက်ဖြန်မှ ဆယ့်လေးရက်လေ၊ နင့်မွေးနေ့က
မနက်ဖြန်မှလေ၊ ညီမတို့နဲ့တောင် ချိန်းထားပြီးသားကို၊
ဘတ်ဒေးပရဲဆင့်ကိုတောင် သူတို့ အတူတူသွားဝယ်မယ် ပြော
တာ၊ ခုလောက်ဆို ဝယ်ပြီးပြီ ထင်တယ်'

'ဒီညက မွေးနေ့အကြိုညလေ၊ ငါ့အမေက ငါ့ကို မွေးတော့မယ်မထင်ဘဲ ဒီလိုညမျိုးကစပြီ ဗိုက်ကနည်းနည်းချင်း ဖြေးဖြေးချင်း စနာပြီ။ ငါက ညမိုးချုပ် အပြင်မထွက်ချင်သေးလို့ မက်စောစောမှ ထွက်လာတာ၊ ဒါပေမယ့် ငါ လောကကြီးကို လာတော့မယ့် အကြောင်းကို ညကတည်းကစပြီး အချက်ပေးထားတာဟ သိလား'

'သွား ... ပေါက်ကရ ပြောပြန်ပြီ'

'မွေးနေ့အကြိုဆိုပြီး အမေ့ကို ဦးဦးဖျားဖျား အရင်ဆုံး ကန်တော့ခဲ့ပြီးပါပြီ'

'တကယ်'

'တကယ်ပေါ့ စံရယ်၊ ငါ့ရဲ့ဘဝမှာ အမေ့ကို ငါသိပ်ချစ်တယ်၊ ပြီးတော့ ကောင်မလေးတစ်ယောက်ကို ချစ်ရတယ် ...'

'ရွှေအောင် နင်ဒီလို မွေးနေ့သပ်သပ် လုပ်တာ ညီမိတို့
သိရင် စိတ်ဆိုးကြမှာ၊ သူတို့ဆီ ဖုန်းဆက်လိုက်မလား'

ရွှေအောင်က မြန်မြန် ခေါင်းယမ်းပြီး ...

'ဟာ .. မလုပ်နဲ့လေ၊ နင်နဲ့ နှစ်ယောက်ထဲ ဒီလိုလေး
ကျင်းပဖို့ အကြာကြီး စိတ်ကူးယဉ်ခဲ့ရတာ၊ ငါ့စိတ်ကူးလေးကို
အားပေးပါ'

'အဲဒါဆို နင့်ကို မရိုးသားတဲ့ သဘောလို့ ထင်ရင်ရော'

'ထင်ပစေလေ'

'ဘာရယ်'

'တကယ်လည်း ငါမှ မရိုးသားတာပဲ'

'တော်ပြီဟာ စကားကို ကောင်းကောင်းပြော'

'ငါ့ရဲ့ မျှော်လင့်ချက်တွေဟာ ရင်ထဲမှာ မဆန့်တော့ဘူး
နေရာမရှိတော့ဘူး၊ ငါပြောချင်တယ် စံ၊ ပြောပါရစေကွာ'

သူက စုံနှား တိုးငုံ့ကာ စံ ပါးပြင်လေးကို တို့ထိတော့
မလို စိတ်ပါလက်ပါကြီး အရေးဆိုသောအခါ စံ ပုခုံးလေးကျုံ့ပြီး
ရှက်သွားမိသည်။

ရွှေအောင်က ပျော်ရွှင်စံရဲ့ ရှက်စနိုးဟန်ပန်လေး
ကြောင့် ပိုမို အားတက်လာရပါသည်။ တကယ်တော့ အချစ်ဆို
တာ အသွားအပြန် ရှိရမှာပါ။ မှန်တစ်ချပ်လို အမှန်အတိုင်း
တုန့်ပြန်တက်မှာပါ။

'စံ ငါတို့နှစ်ယောက်သာ ချစ်သူဖြစ်သွားရင် သိပ်ပျော်
စရာ ကောင်းမယ် ထင်တယ်'

'မထင်ပါဘူး'

'စံ့ကို ချစ်တယ်ကွာ'

'မပြောနဲ့ဆိုမှ'

'ချစ် ချစ်တယ်'

'စံလေ ဘယ်ယောကျ်ားကိုမှ မချစ်ရဲပါဘူး၊ တကယ် ပြောတာပါ'

'အဲလို အားငယ်နေတဲ့ စိတ်တွေ ဖျောက်လိုက်စမ်းပါ'

'ဟင့်အင်း'

စံက ခေါင်းလေးယမ်းသည်။ သာယာမှုတစ်ခုမှာ မကျ ရှုံးချင်။ သူမရဲ့ စိတ်ဓာတ်က ခိုင်မာမှုရှိမှာ သေချာသည်။

ရွှေအောင့်မျက်လုံးတွေကို သူမ ရင်မဆိုင်ဘဲ လွှဲဖယ်နေ သည်။ ဆိုင်ထဲက မီးပုံးလေးရဲ့ အလင်းရောင်ဟာ ရွှေအောင့် မျက်နှာပေါ် ကျရောက်နေပြီး သူ့မျက်လုံးတွေထဲမှာ တကယ်ပဲ

ယုံကြည် မျှော်လင့်နေသော အလင်းတန်းတစ်ခု ရှိနေသည်။

တစ်စုံတစ်ယောက်ရဲ့ ယုံကြည်မှုနှင့် မျှော်လင့်ချက်ကို စံ ကြောက်သည်။ စူးရှကာ လုံးဝ နောက်မဆုတ်သော စိတ်ရဲ့ လိုအင် ဆန္ဒတစ်ခုဟာ သိပ်စွမ်းပြီး အင်အားကြီးမားသည်ဟု ကြားဖူးသည်။

သူငယ်ချင်းလေးရဲ့ အကြည့်မှာ ထိုစွမ်းအားမျိုး ရှိနေသည်။ စံ ဘယ်လို ရှောင်ပြေးပုန်းရပ့ါမလဲနော်။

'ဟယ် ... ဘတ်ဒေးကိတ်ယူလာပြီ ... ချစ်စရာလေး နော်'

စတီးတွန်းလှည်းလေးနဲ့ တွန်းယူလာတာ ကိတ်ချည်း သက်သက် မဟုတ်ဘဲ ဝေဖာတွေ၊ ချောကလက်ပြားတွေနှင့် အိမ် ပုံစံလိုလို အမိုးအဆင့်ဆင့်နှင့် အလှဆင်ထားသော အရုပ်လေး

ဆန်းပြား စွာ ချစ်စဖွယ်ကောင်းနေပါသည်။ ဂျယ်လီအနီနှင့် ချုပ်ကလေး လည်း ပါသည်။

'စံ မွေးနေ့ကျရင်လည်း ဒီလို ကိတ်မျိုးမှာမယ်၊ ကလေး ပါက်စတွေ အားကျသွားအောင် ဟင်း ..ဟင်း'

'ကြည့်ပါဦးကွာ၊ ရည်းစားစကားထက် ဘတ်ဒေးကိတ် ဆန်းလေးကို အာရုံကျနေတာ။ တော်တော်ဆိုးတဲ့ ကောင် လေး။

'မွေးနေ့အထိ မစောင့်ပါနဲ့ စံ အဖြေပေးတဲ့နေ့ကျရင် ည်းစားဖြစ်တဲ့ အထိမ်းအမှတ်အနေနဲ့ ဒီလို ပွဲလေး ထပ်နွှဲတာ ပေါ့'

'အောင်မယ် ဘယ်သူက အဖြေပေးမှာမို့လို့လဲ'

'စိတ်ဆင်းရဲအောင် မပြောပါနဲ့ စံလေးရယ်'

ပျော်ရွှင်စံက သူနှင့် ဖြင်းခုန်မနေတော့ဘဲ ကိတ်မုန့်နှင့် ဖယောင်းတိုင်လေးတွေအပေါ်ပဲ အာရုံထားလိုက်ပါသည်။ စံတို့ အတူတူ ဖယောင်းတိုင် ထွန်းကြသည်။

'ဟက်ပီးဘတ်ဒေးပါ ရွှေအောင်၊ ဒီလို မွေးနေ့လေး တွေ တစ်ရာ့နှစ်ဆယ်ကျော်ပါစေ'

'စံလည်း ကိုယ့်ဘေးမှာ အခုလို အတူတူ ရှိရင်ပေါ့နော်'

သူက ဈေးဆစ်လိုက်ပါသေးသည်။ အတူတူ ရှိမရှိကို ဘယ်သူက ကြိုသိနိုင်မှာမို့လဲ။ သူက ဖယောင်းတိုင်မှုတ်ပြီး တာနှင့် ကိတ်မုန့်ကို လှီးဖဲ့ယူကာ စံ့ကို ခွံကျွေးသည်။

စံကတော့ ခရင်တွေ ပေချင်ပေ နှုတ်ခမ်းကို ကျဉ်း ကျဉ်းလေးပဲ ဟတော့ သူ ရယ်နေသည်။

'ရှက်စရာလားကွာ' တဲ့။ ရှက်တာပဲပေါ့ သူစိမ်း

ယောကျ်ားတစ်ယောက် မုန့်ခွဲ့ကျွေးတာ စံ အရင်ကမှ မကြုံဖူး
။

'ကဲ ... မွေးနေ့လက်ဆောင်က ဘာပေးမှာလဲ'

'နင်ပဲ မပြောမဆို ခေါ်လာပြီးတော့ ပြောရင် ဝင်ဝယ်ခဲ့
ပေါ့'

'ဝယ်ပေးတဲ့ လက်ဆောင် မလိုချင်ပါဘူး၊ စုံရင်ထဲက
က်ဆောင်၊ အသည်းနှလုံးထဲက ပေးတဲ့ အရာကိုပဲ လိုချင်
ယ်'

သွယ်ဝိုက်နေရင်းကနေ တဖြည်းဖြည်း ဒဲ့ဖြစ်လာပြီ။
ပေးနိုင်ပါဘူး ဆိုတဲ့အရာကိုမှ ဘာလို့များ တောင်းဆိုချင်
တာလဲ။

ခက်တော့ ခက်နေပြီ။

'နင်က သီချင်းဆိုတာ ဝါသနာပါတော့ စံ တွေးထား တာ ဂစ်တာတစ်လက် လက်ဆောင်ပေးမလားလို့ပါ၊ ညီမိတို့ကို တောင် ပြောထားတယ်'

'စံရယ် .. ငါဘာလိုချင်တာလဲ၊ သီရဲ့သားနဲ့ဟာ မသီချင် ယောင် မဆောင်ပါနဲ့'

'စိတ်ညစ်ပါတယ်နော်'

'သိပ်ချစ်လိုက်ရင် စိတ်ညစ်တာတွေ ပျောက်သွားမယ်'

'စံရဲ့ ရင်ထဲမှာ အချစ်မရှိဘူး၊ ရွှေအောင်ရဲ့ အချစ်ဆို တာ ဘာလဲ'

'ဒါဖြင့်ရင် ချစ်တတ်အောင် ငါသင်ပေးမယ်'

'အမယ်'

သူမဖက် ပိုတိုးကပ်လာသဖြင့် မျက်စောင်းရှယ်မိတာမို့

ရွှေအောင်က ရယ်သည်။

'အဖြစ်သည်းမလေး'

'တခြားတစ်ယောက်သွားကြိုက်'

'စုံကိုပဲ ကြိုက်တယ်'

'ရှေ့လျှောက် သူငယ်ချင်းအဖြစ်ကနေ မပြတ်စေချင်ဘူး ရွှေအောင်။ ငါတို့နှစ်ယောက်မှာ မျက်နှာပျက်စရာ၊ မျက်နှာပူ ရာ အခြေအနေမျိုး မဖြစ်ချင်ဘူး၊ သူငယ်ချင်းဆို ဘယ်အချိန် ဘယ်နေရာမှာမဆို ပွင့်ပွင့်လင်းလင်း ခေါ်ပြော နှုတ်ဆက်လို့ ရတယ်၊ ဘယ်တော့ မှ သူစိမ်းဖြစ်မသွားဘူး၊ သိပ်ကောင်းတာပဲ နင့်စကားတွေ စံ မေ့ လိုက်မယ်နော်၊ ဟုတ်ပြီလား'

'ငါမှ သူငယ်ချင်း မဖြစ်ချင်တော့တာကွာ၊ ငါက ည်းစားပဲ ဖြစ်ချင်တယ်၊ ပြောပြီးသားလည်း ဖြစ်နေပြီ၊

ရည်းစားဖြစ်ခွင့် မပေးဘူးဆိုရင် စုံရဲ့ရှေ့ကို ဘယ်တော့မှ ရောက်မလာတော့ဘူး၊ ဒါ ဒီကောင်လေးရဲ့ ဆုံးဖြတ်ချက်ပဲ'

ရွှေအောင်က ပိုမို ပြတ်သားလိုက်ပါသည်။ ယောက်ျားပဲ၊ ပြောပြီးမှတော့ 'ဆိုခဲ့စေမြဲစေ' ပေါ့ ...။ ရလာဒ်က ဘယ်လိုပဲထွက် ထွက် သူကတော့ ပြီးအောင် ဆက်ထွက်ရတော့မည်။

အဖြေတစ်ခုတော့ ထွက်လာရမည်။ ထိုအဖြေကိုလည်း သူ ခံနိုင်ရမည်။ တွေးထားပြီးသား။

'ရွှေအောင် .. စံပြောရင် စိတ်မဆိုးနဲ့ စံက ယောက်ျားတွေရဲ့ အချစ်ဆိုတာကို လုံးဝ မယုံဘူး ဖြစ်နေတယ်၊ ယုံတတ်လာတဲ့ တစ်နေ့ကျရင် နင်ပြောတာကို စဉ်းစားကြည့်ပါ့မယ်'

'ကျွတ် .. ဝေးတယ်ကွာ'

စိတ်ပျက်လက်ပျက် ဖြစ်သွားတာမို့ စံ ရယ်ချင်သည်။

'စံတော့ အဲဒါပဲ ပြောတတ်တယ်'

'စဉ်းစားဦးမယ်ပေါ့'

'မပြောမိပါဘူး'

'မိန်းကလေးတွေက အဲဒီလိုအချိန်ဆွဲတဲ့ နည်းလေး တွေနဲ့ ချည်ထားတတ်တာပဲ'

'ရွှေအောင်ပြောတဲ့ မိန်းကလေးတွေထဲမှာ စံ မပါဘူး'

'စံရာ နင်လည်း မိန်းကလေးပါကွာ'

'ဒါပေမယ့် မတူတာတွေ ရှိတယ်'

ဟုတ်သည်လေ။ သူတို့မှာ စံ့လို နာကျည်းစရာ စိတ် ဖော်ရာတွေ ရှိနိုင်သလား။ အချစ်ဆိုတာ ဒီလောကမှာ တကယ် ရှိတဲ့ အရာမို့ လား၊ စံဖြင့် မထင်ပေါင်။

လူတွေမှာ အတ္တမရှိရင် အချစ်ဆိုတာလည်း မရှိနိုင် ပါဘူး။ ဒီအတ္တတစ်ခုကြောင့်သာ လှပတဲ့ စာလုံးလေး စကားလုံး လေးကို အချစ်လို့ ပြောင်းလဲသုံးစွဲတာ။

စံတော့ မယုံရေးချ မယုံပါပဲ။ ဒီ ယစ်မူးဖွယ် စကား လေးတစ်ခွန်းရဲ့ နောက်မှာ မပြေလည်နိုင်တဲ့ ပြဿနာတွေမှ အများကြီး။

တခြားကောင်မလေးတွေနဲ့ စိတ်ဓာတ်ချင်း သိပ်မတူ လို့လည်း စံ့ကို ပိုစွဲတာပါ၊ စံက ရိုးသားပြီး ရင်ထဲမှာ ရှိတဲ့အတိုင်း ဖြောင့်ဖြောင့်ပြောတတ်တယ်၊ ပွင့်လင်းတယ်၊ ဖြူလည်းဖြူတယ်။

တခြား အကြောင်းအရာတွေလည်း အများကြီး၊ ဘာပဲဖြစ်ဖြစ် စံနဲ့ ပတ်သက်တဲ့ အရာမှန်သမျှကို ကြိုက်တယ်၊ စံ စကားပြောတာ၊ စံပြုံးတာ၊ စံရဲ့ အမူအယာတွေလည်း အကုန်

သဘောကျတယ်၊ ဘယ်သူ့ကိုမှ မယုံရဲတာကိုလည်း သနားတယ်၊ စံ ယုံကြည်တဲ့ ယောက်ျားတစ် ယောက် သိပ်ပြီး ဖြစ်ချင်တယ်၊ ယုံပေးပါလား စံရယ် နော်'

စံက ခေါင်းလေးသာ ယမ်းသည်။

'စံ့ကို တသက်လုံး ချစ်သွားမှာပါကွာ၊ အားကိုးကြည့်လိုက်ပါ'

'အမယ် .. မကိုးပါဘူး'

ဆတ်ခနဲ ငြင်းပယ်လိုက်တော့ ရွှေအောင် မျက်နှာ ကွက်ခနဲ ပျက်သည်။ မတတ်နိုင်ပါ ... စံမှ မချစ်တာပဲ။

✿

ရွှေအောင် စံ့ကို ချစ်ခွင့်ပန်လိုက်ပြီဆိုတာ ညို့မိရော၊ စန္ဒကူးရော သိသွားသည်။

ပြန်မချစ်ရင်ပဲ စံက အပြစ်ဖြစ်တော့မလို။ သူက ကြေကွဲရတယ်ဆိုတာ စံ့အပေါ် တကယ် မျှော်လင့်ယုံကြည်နေလို့လည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် ဘယ်သူ ဘာပြောပြော ဂရုမစိုက်တာ လည်း ဖြစ်နိုင်သည်။

သူ့မှာ သတ္တိရှိတယ်လို့ စံ ထင်လိုက်မိသည်။ အမှန်တော့ စံ ထင်တာ မှားသည်။ စံ့မှာ စိတ်ခာတ်ခိုင်မာမှု ရှိသည်ဟု စံ ထင်သည်။

အမှန်တော့ စံ ထင်တာ မှားပြန်သည်။ ရွှေအောင့်ကို စံ ဘယ်တော့မှ ချစ်တုန့်ပြန်မိမှာ မဟုတ်ဘူး ဟု ထင်သည်။

အမှန်တော့ ထိုအထင်က အမှားကြီး မှားပြန်ပါသည်။ တစ် ခါတရံမှာ မလျှောက်ချင်သော လမ်းကို တည့်တည့် လျှောက်သွားမိပြီး မဖြစ်ချင်တာတွေက သူ့ဟာသူ ဖြစ်လာတတ်

ပါသည်။ တကယ်ပါ စံ သူ့ကို လုံးဝ ချစ်ဖို့ မရည်ရွယ်။

✿

မိုးစဲမလားရယ်လို့ စာအုပ်ဆိုင်ရဲ့ တံစက်မြိတ်လေးမှာ အကြာကြီး ရပ်စောင့်နေမိပါသေးသည်။

ထိုညက မထင်မှတ်ဘဲ လမ်းမှာ ရေတွေ ကြီးအောင် မိုးက အဆက်မပြတ် သည်းထန်စွာ ရွာသွန်းသည်။

မိုးပေါက်မိုးစက်တွေက များပြားကြီးမားသလို လေက လည်း ရောပါတိုက်ခတ်တော့ ထီးပါတဲ့သူရော မပါတဲ့သူရော အကုန် လိုလို စိုစိုရွှဲကြသည်။

စံက ထို့ကြောင့် ထီးပါလျက် အပြင်မထွက်ရဲ။ ရေမြုပ်နေ တဲ့ လမ်းပေါ် မမြင်မစမ်း လျှောက်သွားရမှာ စံ ကြောက်သည်။

တချို့ ရေနုတ်မြောင်းတွေက အပေါ်က အဖုံးမခိုင့်တခိုင်။ တချို့က အဖုံးအကာ ဘာမှ မရှိ။ မြင်ရရင်တော့ ကျော်လွှားလို့ သွားလို့ ရတာပေါ့။ ရေတွေ လျှံပြီး လမ်းကို မမြင်မစမ်း လျှောက်လိုက်တဲ့အခါ မတော်တဆ ရေမြောင်းထဲ လိမ့်ကျလျှင် မတွေးချင်။

ထိုအတွေးနှင့်ပဲ စံမှာ ထီးအပြာနုလေးကိုင်လျက်သား မိုးရေကြီးထဲ ချက်ချင်း မထွက်ရဲ။

တစ်ယောက်ထဲ အိမ်က ထွက်လာမိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိသည်။ လမ်းမကျယ်ကြီးနှစ်ခုကို ဖြတ်ကူးပြီးမှ စံတို့ဖက်ခြမ်း ရပ်ကွက်ထဲကို ရောက်မှာ။ မိုးမရွာရင်တော့ အိမ်က အဝေးကြီးလို့ မပြောနိုင်ပေမယ့် မိုးသည်းနေတော့ ထိုခရီးလေးကပဲ ဝေးနေသလို။

အချိန်ကလည်း မိုးချုပ်နေပြီဆိုတော့ မိုးအတိတ်ကို ဆက်ပြီး ရပ်စောင့်နေဖို့လည်း မဖြစ်နိုင်။ ဒီမိုးကို ကြည့်ရတာ လည်း တစ်ညလုံးပဲ ရွာနေတော့မလား မဆိုနိုင်။

မထူးပါဘူးလေဟု တွေးကာ ထီးကလေးကို ထောက် ခနဲ ဖွင့်ပြီး မိုးပေါက်တွေကြား ဖျပ်ခနဲ ထွက်လိုက်သည်။ မိုးသံ တဝုန်းဝုန်း ကြားမှာ ဖျန်းခနဲ အေးစက်သွား၏။

လမ်းထိပ်မရောက်ခင် ထွက်မိတာ မှားပြီဟု သိလိုက် သည်။ ဒီလောက် မိုးသွန်းနေတာ၊ ထီးကို သေချာဆောင်း ထားပါလျက် ဆံနွယ်တွေအထိ မိုးရေအေးအေးက လာစိုသည်။

ပိုပြီး ဆိုးတဲ့တစ်ချက်ကတော့ စံနဲ့ ဘေးကနေ ထိကပ် လုမတတ် အရက်မူးသမားတစ်ယောက် ဇွတ်လိုက်လာတာပါပဲ။ တ်လည်းတို၊ ကြောက်လည်းကြောက်၊ စံက ခြေလှမ်းမြန်ရင်

သူလိုက်မြန်ပြီး စံ ၁ဖက်ဆိုရင် သူ ညာဘက် စံ ဘယ်ဖက်ပြန်ကပ် လျှောက်ရင် သူလည်း ဘယ်ဖက် စံအနီးက လုံး၀ ခွာမပေး။

တော်တော်မုန်းစရာ ကောင်းသည်။ ရန်တွေ့ချင် ပေမယ့် စကားလည်း အရေးလုပ်မပြောချင်။ မသိချင်ယောင် လည်း ဆောင်လို့မရ။ ဒီလူကြီး နောက်ယှက်နေပုံက ကြမ်းတမ်း ပြီး သရုပ်ပျက်သည်။

'စံ'

ရုတ်တရက် စံ ထီးထဲ လူတစ်ယောက် မိုးမိုးမတ်မတ် ၀င် ရောက်လာပြီး စံ လက်မောင်းလေးတစ်ဖက်ကို ဖြုန်းခနဲ ပိုင်ပိုင်ဆုပ် ကိုင်တာကို ခံလိုက်ရသည်။

'တအံ့တသြ ဆတ်ခနဲ မော့ကြည့်မိတော့ စံ့ ရင်ထဲ အားတွေ ရှိသွားသည်။

'ရွှေအောင်'

ဒီတစ်ခါ သူ ရောက်လာတာ အပျော်ဆုံးပါပဲ။

'ဘာလို့ တစ်ယောက်ထဲ လျှောက်သွားတာလဲ၊ ညကြီး
ကြီး ဒီအချိန်'

'ဟင်·ဘာလဲ မကြားရဘူး'

မိုးသံနှင့် တကယ် မကြား။ သူက စံမျက်နှာနား တိုးငုံ့ပြီး

'တစ်ယောက်ထဲ ဘာဖြစ်နေတာလဲ မေးတာ'

'မတွေ့ဘူးလား၊ မိုးက သူ့အာသာ သည်းတာပဲ၊
အောင် နင်လည်း စိုနေပြီ'

'ဟုတ်တယ် ငါအရမ်း ချမ်းနေပြီ၊ စံကိုမြင်လို့ ပြေးလိုက်
တာ'

ရွှေအောင် ရောက်လာတာနှင့်အမူးသမား ကြက်
ကက် ငှက်ပျောက် ပျောက်သွားလေသည်။

မှူးနေပေလို့ပါပဲ။

'လာ၊ လျှောက်ရတာ အဆင်မပြေဘူး၊ လှေကား အောက် ခဏ ဝင်ခိုရအောင်'

ရေထဲမှာ ထိန်းပြီး လျှောက်ရတာ ခရီးမတွင်။

ရွှေအောင်က စံ့လက်ကို ဆွဲခေါ်သွားတော့ ဘာရယ် ညာ ရယ် မတွေးနိုင်ဘဲ လိုက်ပါသွားမိသည်။

တိုက်အောက်ခြေ လှေကားအောက်အမှောင်ရိပ်မှာ ဘယ် သူမှမရှိ။ ရွှေအောင် လူလည်လေးက စံ့ကို မလွှတ်ဘဲ လက်ဖဝါး လေးကိုပင် မသိမသာ ပွတ်သပ်ကိုင်တွယ်နေသည်။

စံ့လည်း ဘာကြောင့် မရုန်းမိသလဲ မသိပါဘူး။ မိုးရေစိုစို နှင့် သူ့ပုံစံ သူ့မျက်လုံးလေးတွေက စံ့ကို ခယ တောင်းပန်တိုး လျှိုး နေသလို ညို့ယူနေသော ထိုအကြည့်မှာ စံ ရုန်းမထွက်နိုင်။

လက်ဖဝါးပြင်မို့မို့လေးကို ထိတွေ့ရင်း သူက တဆင့် တက်ကာ ဦးခေါင်းလေးကို သူ့ဖက် ဆွဲကပ်လို့ ပါးပြင်လေးကို ဖွဖွပွတ်သပ်ကာ နောက်တော့ စံ့ကို သူ မရဲတရဲ ရင်ခွင်ထဲ အသာဆွဲသွင်းသည်။ မှောင်လည်းမှောင်၊ လူလည်းရှင်း၊ မိုးက လည်းသည်းနှင့် ရာသီဥတုက သူ့ဖက်ပါကာ သူ့နှုတ်ခမ်းနွေး နွေးတွေက စံ့လည်တိုင်လေးပေါ် ကျရောက်လာသည်။ စံ ရှက်ရှက်နှင့် ရှောင်တိမ်းရုန်းမယ်သည်။

'ချစ်လို့ပါ စံရယ်'

ငယ်ငယ်ကတည်းက ရင်းနှီးလာသော သံယောဇဉ်နှင့် သူ့အပေါ် စိတ်မကွက်ဘဲ ငြိမ်သက်နေမိတာ·စံ မှားသည်။

မရည်ရွယ်ပါပဲ ... လုံးဝ မထင်မှတ်ပါပဲ ထိုညရဲ့ ထိုတဒင်္ဂမှာ စံနှင့် ရွှေအောင်တို့ ချစ်သူ ဖြစ်သွားသည်။ သူက

မထင်မှတ်ဘဲ စုံကို ဆွဲဆောင်သိမ်းပိုက်နိုင်သည်။

အခုတော့ ရင်ထဲ အေးသလို နွေးသလိုနှင့် ရွှေအောင် ရင်ခွင်ထဲက ရုန်းထွက်ဖို့ရာ ခွန်အားမရှိသလိုပါပဲ။ ဘာကြောင့် ဒီလို ချစ်လိုက်မိသလဲ စုံ တကယ်မသိပါ။ ရွှေအောင်ကတော့ ချစ်တယ် ချည်း တဖွဖွ ဆိုကာ ပျော်ရွှင်ကြည်နူးနေသည်။

✿ ✿ ✿ ✿

## ဒဏ်ရာ (ငါး)

ချစ်လိုက်မိပြီးကာမှတော့ သူ့ကိုပဲ တစ်သက်လုံး သစ္စာရှိရှိ ချစ်သွားတော့မည်ဟု စံဖက်က ဆုံးဖြတ်သည်။

ရည်းစားဦးက သူ ... အချစ်ဦးကလည်း သူပဲ။ အိမ်ထောင်ဘက်အဖြစ်လည်း ရွှေအောင်နှင့်သာ ကံပါချင်ပါတော့သည်။

မျက်နှာလည်း မများလို၊ သစ္စာလည်း မပျက်လို၊

အကောင်းဆုံးအချစ်တွေကို တစ်သက်လုံး ပေးဆပ်လို့ ရိုးမြေကျ ပေါင်းဖက်သွားနိုင်ဖို့သာ ရည်ရွယ်သည်။

စံ့ဖက်ကတော့ ဘယ်တော့မှ စည်းမဖောက်၊ စည်း မကျိုးစေရပါ။ သူများတွေ စံ ပြုလောက်သော အိမ်ထောင်ရေး မျိုးရအောင် အစွမ်းကုန် ကြိုးစားသွားမည်။ အနစ်နာခံစရာရှိရင် စံပဲ အနစ်နာခံမည်။

သားသမီးတွေရှိလာခဲ့လျှင်လည်း မျက်နှာမငယ်စေရပါ။ မိတကွဲ ဖတကွဲ မဖြစ်စေလိုပါ။ ဘဝနှင့်ရင်းထားသော ခံစားချက် တွေနှင့် ရှေ့ရေးကို စံက ကြိုတင် မြော်မြင်တွေးတောနေပြီ။

ရည်းစားသက်ကလေး နှစ်ပတ်မှာ စံအတွေးတွေက ဟိုး အနှစ်နှစ်ဆယ်ကျော်လောက် ရောက်နေပါပြီ။ ကိုယ်က စိတ်ပုဂ္ဂုဟ် သူကိုး။

ဒါပေမယ့် ကြုံလာရသော အခြေအနေက စံ့အတွက် အံ့သြ စိတ်ပျက်စိတ်ကုန်စရာ။ ကြည့်လေ .. ချိန်းထားတဲ့အချိန် ချိန်းထားတဲ့ နေရာကို ရွှေအောင် ရောက်မလာဘူး။ ညိုမိုကသာ ရောက်လာပြီး အကျိုးအကြောင်း ပြောသည်။

ဘာပြောသည် မှတ်ပါသလဲဟင်။ သူ့ကို မေ့လိုက်ပါ တော့တဲ့ .. စံတို့ ဇာတ်လမ်း ဒီမှာ ပြတ်ပြီ .. The end ပါတဲ့။

ကြားရတာကို မယုံချင်။ ဒီလောက် ကတိတွေပေးပြီး သူ့ ကိုယ်သူ အာမခံထားတဲ့သူလေ။

ညိုမိပြန်သွားတော စံက ရွှေအောင့်ဆီ ဒေါသတကြီး ဖုန်း ခေါ်လိုက်ပါသည်။ ဒီကိစ္စ နောက်ပြောင်တာတော့ မဖြစ်နိုင်ဘူးလေ။

'ရွှေအောင်လား'

'အေး … ပြော .. အခု အမေမရှိဘူး၊ အပြင်ထွက်သွား
တယ်၊ မြန်မြန်ပြော'

အခုမှ အမေကို ကြောက်နေသည်။ စံ လှောင်ရယ်ပစ်
လိုက်ချင်သည်။ သို့သော် စိတ်ကို ထိန်းလျက်။

'ညိုမြိုလာပြောတာတွေ အမှန်ပဲလားဟင်၊ ရွှေအောင့်
အမေက တခြားမိန်းမနဲ့ စေ့စပ်ပေးတော့မယ်ဆို ဟုတ်လား'

'အင်း .. ဟုတ်တယ်'

'ဘာ'

'စံ စိတ်မဆိုးပါနဲ့ စံရယ်၊ ကိုယ်တောင်းပန်ပါတယ်'

'စိတ်မဆိုးရဘူး'

'အမေတာ စံနဲ့ လုံးဝ သဘောမတူဘူး၊ အမေ အရမ်းဝို
တော့ ငါ စိတ်မကောင်းဘူး၊ စံနဲ့ ကိုယ်နဲ့ကို ဒီလောက်

ခါးခါးသီးသီး တားမယ်မှန်းသာ သိရင် စံပြောသလိုပဲ ကိုယ် ရှေ့မတိုးခဲ့ပါဘူး၊ အခုတော့ စံ့ကို နှိပ်စက်မိသလို ဖြစ်နေပြီ ကိုယ့်ကို ခွင့်လွှတ်ပါကွာ နော်'

'ခွင့်လွှတ်ရမယ် ဟုတ်လား ရွှေအောင်၊ နင် ပြန်စဉ်းစား ပါဦး၊ နင်နဲ့ငါ ကြိုက်တာ ဘယ်နှစ်ရက်ပြည့်ပြီလဲ၊ နင်နဲ့စပြီး ကြိုက်တဲ့နေ့က ပန်းအိုးထဲ ထိုးထားတဲ့ သစ်ခွပန်းတောင် ဒီနေ့အထိ မနွမ်းသေးဘူး၊ နင့်အချစ်က ပန်းတပွင့်လောက် တောင် တာရှည်မခံပါလား၊ နင်ပြောတော့ စံ့ကို တစ်နေ့မတွေ့ ရရင် မနေနိုင်ဘူးဆို၊ တစ်သက်လုံးအတွက် ရည်ရွယ်တာဆို၊ အမြန်ဆုံးပဲ လက်ထပ်ကြမယ်ဆို၊ ပြီးတော့ နင် အဘိုးကြီးဖြစ်လို့ သေတဲ့တစ်နေ့တောင် စံ့လက်ထဲမှာ ပဲ သေပါရစေဆို၊ အဲဒါတွေ အားလုံး နင်ပြောခဲ့တာလေ၊ စံတောင် ရိုကောဒင်းလုပ်ထား

သေးတယ်၊ ပြန်နားထောင်မလား’

‘စံရယ် .. အရေးကြီးနေတဲ့အချိန်မှာ ကိုယ့်ကို မခနဲ့ပါနဲ့၊ စံ မကျေနပ်ရင် သတ်ရင် သတ်လိုက်ပါ၊ ကိုယ် အရမ်း စိတ်ညစ်နေတယ်၊ ဖြစ်နိုင်ရင် ကိုယ့်ရင်ကို ခွဲပြလိုက်ချင်တယ်’

‘အမလေး ရင်တော့ ခွဲမကြည့်ပါရစေနဲ့’

‘ကိုယ်ပြောတာ အမှန်ပါ စံရယ်၊ အမေ ငိုနေတဲ့ကိစ္စ၊ ကိုယ်ဘယ်လို ရှေ့တိုးရမလဲ၊ မိဘ မျက်ရည်တစ်စက်က သား သမီး ဆင်းရဲတစ်သက် ဆိုတာ စံ ကြားဖူးမှာပါ၊ အမေ့မှာ သွေးတိုး၊ ဆီးချို လည်းရှိတယ်၊ အမေ စိတ်ဆင်းရဲအောင် ကိုယ် ဘယ်လို ဖန်တီးရမလဲ’

‘တယ်လီဖုန်းထဲကနေ အီးညောင့်အီးညောင့် အသံနဲ့ မလုပ်စမ်းပါနဲ့၊ ရွှေအောင် နင် ယောကျ်ားပဲဟာ၊ စံနဲ့ မျက်နှာ

ချင်းဆိုင် လာရင်းပါ၊ ရှင့်မျက်နှာကို ကြည့်ပြီး ရှင့်စကားတွေ နားထောင်ပါရစေ'

'ကိုယ် လာချင်ပါတယ်၊ ဒါပေမယ့် မလာရဲဘူး'

'ဘယ်လို'

'စံနဲ့တွေ့ရင် ကိုယ်ဘယ်လို စိတ်ထိန်းနိုင်မလဲ၊ ဆုံးဖြတ်ချက်တွေ ပြောင်းပြီး စံ့ကိုခိုးပြေးမိလိမ့်မယ်၊ အဲဒီလို လုပ်ရင် ကိုယ့်အမေလည်း သေနိုင်တယ်'

'ဩော် ... ဩော်'

စံ သေချာစဉ်းစားကြည့်ပါ၊ ကိုယ်က ရှေ့တိုးပြီး စံနဲ့ လက်တွဲလိုက်ရင် အမေက မရမက ပြန်ခွဲမှာပဲတဲ့၊ အဲဒီလို မတော်တဆ ကွဲသွားရင် ကိုယ်က ဘာမှ မဖြစ်ဘူးနော်၊ ရတယ် စံပဲ တစ်ခုလပ် ဖြစ်မှာ'

သူ့စကားက စံနှားထဲ ဗုံးတစ်လုံးကို ပေါက်ကွဲစေသည်။ ဒါကို ကြောက်ပါတယ်ဆိုမှ ဒါနှင့် ကိုင်ပေါက်ပြီး ငြိမ်းခြောက်နေပြန်ပြီ။

ဒါလား စံ့ကို ချစ်တဲ့ ဆိုတဲ့ ရည်းစား ...။

စံသည် နှုတ်ခမ်းလေးမဲ့ရင်းဘဲ မျက်ရည်တွေက ပါးပေါ် ကျလာရသည်။

'အင်း ... ဒီလိုလား.. ဒီလိုဆိုတော့ ရှင်က ကျွန်မအပေါ် စေတနာတွေ အရှိသားပဲ၊ ကျွန်မရဲ့ အားနည်းချက်နဲ့ ကျွန်မရဲ့ ခံစားချက်ကို တွေးပေးသားပဲ၊ ဒီလို သူ့ရဲကောင်းမျိုးနဲ့ ချစ်ခွင့်ကြုံခဲ့တာ အမှတ်တရပါပဲရှင်'

ငိုသံမပါအောင် စံက ထိန်းပြောလိုက်ပါသည်။

ရွှေအောင်လို ရည်းစားကို ကျွန်မ ဒူးထောက်တောင်း

ဖို့လိုသလား၊ ရည်းစားပျက်သွားတာဟာ ဘာမှအရေးမကြီး
ဖို့လား၊

ပျော်ရှင်စံက နာမည်မပျက်ချင်ပါ။ သို့သော် ပျက်တဲ့
က နာမည်လာပျက်ခဲ့ပြီ။ ချစ်ခွင့်တောင်းဆိုတုန်းကလည်း
ပဲ နားပူ နားဆာ။ အဆက်အသွယ်ဖြတ်ချင်ပြန်တော့လည်း
ပဲ အလွယ် တကူ လွယ်လွယ်နိုင်လွန်း ...။

ဒီလို ဖြစ်မှာစိုးလွန်းလို့ စ မိတဲ့အချစ် ခိုင်မြဲပါစေလို့
ကြိမ်ကြိမ် ဆုတောင်းခဲ့သည်။

သို့သော် ဆုတောင်းတိုင်းလည်း ပြည့်ချင်မှ ပြည့်မှာပဲ
။ စံဖက်က သူမပြိုငြင်ဖို့ သူ ချစ်အောင်ပဲ နေဖို့ တတ်နိုင်သမျှ
ူးစား ခဲ့ပါသည်။

သို့သော် ကြိုးစားတိုင်းလည်းပဲ အောင်မြင်ချင်မှ

အောင်မြင်ပါလိမ့်မည်။ စံ့ကို ထားမသွားပါနဲ့၊ ပစ်မသွားပါနဲ့၊ ဘယ်လို အခက်အခဲပဲ ရှိရှိ တစ်သက်လုံး လက်တွဲသွားရအောင် လို့ စံ တောင်းပန်ခဲ့ပြီးသားပါ။

သို့သော် တောင်းပန်ပေမယ့်လည်း သူ လိုက်လျော ချင်မှပ လိုက်လျောမှာလေ။ ထပ်ပြီး အောက်ကျို့ရင်ရော အဆင်ပြေမှာလား။

သူ့ဖာသာ အဆင်ပြေချင်မှ ပြေမှာပဲမို့ စံ ထပ်ပြီး အောက်ကျို့လို့ ဘာမှ မပြောချင်တော့ပါ။ နောက်ထပ် ဒဏ်ရာ တစ်ခုက ရင်ထဲ အလိုလို ရောက်လာသည်။

ပျော့်ရှင်စံ ဆိုတဲ့ မိန်းကလေးက အချစ်ဆိုတာကို မယုံကြည်တတ်ခဲ့တာ အရိုးစွဲနေပြီ၊ ပြင်မရတော့ပါ။ ယောကျ်ား တွေ ကို စံ မုန်းသည်။

သူတို့ ပြောတဲ့ အချစ်ဆိုတာဟာလည်း တကယ်တော့
်ပွါယ် အလွဲကြီး လွဲနေတဲ့ အသုံးချခံ စကားလုံးလေး၊
ကယ် သနားစရာ အဖြည့်ခံ စကားလုံးလေးပါ။

✿

ပျော်ရွှင်စံက ဆိုင်ရှေ့ မလှမ်းမကမ်းမှာ စိတ်ရှည်လက်
ည် စောင့်နေလိုက်၏။

ဟော ... ဆိုင်ထဲမှာ ဖေဖွေ့ မိန်းမ၏ အမေကြီးတစ်
ာက်သာ ကျန်တော့သည်။ အကူခေါ်ထားသော ကောင်
လေး နှစ်ယောက်က အပြင်ထွက်သွား၏။ ဖေဖွေ့မိန်းမလည်း
က်မလာသေးပါ။

တွေ့ကြရောပေါ့။ ပျော်ရွှင်စံက ဆိုင်ထဲ ဝင်လာပြီး
တ်စီထဲ မြင်မြင်သမျှ ဝယ်သည်။ မနက်စောစော ဈေးဦးဈေး

ဖျားမို့ ဆိုင်စောင့်အဘွားကြီးက ဝမ်းသာအားရ။

စုံကိုလည်း လုံးဝ မသိ။

'ခဏနော် ကြီးတော်၊ ဒီပစ္စည်းတွေ အားလုံး သေချာ

ထည့်ပေးထားပါ။ စံ ကားသွားရှေ့လာမယ်'

'ဩော် ... အေး ... အေး'

စောစောစီးစီး အများကြီး ရောင်းရတာမို့ အဒေါ်ကြီး

မျက်နှာက ပြုံးချိုချို ဖော်ရွေသော လေသံနှင့် ဝမ်းသာအား

ဖြစ်ကာ နေ၏။

ပျော်ရွှင်စံက ကားကို ဆိုင်ရှေ့ မောင်းလာခဲ့ပြီး ဟိုဟို

သည်သည် ဝေ့ဝဲ အကဲခတ်လိုက်သည်။ ရိုးသားအေးဆေးပုံ

ရသော လူတစ်ယောက်။ လူတစ်ဖက်သားကို ကူညီချင်စိတ်

လည်း ရှိရဦးမည်။

ပေဘာ ။ ငိုက်စိုက်ငိုက်စိုက် လာနေသော လူရိုးလူအေး
တစ်ယောက်။ အင်္ကျီက မိုးပြာရောင်ဖျော့ဖျော့နှင့် ဘောင်းဘီ
ညိုက နက်ပြာ။ လူရည်သန့်ပုံစံ။ သူ့မျက်နှာက တည်တည်
ကြည်ကြည်။ စံရှာနေတာ အဲဒီလို လူပါပဲ။ အံဝင်ခွင်ကျ
ဖြစ်လွန်းလှ၏။ စံ့ကို ဘယ်သူမှ သံကော်မကောင်း ဖြစ်မှာ မဟုတ်ပါ။

'ဒီမှာ'

သူ့ရှေ့တည့်တည့် ဝိတ်ရပ်ကာ ခေါ်လိုက်တာကြောင့်
ရှင့်ဇော်က အံ့အားသင့်သွား၏။ မျက်လုံးမျက်ခုံးလှလှနှင့်
ကောင်မလေးတစ်ယောက်။ နှုတ်ခမ်းလေးရော နှာတံကလေး
ရော မေးစေ့လုံးလုံးကလေးရော ဖြူငုံပြောရလျှင် အရမ်းချစ်စရာ
ကောင်းသည်။

'ကျွန်မကို တစ်ခုလောက် ကူညီပါလားရှင်'

လေးလေးနက်နက် ဆိုလာတော့ ရဲရင့်ဇော် တွေဝေသွား၏။ ဘာကြောင့်များ သူ့ကို တကူးတက အကူအညီတောင်းရတာလဲ။ ရုတ်တရက် နားမလည်။

'ဟိုးရှေ့က ဆိုင်ကလေးမှာ ခဏစောင့်ပေးလို့ ရမလားဟင်၊ ကျွန်မ ပစ္စည်း သွားပို့ချင်လို့ ခဏလေးပါ၊ မကြာပါဘူး၊ တအောင့် ကလေးပဲ'

ရဲရင့်ဇော်က အပန်းမကြီးသော ကိစ္စမို့ ချက်ချင်း ခေါင်းညိတ်သဘောတူလိုက်၏။

'ရပါတယ်'

ခဲခဲယဉ်းယဉ်းကိစ္စမှ မဟုတ်တာ။ ကောင်မလေးက ချစ်စရာ ကောင်းလွန်းတော့ ရဲရင့်ဇော် မငြင်းရက်တာလည်းပါသည်။

'ဆိုင်ထဲမှာ ကျွန်မ အဒေါ်ရှိတယ်၊ ဒါပေမယ့် သူက
ရိုးအ လွန်းတော့ စိတ်မချလို့ပါ'

'ဟုတ်ကဲ့၊ ကျွန်တော် စောင့်ပေးပါ့မယ်'

ပထမအဆင့် အောင်မြင်သွားတာမို့ စံ ပြုံးလိုက်၏။
ဖေဖေနှင့် ဖေဖေ့မိန်းမကို စံ စိတ်နာသည်။ ဒုက္ခနည်းနည်းပေး
ချင်သည်။ တကယ်တော့လည်း သည်တန်ဖိုးလောက်ကို ဖေဖေ
တို့မဖြုံ၊ ဘာမှ မဖြစ်နိုင်ပါ။ အလုပ်ရှုပ်ပြီး စိတ်အနှောင့်အယှက်
ဖြစ်ရုံလောက်ပါ။ သည်ထက်ပိုပြီး ဘာမှ မဖြစ်။

'ကြီးတော် ကျွန်မယောက်ျား ခဏဒီမှာ ရှိမယ်၊ ဘာတွေ
လိုသေးလဲ၊ ပစ္စည်းတွေပို့ရင်း စာရင်းကြည့်ခဲ့မယ်'

'သြော် ... အေး ... အေး'

ဆိုင်အဝင်ဝမှာရပ်နေသော သန့်သန့်ပြန့်ပြန့် လူငယ်

ကလေးကို လှမ်းကြည့်ကာ အဒေါ်ကြီးက ခေါင်းညိတ်၏။ ဝယ်ထားသမျှပစ္စည်းတွေကို ကားပေါ်တင်ကာ စံ ရင်ခုန်နေ၏။ အခုအချိန်မှာ တစ်ခုခုဆိုလည်း ပိုက်ဆံရှင်းပေးလိုက်ရုံပဲလေ။ စံက ကံကောင်းတာလည်း မသိ။ ဆိုင်ရှင် ဖေဖေ့မိန်းမလည်း ရောက်မလာ၊ ကောင်မလေးနှစ်ယောက်လည်း ရောက်မလာ။ ဘာတစ်ခုမှ မလွဲစေချင်။

ဟိုလူကလည်း စံပြောသလို မတ်တတ်ရပ်နေပေး၏။ စံ့ ကို သူတို့ ယုံကြည်ကြသည်။ အခုလို ညာတာ စံ စိတ်မကောင်းပါဘူး ကိုလူချောရယ်၊ ဖေဖေ့ နောက်မိန်းမကို နည်းနည်း အလုပ်ရှုပ်စေချင် လို့ပါ။

'ခဏနော်'

'ဪ ... ရပါတယ်'

ရဲရင့်ဇော်က ဆတ်ခနဲ ခေါင်းညိတ်သည်။ သူ့ကိုမှ
ပြီး အကူအညီတောင်းတာကိုက သူ့အဖို့ ရင်ခုန်မြန်ချင်စရာ။

'ကြီးတော် .. နောက်တစ်ခေါက်မှ ပေါင်းရှင်းမယ်'

'အေး ...အေး'

ကောင်မလေး ယောက်ျားတစ်ယောက်လုံး ရှိနေသေး
တို့ အဒေါ်ကြီးက လုံး၀ စိတ်မပူ။ မသက်သာလည်း မဖြစ်ပေ။
းပေါ်တက် စက်နှိုးရင်း စံလက်ဖျားကလေးတွေ အေးလာ
ဆိုင်ဘက်ကို တစ်ချက်လှမ်းကြည့်ကာ စံ နည်းနည်း တွေဝေ
သည်။

ကိုလှချောကလည်း ဘုမသိဘမသိ။ ဆိုင်စောင့်ပေး
ာ ဖေဖေ့ နောက်မိန်းမ၏ အမေကြီးကလည်း အပြစ်လုံး၀
မဆီမဆိုင် သူတို့နှစ်ယောက် ပြဿနာတက်တော့မည်။ စံ

သနားစိတ် ဝင်သွား၏။

'ဟင်'

ခပ်လှမ်းလှမ်းမှာ ဆိုင်အကူ ကောင်မလေးနှစ်ယောက် လျှောက်လာနေတာ မြင်တော့ စံ ကားကို မောင်းထွက်သည် တွေဝေနေချိန် မရှိတော့ပါ။ ကားဆက်ရပ်ထားလျှင် ပြဿနာ တက်တော့မည်။ စံ မြန်မြန်လစ်မှ ဖြစ်တော့မည်။

ဆောရီးပဲ ကိုလူချောရယ်။ ရှင် စံ့ကို ဘယ်လောက် စိတ် ဆိုးလိုက်မလဲ။ ရှင့်ကို ခုတုံးလုပ်ရတာ စံ ဘက်က မတတ် သာလို့ပါ။ ရှင် ခွင့်လွှတ်နားလည်ပေးပါ။

✿

'ကောင်မလေးက အဲဒါသူ့ယောကျ်ားပါလို့ ပြောတာ ကိုး'

'မမခင့်ရယ် တကယ်ပါပဲ'

ရဲရင့်ဇော်က မျက်ခုံးရှုံ့ကာ ရပ်နေမိသည်။ ဆိုင်ရှင် အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး ရောက်လာကာ သူ့ကို မေးမြန်းစစ်ဆေးတော့သည်။

သည်နေ့ တွတ်ပီ ကံမကောင်းပါ။ မနက်စောစောစီးစီး ပြဿနာက သူ့စီ တည့်တည့်မတ်မတ် ဝင်ရောက်လာခဲ့သည်။ ရှောင်လွှဲမရ။ သူ ဘယ်လိုမှ ရုန်းမထွက်သာ။

'တကယ်ပဲ မင်းနဲ့ မပတ်သက်ဘူးလား'

အကြိမ်ကြိမ် ဖြေရှင်းနေလဲ အပို။ ယုံကို မယုံ။ သူ ဘာလုပ် ရမလဲ။

'မင်းတို့ တစ်ဖွဲ့တည်း မဟုတ်လား'

မယုံသင်္ကာ မေးလာတော့ သူ သက်ပြင်းရှိုက်မိသည်။

တကယ်လည်း သူ့အမှားပါ။

ကဝေမလေးရဲ့ မှော်နှုတ်ခမ်းက မာယာစကားကို သူ အလွယ်တကူ ယုံစားမိသည်။

သူ့ကို လှလှပပ ဖမ်းစားပြီး အရှုံးလုပ် အသုံးချသွားခဲ့တာပါ။ သူ ဂရုဏာသက်မိတာ မဟာအမှား။

'ကျွန်တော် ဘာမှ မပြောတတ်တော့ဘူး'

စိတ်ပျက်လက်ပျက် ထိုင်ချကာ ရေရွတ်မိသည်။

'အမိပွါယ်မရှိတာ၊ မင်းက ဘုမသိ ဘမသိ ဘာလို့ လာရပ် နေပေးရတာလဲ၊ သက်ဆိုင်ရာကို တိုင်ရမှာပဲ၊ နည်းနည်း နောနော မဟုတ်ဘူး၊ အဆုံးရှုံး မခံနိုင်ဘူး'

ဆိုင်ပိုင်ရှင် အဒေါ်ကြီးက ယတိပြတ်ဆို၏။ ရဲရင့်ဖော် တုန်လှုပ်မိသည်။ ပြဿနာက ပိုကြီးထွားတော့မည်။

'အားလုံး ဘယ်လောက်ကျလဲ'

သူ စိတ်ခေတ်ကျကျနှင့် မေးမိ၏။ သက်ဆိုင်ရာအထိ
လိုက်ရှင်းရလျှင် သူ့အတွက် သိက္ခာကျဦးမည်။ စိုက်လျှော်လိုက်
ကာက အေးသည်။ ရှိပါစေတော့။ ကိုယ် ညှံ့ဖျင်းချက်ပဲ မဟုတ်
လား။

စောစောက အဒေါ်ကြီး ဒေါ်မမခင်က စာရင်းဘောက်
ချာ ယူလာပြပါသည်။

'ဟာ အများကြီးပဲ၊ စိုက်မလျှော်နိုင်ဘူး'

ရဲရင့်ဇော် မျက်လုံးပြူးကာ ပြောမိသည်။ နည်းနည်း
ပါးပါးဆို ထားပါတော့။

'တန်ဖိုးနည်းရင် ပြောမနေပါဘူးကွာ'

ဆိုင်ရှင် အမျိုးသားကြီးက ဝင်ပြောလာ၏။

'အဲဒီလောက် အများကြီး ကျွန်တော် စိုက်မလျှော်နိုင်ဘူး၊ မတတ်နိုင်ဘူးဗျာ၊ ကြိုက်သလိုသာလုပ်'

ဆိုင်ရှင် ဦးလေးကြီးက ရဲရင့်ဇော်ကို စူးစူးစမ်းစမ်းကြည့်လာ၏။ အားလုံး ဝိုင်းကြည့်နေတော့ သူ အနေခက်မိတာ အမှန်။ သည်မနက် ကြိုလ်ဝင်တာပါပဲ။ ရုပ်ကလေးလှသလောက်ကြောက်စရာကောင်းသည့် ကောင်မလေး။ သူ့အဖြစ်က ရယ်ရခက် ငိုရခက်။ ဝိပိရိရိ ပိုင်ပိုင်နိုင်နိုင် လုပ်ချွသွားတာ။ မင်းရက်စက်လွန်းတယ်ကွာ။

'ဒါဆို မောင်ရင် ဘာမှတ်မိလဲ၊ သူ့ပုံစံက ဘယ်လိုလဲ'

ဆိုင်ရှင်ဦးလေးကြီးစကားကြောင့် သူ ဆတ်ခနဲ သတိရသွားမိ၏။

'ကျွန်တော် ...'

လွှတ်ကနဲ ပြောသင့်မပြောသင့် သူ ချင့်ချိန်မိ၏။ သူ ပြော လိုက်လျှင် ထိုကောင်မလေး ဒုက္ခရောက်တော့မည်။ သူ ဆက်ပြီး တင်းခံထားသင့်သလား။

သူ့ကို မညှာမတာ လုပ်ရက်သော ကောင်မလေးကို သူက ဘာလို့ ကာကွယ်ပေးရမှာလဲ။

'ပြောပါ ... မင်း ဘာမှတ်မိသလဲ၊ အဲဒါမှ ဦးလေးတို့ ဖြေရှင်းရ လွယ်မယ်'

ရဲရင့်ဇော် သက်ပြင်းရှိုက်ကာ

'ကားနံပါတ် .. ကျွန်တော် ရေးပေးမယ်'

ဟု ပြောလိုက်၏။

'ဒါများကွာ၊ ဘာလိုသေးလဲ၊ စောစောက ပြောလိုက် ရောပေါ့၊ နို့မို့ရင် မင်းပါ ပြဿနာတက်နေမှာ'

ရဲရင့်ဇော်က ကားနံ့ပါတ်ကို စာရွက်ပေါ်ရေးကာ ဆိုင်ပိုင်ရှင် ဦးလေးကြီး လက်ထဲ ထည့်လိုက်၏။ စိတ်ထဲမှာတော့ မကောင်း။

ဒါ မင်းအတွက် ထိုက်သင့်တဲ့ ပြစ်ဒဏ်ပဲ။ ငါ မင်းကို ကာကွယ် မပေးနိုင်ဘူး။

ဆိုင်ပိုင်ရှင် ဦးလေးကြီးက ကားနံ့ပါတ်ကို သေချာ ကြည့်ပြီး နှုတ်ဆိတ်သွား၏။

'ကျွန်တော့်အပြစ်လည်း ရှိပါတယ်၊ ကျွန်တော်က ယုံမိတာကိုး။ ကျွန်တော် လျော်ရမယ်ဆို တစ်ဝက်တော့ စိုက်လျော် ပေးပါ့မယ်'

ဆိုင်ပိုင်ရှင် ဦးလေးကြီးက သူ ရေးပေးထားသော စာရွက်ကို စားပွဲပေါ် ချလိုက်ပြီး ...

'မင်းဘက်က သေချာရင် ရပါပြီ၊ လိုအပ်ရင် ဆက်သွယ်လို့ ရမယ့် ဖုန်းနံပါတ်ပေးခဲ့ပေါ့၊ ကျန်တာ ဦးလေးတို့ စီစဉ်မယ်'

'ဟာ ကျေးဇူးပဲ'

ရဲရင့်ဇော်က သူ့လိပ်စာကဒ်ကို ချက်ချင်းထုတ်ပေးလိုက်၏။ ဝမ်းသာသွားမိသည်။

ဆိုင်ရှင် အဒေါ်ကြီးက မကျေနပ်နိုင်သေးဘဲ ဦးလေးကြီးကို တိုးတိုးတိုးတိုးနှင့် ဘာတွေ ပြောနေမှန်းမသိ။

ဘာပဲဖြစ်ဖြစ် သည်ပြဿနာထဲက လွတ်မြောက်သွားတာ ကံကောင်းသည်။ သူ နှုတ်ဆက်ကာ မြန်မြန်ထွက်ခဲ့၏။ တော်ကြာ စိတ်ပြောင်းသွားပြီး သူ့ကို ဆက်ထိုင်ခိုင်းထားလျှင် အခက်။

ဆိုင်ပြင်ရောက်လာမှ လေပူတစ်ချက် မှုတ်ထုတ်မိပါ

သည်။ တော်သေးတာက ကားနံပါတ်ကလေး မှတ်မိလိုက်လို့သာ။

ထိုကောင်မလေးတော့ သိပ်မကြာခင် အလိမ်ပေါ်တော့မည်။ ရဲရင့်ဇော် စဉ်းစားကာ စိတ်မကောင်း။

ချပ်ကလေးကလည်း လှ၊ ကားကလေးတစ်စီးနဲ့ကွာ၊ သည်လို လိမ်ညာလှည့်ဖျား လုပ်စားနေမည်ဟု လုံးဝ မထင်ရက်စရာ။

မင်း ဘာလို့ အဲဒီလောက်အထိ ကောက်ကျစ်ရတာလဲ၊ ရိုး ရိုးသားသား ရပ်တည်လည်း ရရက်သားနဲ့။ ရဲရင့်ဇော် မသက်မသာ တွေးမိ၏။

မင်းပုံစံကလေးနဲ့ဆို မော်ဒယ်ဂဲလ်လေးပဲ လုပ်လုပ်၊ ကုမ္ပဏီမှာပဲ ဝင်လုပ်လုပ်၊ ဘာပဲဖြစ်ဖြစ် မင်း ကောင်းကောင်း

မှုံမွှန် နေသင့်တယ်။ မင်းပိုစံကလေးက သည်လောက် ဖြူစင်လွန်းတာ ကိုယ်တိုင်ကြုံခဲ့တာ မဟုတ်ရင် မင်း ဒီလိုပါလားလို့ ကိုန်ပြောရင်တောင် ယုံမှာ မဟုတ်ဘူး။

ရဲရင့်ဇော်က သုံးသပ်တွေးခေါ်ရင်း ကောင်မလေးအတွက် စိတ်မကောင်းလည်း ဖြစ်မိသည်။

✿

ဖေဖေ ဖုန်းဆက်လာသောအခါ စံက ဖုန်းကို ချပစ်လိုက်၏။ ဖေဖေနှင့် မခေါ်ချင်၊ စကားမပြောချင်၊ စိတ်ထဲနာကြည်းနေမိ ပါသည်။

စံဆီ ဖုန်းဆက်လာတာလည်း အကြောင်းတစ်ခုခုကြောင့် အများဆုံးဖြစ်နိုင်တာက စံလုပ်ခဲ့သော ကိစ္စ ဖေဖေ

သိသွားခဲ့ပြီထင်။ ဘယ်လိုလုပ်ပြီး ဖေဖေ သိသွားတာလဲ။ တကယ်ဆို မသိသင့်ပါ။ ဟိုလူက ဘာတွေများ ပြောလိုက်သလဲ။

နောက်တစ်ခေါက် ဖုန်းမြည်လာသောအခါ စံက ရှူးကာနဲ့ ထူးလိုက်၏။

'ဟယ်လို'

စံ … သမီးငယ် .. ဖေဖေပါ၊ ဖုန်းမချနဲ့ဦး'

စံက ငြိမ်ငြိမ်သက်သက် နားထောင်နေလိုက်၏။

'ဒီနေ့ ညနေ ဖေဖေတို့ အတူတူ ထမင်းစားရအောင်'

'စံ မအားဘူး ဖေဖေ'

မပွင့်တပွင့် ပြန်ပြောတော့ ဖေဖေ စိတ်တိုသွား၏။

'စံ … ဖေဖေ့ကို ကောင်းကောင်းပြောစမ်းပါ'

'စံ တကယ်မအားလို့ပါ၊ မေမေနဲ့ ညနေ ဘုရားသွား

ဲလို့ မေမေက ပုတီးစိပ် တရားထိုင် ကြာမှာ၊ ဖေဖေ အားရင်
ာခဲ့ပါလား'

ဘာကြောင့်များ စံစိတ်ထဲမှာ အရွဲ့တိုက်ချင်စိတ်၊
ာပြောချင်စိတ်၊ ဂျစ်ကျချင်စိတ်၊ ကလန့်လုပ်ချင်စိတ်တွေ
င်နေရတာလည်း မသိပါ။

အကြိမ်ကြိမ် ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်တွေကြောင့်
ဖြစ်လိမ့်မည်။ ရိုက်ချက်တွေက ပြင်းလွန်းတော့ စံ့အတွက်
ဖြဲဖျောက် မရနိုင်တော့ပေ။

စံ စကားကြောင့် ဖေဖေက စိတ်ပျက်သွားပုံရသည်။

'ဖေဖေ ပြောစရာရှိတာသာ ပြောပါ'

ပျော်ရွှင်စံက ဖေဖေ့ကို သွားတွေ့ဖို့ စိတ်မကူးပါ။ စံတို့
ာထဲက ထွက်ခွာသွားရက်သော ဖေဖေ့ကို စံ မချစ်တော့ပါ။

မေမေ့ကို သနားစိတ်နှင့် စံ ပိုချစ်လာခဲ့သည်။

'သမီး ဘာတွေ လျှောက်လုပ်နေတာလဲ'

'ဘာများလဲ ဖေဖေ'

'သမီး အန်တီဆိုင်ကို သမီး လာသွားတယ်ဆို၊ ကားနဲ့ တင်သွားတဲ့ ပစ္စည်းတွေ လာပြန်ပေးလိုက်ပါ၊ ဒါမှမဟုတ် ဖေဖေ လူလွှတ်ယူခိုင်းရမလား'

တိတိကျကျ ပြောလာသောအခါ စံ ငြင်းရခက်သွား၏။

'မရှိတော့ဘူး ဖေဖေ'

'တကယ်လား သမီး'

ပျော့်ရှင်စံက ခဏငြိမ်နေပြီးမှ

'ဖေဖေ ဘယ်လို သိတာလဲ'

ဟု မေးလိုက်၏။

'ဟိုသူငယ်လေးက ကားနံပါတ် ပြောပြတယ်၊ အဲဒါ
ကြောင့် သမီးပဲလို့ သိတာပေါ့၊ သမီးကြီးက ဒါမျိုးလုပ်မှာ
ဟုတ်ဘူးလေ'

စံက တခစ်ခစ် ရယ်သည်။ ကျေနပ်သော ရယ်သံ
အောင် မြင်သော ရယ်သံ။

'အဲဒါမျိုးတွေ မလုပ်ပါနဲ့ သမီးရယ်'

'စံ စိတ်ချဉ်ပေါက်လာရင်တော့ လုပ်မိဦးမှာပဲထင်တယ်
ဖေဖေ'

'အံ့ဩစရာပဲ၊ ဒီလောက်လိမ္မာတဲ့ သမီးကို မင်းအမေ
တယ်လို စည်းရုံးသိမ်းသွင်းလို့ ဒီလောက် ပြောင်းလဲသွားရတာ
လဲကွာ'

'ဖေဖေ မှားနေပြီ'

စံက တစ်ခွန်းချင်း ပြန်ပြောသည်။

'စံကို စည်းရုံးသိမ်းသွင်းပြောင်းလဲစေတာက မေမေ့ မဟုတ်ဘူး၊ ဖေဖေပါ။ ပြီးတော့ မေးငေါ့ကဲ့ရဲ့ရှုံ့ချတတ်တဲ့ ပတ်ဝန်းကျင်'

'ခေါင်းမမာချင်ပါနဲ့ သမီး၊ ပြဿနာတက်ရင် ခက်မယ်၊ အခု ဖေဖေ ရောက်သွားလို့ပေါ့'

ပျော်ရွှင်စံက အင်းမလုပ် အဲမလုပ်၊ နောင်တရပုံလည်း မပေါ်။ အရင်တုန်းကလို နူးညံ့သိမ်မွေ့လာအောင် လိမ္မာယဉ်ကျေးလာအောင် ဘယ်လိုများ လုပ်ရမလဲ။

ဖေဖေ အခက်တွေ့သွားတာကို စံ ကျေနပ်သည်။

ဖေဖေ့ကို နည်းနည်းဖြစ်ဖြစ် နားလည်ပေးပါ သမီး ဟု ဆိုလားဓါ။

'အများကြီး နားလည်ထားပါတယ် ဖေဖေ'

ပျော်ရွှင်စံက သိပ်မပြောချင်တော့သလို ဖုန်းချခွင့်
တောင်း လိုက်၏။

'သမီး ရေချိုးတော့မယ် ဖေဖေ'

'ဒီလိုကိစ္စမျိုးတွေ မဖန်တီးပါနဲ့ သမီးရယ်၊ ဘာပဲဖြစ်ဖြစ်
ဖေဖေ တောင်းပန်ပါတယ်'

ပျော်ရွှင်စံက ဖုန်းချပြီး ပင့်သက်ရှိုက်၏။

'သမီး ဘယ်က ဖုန်းလဲ'

'သူငယ်ချင်းတစ်ယောက်စီကပါ'

စံ ညာမိပါသည်။ မေမေက ဆက်မမေးတော့ပါ။ ဖေဖေ
နှင့် ဖုန်းပြောတာ မေမေ မသိစေချင်။ မေမေ့ကို ငေးကြည့်ကာ
ကြောက်စိတ်ဝင်မိ၏။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ စံ အိမ်

ထောင်ပြုမိခဲ့ပါရင် အဲဒီလူက စံ့ကို ပစ်ခါသွားရင် အဆင်မပြေ လို့ လမ်းခွဲကြပြီဆိုရင် အဲဒီလို နေ့မျိုးရှိလာမယ်ဆိုရင် စံ အသက် မရှင်ချင်တော့ဘူး မေမေ။

အဲဒါမျိုး စံ အရမ်းကြောက်တယ် ။

✿

'စံ'

'ဟင်'

'သမီးကို မေမေ ပြောစရာ ရှိတယ်'

'ဟုတ်ကဲ့'

မေမေက ပျော်ရွှင်စံကို အကြာကြီး ငေးကြည့်ကာ နေ၏။

'ဘာပြောမလို့လဲ မေမေ'

'သမီး .. မေမေ့စကားကို နားထောင်မှာလား'

'နားထောင်မှာပေါ့ မေမေ'

'မေမေ့ကြောင့် သမီးမျက်နှာငယ်ရတာ သိပါတယ်၊ မမညာဏ်ကြောင့်လည်း သမီး စိတ်ညစ်ရတယ်'

'မဆိုင်ပါဘူး၊ မေမေနဲ့ မမညာဏ်ကို သမီး ခွင့်လွှတ်တယ်၊ နားလည်တယ်၊ အပြစ်မတင်ဘူး'

'မဟုတ်သေးဘူး သမီး'

မေမေက စုံ့ကို ဆုံးမစကားတွေ အများကြီးပြောတော့ မည့်ပုံမို့ စံ မျက်နှာပျက်မိ၏။

'ဖေဖေ တိုင်တာလား မေမေ'

'မဟုတ်ပါဘူး'

'သမီး သိပါတယ်နော်၊ ဖေဖေ ပြောတာပဲပေါ့'

မေမေက အေးချမ်းသိမ်မွေ့သော အပြုံးကလေးနှင့်

စံ့ ကို စိုက်ကြည့်ကာ ...

'မေမေတောင် ခွင့်လွှတ်နိုင်သေးတာ၊ စံက ဘာလို့ ခွင့်

လွှတ်နိုင်ရမှာလဲ'

ဟု မေး၏။

'မေမေ ... စံက အရမ်းချစ်တဲ့ ဖေဖေ့ကို ဆုံးရှုံးခဲ့ရတာ

ပါ'

မချိမဆန့် ကြေကွဲစွာ ဖွင့်ဟမိသည်။

'စံ့အတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုပါ'

'မေမေသိပါတယ် သမီးရယ်'

'စံ ခွင့်မလွှတ်ဘူး၊ ဖေဖေ့ကို စံ မုန်းတယ်'

ပြောပြောဆိုဆို စံမျက်ရည်တွေ ကျလာ၏။ ပတ်ဝန်း

ကျင်က မေးငေါ့ရိုက်ခတ်တဲ့ ဒဏ်တွေကို စံ ဘယ်လောက်
ခံစားခဲ့ရသလဲ။

'သမီးရယ်'

မေမေက စံ့ကို ဖက်ထွေးပြီး နှစ်သိမ့်သည်။

'မငိုပါနဲ့ကွယ်၊ ဒါ ငိုစရာမှ မဟုတ်ဘဲ'

ထိုကိစ္စနှင့် ပတ်သက်ပြီး စံ မရင့်ကျက်နိုင်၊ အမြဲပဲ ခံစား
နာကျင်ရပါသည်။

'ဖေဖေအသက်ရှင်နေရက်သားနဲ့ စံ ဘွဲ့နှင်းသဘင်ကို
မေမေတစ်ယောက်တည်းနဲ့ မတက်ချင်ဘူး'

'ဟုတ်ပါပြီ အဲဒါတွေအတွက် မေမေတောင်းပန်ပါ
တယ်၊ သမီးရယ်၊ ဒီလိုတွေ ဖြစ်ရတာ မေမေ့ကြောင့်လည်း ပါပါ
တယ်၊ မေမေ ပြောဖူးသားပဲ၊ သမီးလေးအတွက် သမီးဖေဖေ

ဒီလောက် အရေးကြီးမှန်းသိရင် မေမေ ဘယ်လိုပဲဖြစ်ဖြစ် တားထားပေးမှာပါ။ မေမေ မသိလို့ပါ'

ပျော်ရွှင်စံက မေမေ စိတ်ထိခိုက်မှာစိုး၍ ထပ်မပြောတော့။ တစ်သက်လုံးလည်း ကြိတ်မှိတ်ခံစားခဲ့တာပဲ မဟုတ်လား။

'သမီးကိစ္စကို ဖုန်းဆက်လာတော့ မေမေပြောလိုက်ပါတယ်၊ သူလည်း ခံစားရလွန်းလို့ လုပ်မိတာ ဖြစ်မှာပါလို့'

မေမေက စုံ့ကို ကာကွယ်ပြောဆိုပေးမှာပါ။ စံ ယုံကြည်မိ၏။

'စုံ့ကို မေမေ အမိက တိုက်တွန်းချင်တာ အိမ်ထောင်ပြုဖို့ပါ၊ စံ အိမ်ထောင်ပြုလိုက်ရင် ဒီထက် အများကြီး ရင့်ကျက်လာမှာပါ'

'အမလေး … စံ … လုံးဝ မစဉ်းစားဘူး'

ပျော်ရွှင်စံက ခေါင်းရမ်းသည်။

'မေမေနော် .. စံ ယောကျ်ားမယူဘူး၊ ဆုံးဖြတ်ပြီးသား၊ ကြောက်လွန်းလို့'

'သမီး အဲဒီလို ဖြစ်မှာ မေမေ စိုးရိမ်တာ'

'စံ အဲဒီကိစ္စကို ဘယ်တော့မှ မစဉ်းစားဘူး'

'မဟုတ်တာ'

မေမေက စံကို စိတ်ပူသလို ကြည့်လာ၏။ စံက မေမေကို စိတ်ပျက်သလို ပြန်ကြည့်သည်။

'မေမေ စံ့ကို မျက်စိရှုပ်နေပြီလား'

'မဟုတ်ပါဘူးကွယ်'

'စံ အေးအေးဆေးဆေး နေပါရစေ မေမေ၊ ဒီအိမ်မှာ

မမညာဏ်ယောကျ်ားပြောသွားသလို တစ်ခုလပ်သုံးယောက် ဖြစ်လာ မှာ စံ မလိုလားဘူး'

မေမေက အရမ်းမျက်နှာပျက်သွားသည်။

'တောင်းပန်ပါတယ် မေမေ၊ စံ လုံးဝ ယောကျ်ားမယူဘူး။ အပျိုကြီးပဲ နေမယ်'

'ဒုက္ခပါပဲကွယ်'

'ယူလိုက်မှ တကယ့်ဒုက္ခ ... မေမေနဲ့ မမညာဏ်ကိုပဲ ကြည့်၊ ပြီးတော့ စံက သည်းမခံတတ်ဘူး'

မေမေက လက်လျှော့သလို ပြုံး၏။

'အချစ်နဲ့ တည်ဆောက်ကြည့်ပါသမီးရယ်'

'သမီးမှ မချစ်တတ်ပဲ၊ အချစ်ဆိုတာလည်း ကြာရှည်မခံပါဘူး'

'မေမေက သမီးအတွက် စံပြ မဖြစ်ခဲ့ဘူး'

'မဟုတ်ဘူးမေမေ၊ မေမေက သမီးအတွက် တကယ့်ကို စံနမူနာဖြစ်ခဲ့တာပါ။ မေမေ့ကို ကြည့်ပြီး သမီး နားလည်ခဲ့ရတာ'

'သမီးရယ် ခက်လိုက်တာ'

မေမေက စုံစကားတွေကို လက်မခံနိုင်။ စံကလည်း မေမေ့ တိုက်တွန်းမှုကို နားမထောင်နိုင်။

'ယုံကြည်လို့ရတဲ့ အချစ်တစ်ခုကို တွေ့ခဲ့ရင် စံ လက်ထပ်မှာပါ မေမေ'

'အမေ ဒီလိုဖြစ်တိုင်း သမီး ဒီလို ဖြစ်ရမယ်ဆိုတဲ့ အစွဲအလန်း မထားပါနဲ့ သမီးရယ်'

မေမေက စံ တစ်သက်လုံး လက်မထပ်ဖြစ်မှာကို အရမ်းတွေးပူပြီး တုန်လှုပ်နေပုံရသည်။

'မေမေ တိုက်တွန်းသင့်တာ မမညာဏ်'

'ဟင်'

'ဟုတ်တယ်၊ သူက မတင့်တယ်ဖူးလေ၊ ငယ်ငယ်လေးရှိသေးတာ၊ မမညာဏ်ကို မေမေယောကျ်ားပေးစားသင့်တယ်သိလား'

'အေးပါ သမီးရယ်၊ သမီးကလည်း ကတိပေးပါ၊ သမီးဖေဖေရဲ့ မိသားစုအသစ်ကို ဘယ်တော့မှ မနှောင့်ယှက်တော့ပါဘူး ဆိုတာ'

'ဟုတ်ကဲ့၊ စံ ကတိပေးပါတယ်'

ဖေဖေဘယ်အချိန်က မေမေ့ဆီ ဖုန်းဆက်ပြီး စံအကြောင်းတွေ တိုင်လိုက်သလဲ မသိပါ။

'မေမေ'

ပျော်ရွှင်စံက တစ်ခုခုကို သတိရလိုက်သလိုနှင့် ခေါ်၏။

'မမညာဏ် ယောက်ျားယူရင် ယုယကလေး ဘယ်လို

မလဲ၊ မဖြစ်သေးဘူး'

'အမယ်လေး ... ပူတတ်လိုက်တာ။ အခုလည်း ယုယက

မေနဲ့ အိပ်တာ၊ သူတို့နဲ့ မထည့်လိုက်နိုင်ပါဘူး'

'အဲဒါဆို ကောင်းတယ်'

စံ အခုမှ စိတ်အေးသွား၏။

မေမေရယ် ... ကျေးဇူးတင်လိုက်တာ။ မေမေသာ

က်အိမ်ထောင်ပြုခဲ့ရင် စံတော့ နေစရာ နေရာမရှိ ဖြစ်ရမှာ။

ို့ ညီအစ်မအတွက် မေမေ အနစ်နာခံခဲ့တာ မဟုတ်လား။

ဖေဖေ ဘဝအသစ်တည်ဆောက်သွားတော့ မေမေ

ည်း ဖရိုဖရဲ ယိုင်ကျကျန်ခဲ့ရတဲ့ ဘဝမှာ မာနနဲ့ ဘဝသစ်တစ်ခု

ထူခဲ့ချင်မှာပဲ၊ စံနဲ့ဉာဏ်ကို ငဲ့ပြီး မေမေ မာန်ချခဲ့တာ ဖြစ်ကောင်း ဖြစ်မှာပါ။

ပျော်ရွှင်စံက ကားရှေ့ တည့်တည့် ဝင်လာသော လူတစ်ယောက်ကြောင့် အရိုက်ကို ကမန်းကတန်း နင်းလိုက်၏။

'အမယ်လေး .. ဒုက္ခပါပဲနော်၊ ဘယ်လိုလူလဲ'

ကက်ဆက်ကို ချက်ချင်းပိတ်ကာ စံ အသည်းအေးသွား၏။ နည်းနည်းကလေးပဲ လိုတော့တာ ဝင်တိုက်မိဖို့ ဘုရား ... ဘုရား။

ပျော်ရွှင်စံ မျက်လုံးကလေး ပြူးသွားပြီး ရင်ဘတ်ဖိလိုက်၏။ မတော်တဆ တိုက်မိသွားလျှင် မလွယ်။

'ဒီမှာ ... ရှင် ရူးနေလား၊ ကားရှေ့ကို ဘာလို့ ဇွတ်ထွက်လာရတာလဲ'

)

ဟု အော်ဟစ်ရန်လုပ်မိခိုက် ...

'ညီညီ ... သတ္တိ ဘယ်လိုဖြစ်တာလဲ၊ မင်းရပ်နေစမ်း

ကွာ၊ ကားတိုးမိမယ်၊ ငါ ရှာပေးပါ့မယ်'

ဟု တဖျတ်ဖျတ် လျှောက်လာပြီး ဟိုလူ့လက်မောင်းကို

ကာ ကားရှေ့က ဖယ်စေသူမှာ ...

'ဟင်'

အခုမှ ပျော်ရွှင်စံ ပိုလန့်သွား၏။ ဟောတော့ .. သွားပြီ။

ဟိုတစ်ရက်က စံ အားစားခံလုပ်ခဲ့သူ ကိုလူချော။

ရဲရင့်ဇော်က ကားပိုင်ရှင်ဘက် တောင်းပန်ဖို့ လ ည့်

ကြည့်မှာ ပျော်ရွှင်စံကို မြင်သောအခါ ချက်ချင်း မျက်နှာတင်း

သွား၏။

တိုက်တိုက်ဆိုင်ဆိုင် လပြန်ဆုံရပြီ။

'မင်း … ဘယ်လိုမောင်းတာလဲ၊ ငါ့ညီ တိုက်မိတော့မယ်ကွ'

အမှန်ကို အမှား၊ အမှားကို အမှန်ပြောင်းပြန်လုပ်ကာပြော လိုက်တာကြောင့် စံက စိတ်တိုသွားမိပြီး …

'ရှင့် ညီက ကားကို ဝင်တိုးတာ၊ အချိန်မီ ဘရိတ်နင်းနိုင်တာပဲ ကံကောင်း၊ မေးလည်းကြည့်ဦး'

ဟု ပြန်ပြောမိတော့သည်။

'မေးကြည့်စရာ မလိုပါဘူး၊ တိုက်မိရင် မင်းအပြစ်ပဲ၊ မင်း ၊ လွယ်ဘူး၊ မင်းက စည်းလတ်ဝါးလွတ် ဟိုညာ ဒီညာနဲ့ တန်ဖိုးရှိတာ မဟုတ်ဘူး၊ ငါ့ညီက မင်းလို မဟုတ်ဘူး၊ အဆုံးရှုံးမခံနိုင်ဘူး'

'ကိုကို … တော်ပါတော့ဗျာ ညီက မှားတာပဲဟာ၊ ညီ

စိတ်လောသွားလို့ပါ။ မျက်ကပ်မှန်ကို ပြန်ရချင်ဇောနဲ့ ရှာမိတာပဲ၊ တောင်းပန်ပါတယ်ဗျာ၊ ဒီမှာ မျက်ကပ်မှန်ကျသွားလို့ ဘာမှ မမြင်ဘူးဗျ'

ညီသတ္တိက ဘာမှ မသိဘဲ အဖြစ်မှန်ကို ကြားဝင်ရှင်းပြလိုက်တော့ ရဲရင့်ဇော် ပြောရခက်သွား၏။ သည်တစ်ခါ ကိုကိုရဲရင့် ဘယ်လိုဖြစ်တာလဲ၊ ကိုယ့်ဘက်က မှားမှန်းသိလျက်နှင့် တစ်ဖက် သားကို အထက်စီးနင်း ပြဿနာ ထပ်ရှာနေသည်။

'ဘာပဲဖြစ်ဖြစ် ငါ့ညီ ထိမိလို့ကတော့ မင်း မလွယ်ဘူးမှတ်။ ငါက ခွင့်လွှတ်သဲ့ည်းခံမှာ မဟုတ်ဘူး'

ပျော်ရွှင်စံက ပုခုံးလေးတွန့်သည်။

'အံ့ပါရဲ့။ မျက်ကပ်မှန်ကျပျောက်ပြီး မမြင်မစမ်းကားကို လာဝင်တိုးတာကဖြင့် သူ့ညီ'

'ဘာကွ'

ရဲရင့်ဇော်က ပျော်ရွှင်စံကို မကျေမနပ်ကြည့်သည်။

'ဟွန့် .. ပြောင်းပြန်'

ပျော်ရွှင်စံက မျက်စောင်းရွယ်သည်။

'ခင်ဗျားလို မူယာမာယာများပြီး လိမ်ညာလှည့်ဖျား တတ်တဲ့ မိန်းမနဲ့ ဆက်မပြောချင်ဘူး'

'ဘာ'

'ဒီလို ဆက်ပြီး လိမ်ညာနေရင် တစ်နေ့ ဒုက္ခရောက်မှာပဲ၊ ရုပ်ကလေး သနားကမားနဲ့'

'ဩော် .. ရှင်က အဲဒါ မကျေနပ်တာကိုး'

ပျော်ရွှင်စံက လှောင်ရယ်သံကလေးနှင့်

'ဆောရီး ... ဆောရီး ... ရှင် ချွေးပျံသွားမှာပဲနော်'

ဟု ငေါ့မေးလာ၏။ ပြီးမှ

'အဲဒီကိစ္စအတွက် ရှင့်ကို တောင်းပန်စရာ မလိုဘူး၊ ရှင် ကားနံပါတ် ပြောပြလိုက်တာပဲ မဟုတ်လား'

တတ်လည်းတတ်နိုင်ပါပေ့။ ကားနံပါတ်ကိုပဲ သူက လျှို့ဝှက်ထားပေးရဦးမှာလား။ သူ့ကိုပါ ပူးပေါင်းကြံစည်နိုင်းချင်သေးတာ။

'ရှင် ဘာမှ မကျေမနပ် ဖြစ်စရာ မရှိပါဘူး၊'

ပျော်ရွှင်စံက သူ့ကို မကြည့်ဘဲ မျက်နှာလွှဲကာ စက်နှိုး၏။ အစကတော့ သူ့ဘက်က ပြေပြေလည်လည်ဆို စံလည်း တောင်းပန်မလို့ပါ။

'ကားရှေ့ကဖယ်'

သူတို့နှစ်ယောက်ကို စံ ပြောမိသည်။ မျက်ကပ်မှန်ကျ

ပျောက်သော သူ့ညီက စံကို စူးစိုက်ကြည့်၏။

'ပြုံးကြည့်မနေနဲ့ မြင်ရော မြင်ရဲ့လား'

သူ့ညီကို ပြောတော့ ရဲရင့်ဇော် ထောင်းကနဲ ဒေါပွသွား

၏။

'မင်း'

ပျော်ရွှင်စံက ကားကို ဝူးကနဲ မောင်းထွက်လာ၏။

ဒေါသတွေ တရှူးရှူးနှင့် ကျန်ရစ်ခဲ့တာကို ရယ်ချင်ပါသည်။

ခွန်းတုန့် ပြန်လို့လည်း မရ။

'ဟင်း ... ဟင်း ...ဟင်း'

ကားထဲက ကက်ဆက်ကို ဖွင့်ရင်း စံ ရယ်မိ၏။ သူတို့

ညီအစ်ကိုက ရုပ်ချင်းနည်းနည်းဆင်သည်။ နှစ်ယောက်စလုံး

ချော သည်။ စံကတော့ သဘောမကျ။ စိတ်မဝင်စားချင်ပါ။

ယောက်ျား တွေကို စံ မယုံ။

✿

'ကိုကိုနဲ့ သိတာကိုး၊ ချော့လိုက်တာဗျာ'

'ညီသတ္တိ၊ မင်းကို ပြောသွားတာ မကြားဖူးလား'

ရဲရင့်ဇော်က အပြုံးမပျက် ရှိနေသော သတ္တိဇော်ကို အံ့သြစွာ မေးလိုက်၏။

'ကိုကိုရဲရင့်ကလည်း ကြားပါတယ်၊ ညီက မျက်စိပဲ မှုန်တာ နားမှ မလေးပဲ'

'ကြားရက်သားနဲ့ ချောသလေးဘာလေး လုပ်နေသေးတယ်၊ အရမ်းကြောက်စရာကောင်းတဲ့ ကောင်မလေး မင်းမသိပါဘူး ညီရာ'

'ဟုတ်လား'

သတ္တိဇော်က ပုခုံးတွန့်ပြီး ရယ်သည်။

'ကိုကို့ကို ဒီကောင်မလေး ဘာလုပ်သွားလဲ မသိဘူး' တဲ့။

ရဲရင့်ဇော်က ညို့ကို မပြောဘဲ နေလိုက်သည်။ ပြန်မပြောပြချင်ပါ။ အလိမ်ခံခဲ့ရတာ ရှက်စရာကြီးပါ။ ပိပိရိရိ လှည့်ဖျားတတ်သူလေးကို စိတ်ထဲကလည်း လန့်နေမိခဲ့တာ အမှန်။ မြင်မြင်ချင်း ဖြစ်ပေါ်ခဲ့သော နှစ်သက်မြတ်နိုးစိတ်ကလေးလည်း လွင့်ပြေးသွားခဲ့ရပြီ။

✿

'စံရေ ... ပြောစရာရှိလို့ လာဦး'

မမညာဏ်က ယုယလေးကို ထမင်းခွံ့ရင်း လှမ်းပြော တာမို့ စံက ကွန်ပျူတာဂိမ်းကစားနေရင်း နောက်လှည့်ကြည့်၏။ ဂိမ်း (Game) က ကစားနေတုန်း တန်းလန်းကြီးမို့ ချက်ချင်း ထမသွားနိုင်။

'မမ ဘာပြောမှာလဲ၊ အကြာကြီးလား'

ဟု ပြန်မေးမိသည်။ မမညာဏ်က စိတ်မရှည်သလို

'ပြောလို့ကောင်းရင် ကြာမှာပေါ့'

ဟု ပြောသည်။

'လာပြီ ... လာပြီ'

စံက ကစားလက်စ ဂိမ်းကို (save) လုပ်ကာ ကွန်ပျူတာ ကို ပိတ်မိ၏။ သည် Level ရောက်အောင် မနည်း ကစား ထားရတာမို့ ဆေ့ဖ် မလုပ်ဘဲပိတ်လိုက်လျှင် Level -1 ပြန်

ရောက်သွားလိမ့်မည်။

'မမညာဏ်'

'ဟင်'

'စံ ဝယ်လာတဲ့ My Destok က ပုံပေါင်း ခြောက်ထောင်ကျော်တောင် ပါတယ်၊ သိလား'

'ဟုတ်လား'

စံက Mother Box (Cassing) အလိုအလျောက်ပိတ်သွားတော့မှ မော်နီတာခလုတ်ကို ပိတ်ကာ မောက်(စ်)ကလေးကို ဘေးကပ်ထားပြီး ထလာခဲ့၏။ မမညာဏ်က ယုယပြေးဆော့ရာ နောက် တကောက်ကောက် လိုက်ကာ ထမင်းခွဲ့နေ၏။ စံက ထိုမြင်ကွင်းကို ငေးကြည့်ကာ ငိုင်တွေသွားမိ၏။ မမညာဏ်နှင့် စံနှင့် ငယ်ငယ်တုန်းက မေမေသည်လိုပဲ ထမင်းခွံ့

နေကြပါ။ ဆော့ရင်း ကစားရင်း ထမင်းစားရတာ စားလို့
ားမှန်းမသိ။

တော်တော်ကြီးသည်အထိ မေမေက ထမင်းခွံ့တုန်းပါ။
မေမေ ခွံ့ကျွေးသော ထမင်းက ကမ္ဘာပေါ်မှာ အရသာ အရှိဆုံး၊
အနွေးထွေးဆုံး ဖြစ်ခဲ့သည်။ ညနေပိုင်း မေမေ ထမင်းခွံ့ချိန်က
ို ဖေဖေကလည်း ပြန်ရောက်လာစမြဲ။

ထမင်းတစ်လုပ် ပြေးစားလိုက် ဆော့ကစားလိုက်နှင့်
ဖေဖေ့ကို မြင်လျှင် ဝမ်းသာအားရ ကြိုတတ်စမြဲ။ ကလေးဘဝ
ကို စံ ရေးတေးတေး မှတ်မိနေပါသည်။

ဂျင်းဘောင်းဘီရှည်ကလေးနှင့် ကျုံ့ကျုံ့ကလေး ထိုင်
က ငေးကြည့်နေသော စံ့ သဏ္ဍာန်လေးက သိပ်ချစ်စရာ
ကောင်းသည်ဟု ဉာဏ်ထင်မိ၏။ တစ်နေ့တခြား စံက ပိုပို

လှလာသည်။

မမေ ဒီမှာ စံ့ကို တောင်းရမ်းသူတွေ အများကြီး။

'စံ .. အန်တီဇင်မာသား ဆရာဝန်ကို စဉ်းစားပါလား'

မမဉာဏ် စကားကြောင့် အတွေးတွေ ပြတ်တောက်ပြီး စံ [illegible]နဲ့ ဖြစ်ရတော့သည်။

သည်စကားပြောဖို့များ တကူးတက လှမ်းခေါ်ရသလား ဟု နှုတ်ခမ်းစူချင်သည်။

'အမလေးနော်၊ ဘာများလဲလို့'

စံက ဝုန်းကနဲထပြီး ကွန်ပျူတာရှေ့ ပြန်ရောက်သွား၏။

'ဟဲ့ ... နေပါဦး'

ဉာဏ်က ကမန်းကတန်းတားသည်။

'အဲဒါပြောမလို့ မဟုတ်ပါဘူး'

'ဒါဆို ဘာလဲ ပြော'

စံက စိတ်မရှည်စွာနှင့် ပြန်ထိုင်ချလိုက်၏။ မေမေက ထမင်းစားပြီးသော ယုယကလေးကို ခေါ်လျက် လမ်းလျှောက်ထွက်၏။ မမဉာဏ်က လက်သွားဆေးပြီးမှ ဧည့်ခန်းကို ပြန်ရောက်လာသည်။

'စံ'

'ဟင်'

'ငါ ... အိမ်ထောင်ပြုရင် ကောင်းမလားလို့'

'ဘယ်လို'

ကိုယ်တိုင်က တိုက်တွန်းထားခဲ့တာ မှန်ပေမယ့် ကြားလိုက်ရတော့ အံ့သြသွားသည်။

'တကယ်လား'

မမညာဏ်က ဆတ်ခနဲ ခေါင်းညိတ်၏။

'အင်း'

'ဘယ်သူလဲ၊ ဘယ်ကလဲဟင်'

မင်မင်ညာဏ်က ဖွဖွပြုံးသည်။

'ပြောပြမှာပါ'

ပျော်ရွှင်စံက မမညာဏ်ကို စူးစူးစမ်းစမ်း ကြည့်၏။ ယုယလေးကို ထမင်းလိုက်ခွံ့နေပေမယ့် မမညာဏ်က ကလေး အမေလေး နှင့် တူကို မတူ။ ကြော့ရှင်းလှပလွန်းသည်။

'သူက သဘောကောင်းပြီး ကြင်နာတတ်တယ်'

'ဟုတ်လား'

ပျော်ရွှင်စံက စဉ်းစဉ်းစားစားနှင့် ခေါင်းညိတ်၏။

'မမညာဏ်ကို သိလား'

'အင်း ... ယုယကလေး ရှိတာ သိတယ်'

'ဪ'

'ငါ .. သူ့ကို သေချာလေ့လာပြီးပြီ'

ပျော်ရွှင်စံက ပင့်သက်ရှိုက်လိုက်၏။

နောက်တစ်ကြိမ် အချစ်ကို ယုံကြည်ဖို့ စွမ်းအား မညာဏ် ဘယ်လို ရတာပါလိမ့်။

'သူ့ကို ယုံလားဟင်'

'ယုံပါတယ်၊ သူက ပညာတတ်။ တည်ကြည်တယ်၊ ...တ်သားတယ်'

'မေမေ သိပြီးပြီလား'

'ဟင့်အင်း ... ငါ မဆုံးဖြတ်ရသေးဘူး'

ပျော်ရွှင်စံက တိတ်ဆိတ်သွား၏။ အခုလို နေတာထက် စာရင် နောက်တစ်ကြိမ် အိမ်ထောင်ပြုလိုက်တာက မဉာဏ် အတွက် ပိုကောင်းတာ အမှန်ပါ၊ ငယ်ငယ်ရွယ်ရွယ် လှလှပပ ကလေးမို့ ကလေးအမေ တစ်ခုလပ်မှန်းသိလျှင် လူတွေက မလေးစားချင်။ အနားမှာ မားမားရပ်ပေမယ့် လူတစ်ယောက်ရှိ လျှင် မဉာဏ် မျက်နှာငယ်စရာ မလိုတော့ပြီ။ အံ့အားသင့်နေ မိတာက မြန်မြန်ဆန်ဆန် လူတစ်ယောက်အပေါ် လေ့လာ နိုင်ပြီး မြန်မြန်ဆန်ဆန် ယုံကြည်စိတ်ချနိုင်တာကိုပါ။

စုံလို မတွေဝေ၊ စုံလို မထိတ်လန့်။ မဉာဏ်က စံနှင့် လုံးဝ မတူပါလား။ တစ်ခါတလေတော့လည်း မဉာဏ်လို သတ္တိမျိုးရှိချင်လှပါသည်။ နာကြည်းစရာတွေကို ရင်ထဲ သိမ်း မထား။ သိုလှောင်မထား မေ့ပစ်လိုက်သည်။ မေ့လွယ်ပျောက်

လွယ်၊ ကောင်းလိုက်တာ။

'စံနဲ့ အရင် မိတ်ဆက်ပေးမယ်'

'စံနဲ့'

'ဟုတ်တယ်လေ'

'စံက လေ့လာအကဲခတ်ပေးရမှာလား'

'ဒါပေါ့'

စံက မချိုမချဉ်ကလေး ပြုံးပြီး ...

'စံ သဘောမတူရင်ရော'

ဟု မေး၏။

'စံ သူ့ကို သဘောကျမှာပါ'

ခင်မင်ဉာဏ်က ယုံကြည်ထား၏။

'မဉာဏ် သူ့ကို အမှတ် ဘယ်လောက်ပေးထားလဲ'

ဟု စံက မေးကြည့်သည်။

'ဂုဏ်ထူးမှတ်'

'ဒါဆို စံနဲ့ တွေ့ရင် အောင်မှတ်တော့ကျန်မှာပါ။ မမဉာဏ် စိတ်မပူပါနဲ့'

'မပူပါဘူး၊ သူ့ကို ယုံတယ် အကြွင်းမဲ့'

ခင်မင်ဉာဏ်က ရယ်သံကလေးနှင့်ဆို၏။ မမဉာဏ် သည်လို ရယ်တာ သည်လိုပြုံးတာ မတွေ့ရတာ ကြာပါပြီ။

မမဉာဏ်ရယ် .. စံက သူ့ကို မမြင်ဖူးခင်ကတည်းက ကျေးဇူးတင်ရမလို့ပါ။ မမဉာဏ်ကို ပျော်အောင်ထားနိုင်သူ မဟုတ်လား။ သူ့ကြောင့် မမဉာဏ်မျက်နှာကလေးက လန်းဆန်းကြည်လင်နေ၏။

'သူ့မှာ မိဘတွေ မရှိတော့ဘူး စံရဲ့'

'ဟင် ... ဟုတ်လား'

'သူတို့က ညီအစ်ကို နှစ်ယောက်ပဲ ရှိတယ်'

'ဪ ... ဪ'

'အချင်းချင်း သိပ်ချစ်ကြတာ အရမ်းလည်း ရင်းနှီးတယ်၊ သူက မပြောရဲသေးလို့တဲ့၊ ပြောတော့ ပြောမယ်တဲ့ အရှိန်ယူနေတာ'

'ဟင် ... ဟိုတစ်ယောက်က သဘောမတူရင်ရော'

'သူ ရအောင် ပြောမယ်တဲ့'

'ဘယ်ဆိုးလို့'

'မမလည်း မေမေ့ကို ပြောရဦးမယ်၊ စုံနဲ့တွေ့ပေးပြီးရင်'

'မမတို့ ဆုံးဖြတ်ပြီးပြီပေါ့'

'အင်း'

ပျော်ရွှင်စံက မမညာဏ်အတွက် ဝမ်းသာသွား၏။ အဖြစ်သင့်ဆုံးပဲ မဟုတ်လား။ စံက ဝမ်းသာအားရ ပုံပိုးတိုက်တွန်းရမှာ။

✿

စံ စကားဆုံးတော့ မေမေက ရယ်သည်။

'မေမေ ဘာရယ်တာလဲ'

'စံ ကျေနပ်သွားပြီ မဟုတ်လား'

'မဟုတ်ပါဘူး'

'စံပဲ ညာဏ့်ကို အိမ်ထောင်ပြုစေချင်တယ်ဆို'

'ဟုတ်တော့ ဟုတ်တယ်'

စံက ရှက်စနိုးလေး ရယ်သည်။

'ယောကျ်ားတွေ မကောင်းဘူးဆိုပေမယ့် မညာဏ်က

အပျိုမှ မဟုတ်ဘဲ၊ အခုလို နေတာထက်စာရင် သူ့ဘေးမှာ တစ်ယောက်လောက်ရှိရင် ပိုတင့်တယ်မှာ၊ မဉာဏ် အပျိုကြီးဆို စံ မတိုက်တွန်းပါဘူး'

'ဟုတ်ပါပြီ သမီးရယ် … သမီး အရင် လေ့လာကြည့်ပါဦး'

မေမေ့စကားကို စံ ခေါင်းညိတ်သည်။

✿

ပျော်ရွှင်စံက မားမားမတ်မတ် လျှောက်လာသော မဉာဏ်၏ အမျိုးသားကို ကြည့်ကာ အံ့အားသင့်ပြီး မျက်နှာ ပျက်မိ၏။

လုံး၀ ထင်မထားတာမို့ တုန်လှုပ်မှုကို ဖုံးကွယ်မရ။

'လာ …ဒီမှာလေ၊ ဒါ ဉာဏ့် ညီမလေး စံတဲ့'

'ဟုတ်ကဲ့ ... ဟာ ... ခင်ဗျား'

သူကလည်း စံကို တွေ့တွေ့ချင်း မှတ်မိသည်။

'ကိုကိုရဲရင့်ရဲ့ မိတ်ဆွေပဲ' တဲ့။

စံက ဟုတ်တယ် မဟုတ်ဘူး ဝန်မခံပေမယ့် ဉာဏ်က တော်တော်လေး အံ့ဩကာ စံကို စူးစူးစမ်းစမ်း ကြည့်တော့သည်။

'ဘယ်က ကိုကိုရဲရင့်လဲဟင်' ဟု မေး၏။

'ကိုကိုရဲရင့် ဆိုတာ မောင့်အစ်ကိုရင်းပါ ဉာဏ်ရဲ့'

ခင်မင်ဉာဏ်က အနည်းငယ်စိုးရိမ်စိတ် လျော့သွားပုံရလေ၏။ သတ္တိဇော်၏ အစ်ကိုရင်းဆိုတော့ မိတ်ဆွေဖြစ်နေလည်း လုံးဝ စိတ်ပူစရာမလို။

'စံ ... ဒါ ... မမဉာဏ်ပြောတဲ့ ကိုသတ္တိဇော်လေ'

ပျော်ရွှင်စံက ခေါင်းညိတ်သည်။

'ကိုကိုရဲ့ရင့်နဲ့ စံက သိပ်မတည့်ကြဘူးထင်တယ်ဗျ။ ဘာ ဇာတ်လမ်းလည်းတော့ မသိဘူး'

ဟု သတ္တိဇော်က ရယ်သံတစ်ချက်နှင့် နောက်ပြောင်၏။

ဉာဏ်က စံ့ကို နှုတ်ခမ်းကိုက်ပြီး ကြည့်၏။ ကိုသတ္တိ ဇော်ပြောပုံကြောင့် စံက တမင် ဖုံးကွယ်ထားသလိုတော့ ဖြစ်ရပြီ။

'ဟိုတစ်ရက်က မောင် မျက်ကပ်မှန် ပြုတ်ကျပြီး ကား တစ်စီးနဲ့ ဝင်တိုးမိတော့မလိုဆိုတာ မှတ်မိလား'

'အင်း'

'အဲဒါ ဉာဏ့်ညီမ ကားပေါ့'

'ဟုတ်လား'

ပျော်ရွှင်စံက မမဉာဏ်နှင့် ကိုသတ္တိဇော်ကို သိသိသာ

သာ အကဲခတ်နေ၏။ သူတို့ကို ကြည့်ရတာ ပျော်နေပုံရသည်။ စကားပြောတာလည်း ပွင့်ပွင့်လင်းလင်း ဟန်ဆောင်မှုမပါ။ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုလည်း ရှိ၏။ လေးစားမှုလည်း ရှိ၏။

ဟိုတစ်ယောက်ကရော သဘောတူပါရဲ့လား။ ရဲရင့်ဇော်ဆိုသော ပုဂ္ဂိုလ်။ အဲဒီလူက မာနခပ်ကြီးကြီး၊ မမဥာဏ်နှင့် သူ့ညီကို ကြည့်ဖြူပါရဲ့လား မသိ။ အများအားဖြင့်တော့ သဘောတူမှာမဟုတ်။ မမဥာဏ်က ယုယဟန်ကလေး၏ အမေမဟုတ်လား။ စံ နားလည်ပေးနိုင်ပါသည်။ ကိုယ့်ညီ လူပျိုကို ကလေးအမေတစ်ခုလပ် မကလေးနှင့် ဘယ်သဘောတူပါ့မလဲ။

ထိုကိစ္စကို သတ္တိဇော်က ဘယ်လို ရင်ဆိုင်မှာလဲ၊ ဘယ်လို ဖြေရှင်းမှာလဲ။ မမဥာဏ် စိတ်ညစ်ရမှာတော့ မလိုလားပါ။

'ကိုသတ္တိဇော်ရဲ့ အစ်ကိုက သဘောတူရဲ့လားဟင်'

ပထမဦးဆုံး ပြောဖြစ်သော စကားက လူကြီးဆန်လွန်းရာလည်း ရောက်ချင်ရောက်မည်။ အချိန်နည်းနည်းလည်း စောချင်စောမည်။ သို့ပေမယ့် စံက စိတ်ပူလို့ပါ။ သတ္တိဇော်က စံ့ကို တစ်ချက်ကြည့်ကာ ...

'ကိုကို သဘောမတူလည်း ကျွန်တော်က ဆုံးဖြတ်ပြီးသားပဲ'

ဟု ဆို၏။ စံက ဉာဏ်ကို လှမ်းကြည့်သည်။ ညီအစ်မနှစ်ယောက် မျက်လုံးချင်းဆုံမိသည်။ တစ်ယောက် သဘောကို တစ်ယောက် နားလည်သည်။

'စံက စိတ်ပူနေတယ် ထင်တယ်'

'ဟုတ်တယ်'

'စိတ်ချပါ၊ ညဏ် စိတ်ဆင်းရဲအောင် ကျွန်တော် မလုပ်ပါဘူး၊ ကျွန်တော် ပေးနိုင်တဲ့ကတိက ညဏ့်ကို ပျော်အောင်ထားမယ် ဆိုတာပဲ'

သတ္တိဇော်စကားက မမညဏ်အတွက် ကျေနပ်ဝမ်းသာစရာပါ။ စံတို့ သုံးယောက် ကော်ဖီသောက်နေတုန်းမှာပဲ မေမေက ဖုန်းလှမ်းဆက်သည်။

'မေမေ ... စံပါ'

'ညဏ်ရော'

'ရှိပါတယ် မေမေ'

မေမေ့အသံက ထိတ်ထိတ်ပျာပျာနှင့် ...

'မညဏ် မေမေ ပြောမယ်တဲ့'

ပျော်ရွှင်စံက ဖုန်းကို ခင်မင်ညဏ်လက်ထဲ လှမ်းပေး

လိုက်၏။ မေမေ ဘာပြောမလို့လဲ ဟု စံ စိတ်ဝင်တစား နားစွင့်နေ၏။

'သမီးကြီး ဉာဏ်လား'

'ဟုတ်'

'သမီးရေ ခဏပြန်ခဲ့ဦး'

'ဘာဖြစ်လို့လဲ မေမေ၊ ဉာဏ် စိတ်ပူလိုက်တာ ယုယလေး ဘာဖြစ်လို့လဲ'

ဉာဏ့်အသံကြောင့် စံပါ မျက်လုံးပြူးသွား၏။ ချက်ချင်းမတ်တတ်ရပ်မိသည်။

'ဒုက္ခပါပဲ၊ အခုပဲ လာမယ် မေမေ'

ဉာဏ်က ဖုန်းကို ကမန်းကတန်း ပိတ်ပြီး စားပွဲပေါ်ချ ထားသော ပိုက်ဆံအိတ်ကောက်ယူ၏။

'ဘာဖြစ်လို့လဲဟင်'

'ယုယလေးက တက်ချင်သလိုပဲတဲ့ တစ်ချက်တစ်ချက်ခေါ်ရင် မထူးဖူးတဲ့'

'ဟင် အဲဒါ ဘာဖြစ်တာလဲ'

'မသိသေးဘူး ပြန်ကြရအောင်'

ဉာဏ်နှင့် စံက တစ်ယောက်လက်တစ်ယောက် ဆွဲကာ ပျာယာခတ်နေ၏။

'စိတ်အေးအေးထားပါ၊ ဆေးရုံသွားပြကြတာပေါ့'

ဟု သတ္တိဇော်က ဆိုသည်။

'စံရယ် ငါရင်ပူလိုက်တာ'

မဉာဏ်က စံလက်များကို ဖျစ်ညှစ်ကာ မျက်ရည်တွေလည်း ကျလာ၏။ စံလည်း ပူတာပါပဲ။ မဉာဏ်ကိုတော့ မီမှာ

မဟုတ်။ မမညာဏ်ကတော့ အမေရင်းဆိုတော့။

'ညာဏ် စိတ်အေးအေးထားမှပေါ့၊ ကိုယ်က မိခင်ဖြစ်နေပြီပဲဟာ သွေးအေးမှ သူ့အတွက် အကောင်းဆုံးလုပ်ပေးနိုင်မှာ'

သတ္တိဇော်က ကားမောင်းရင်း အားပေးစကားဆို၏။ တိုက်တွန်း၏။

'မောင် .. ညာဏ်သမီးလေး ဘာမှ မဖြစ်ပါဘူးနော်'

'ညာဏ်ရယ်'

ပျော်ရွှင်စံက ပင့်သက်မှုင်းမှုင်းချသည်။ ယုယကလေးအတွက် စိတ်ထဲက ဆုတောင်းပေးနေမိပါသည်။

✿

မေမေနဲ့ ကိုသတ္တိဇော်တို့ တွေ့ဆုံမှုကတော့ ပျော်ယာခက်ကာ အရေးတကြီး အချိန်ပါပဲ။ သူ ဘယ်သူပါဟုပင်

မမညာဏ်က မိတ်ဆက်မပေးအားပါ။ ယုယကလေးကို ဆေးရုံ တင်ဖို့ ပြင်ဆင်ရ သည်။ ဆေးရုံရောက်မှ လိုအပ်သည့် ကုသမှု ခံယူပြီးမှ စံတို့ ဟင်း ချနိုင်၏။

'မေမေ ... သူက ကိုသတ္တိဇော်လေ'

ညာဏ်က ခုမှပဲ မိတ်ဆက်ပေးဖြစ်၏။

'အေးကွယ် .. အန်တီက တစ်ရက်လောက် အေးအေး ဆေးဆေး ခေါ်တွေ့မလို့ပါ'

ဟု အားနာစကားဆို၏။

'ရပါတယ်'

စံက ကော်ဖီခွက်ဗူးဆွဲယူပြီး ကော်ဖီဆင်းဝယ်၏။ သူနာပြု ဆရာမလေးက ယုယဘေးမှာ ထိုင်ပြီး လိုအပ်သမျှ လုပ်ပေးသည်။ ကြည့်ပေးသည်။

စံက မေမေ့ကို ကော်ဖီ ထည့်တိုက်သည်။ ကော်ဖီသောက်ရင်း အခန်းကျဉ်းကလေးထဲမှာ စကားဆိုဖြစ်ကြ၏။

ယုယကလေး အခြေအနေကို စိတ်ပူစရာ မရှိတော့ပေမယ့် ဆေးရုံက ဆင်း၍ မရသေးပါ။

'မေမေတို့ ပြန်မလား'

ဉာဏ်က မေးလာ၏။

'ဟုတ်သားပဲ၊ ကျွန်တော်နဲ့ဉာဏ် စောင့်နေပေးမယ်လေ၊ အန်တီတို့ ပြန်နားပေါ့'

ကိုသတ္တိဇော်ကလည်း ဝင်ပြောသည်။

'ကောင်းသားပဲ'

စံက ခေါင်းညိတ်လက်ခံလိုက်သည်။

'မမဉာဏ်တို့ တစ်ခုခု သွားစားရင် စားလေ၊ ပြန်လာမှ

ဉာဏ်ဝင်းစာပေ

စံတို့ ပြန်ကြတာပေါ့'

'အင်း'

စံတို့ သားအမိ သုံးယောက်အတွက်တော့ သတ္တိဇော်က အားကိုးစရာပါ။

မညာဏ်သည် တစ်ခါတော့ မဆိုး။ ကိုသတ္တိဇော်က ရိုးသားကြင်နာတတ်သူတစ်ယောက်ပါ။

ဖုန်းမြည်သံသဲ့သဲ့ ကြားရသောအခါ စံက ဗေစင်မှာ လက်ဆေးနေရင်းက လှည့်ကြည့်မိ၏။ စားပွဲပေါ် တင်ထား သော ဖုန်းက မြည်နေပြီ။

သို့ပေမယ့် ထို ဟဲင်းန်ဖုန်းက စံတို့ ဖုန်းမဟုတ်။ ကိုသတ္တိဇော်၏ ဖုန်းပါ။ ကိုသတ္တိဇော်က အခန်းထဲမှာမရှိ။ မညာဏ် နှင့် စောစောကပဲ ထွက်သွားပြီ။ ဖုန်းက အခန်းထဲ

ကျွန်ရုံစ်ခဲ့တာပါ။

စံက တွေဝေမနေဘဲ လက်ကပျာကယာ သုတ်ကာဲ ဖုန်းကို ကောက်ယူ နားထောင်လိုက်၏။

'ဟယ်လို'

'မင်း ဘယ်သူလဲ'

'ရှင်'

'သတ္တိဇော ညီသတ္တိနဲ့ ပြောမလို့ကွ'

'မရှိဘူး၊ ခဏကြာမှ ဆက်ပါ'

'မင်းက ဘယ်သူလဲ'

မေးပုံက ခပ်မာမာ ခပ်တင်းတင်း။

'ရှင်ကရော ဘယ်သူမို့လို့လဲ'

'ငါ သတ္တိဇော်ရဲ့ အစ်ကိုကွ'

'အဲဒါ ဘာဖြစ်လဲ'

စံက အထက်စီးနင်းနိုင်လှသော သူ့စိတ်ဓာတ်ကို မကြိုက်။ ဘာကြီးမှန်း မသိ။ ဟိန်းလား ဟောက်လား မေးလား မြန်းလား လုပ်ရအောင် သူက ဘာမို့လို့လဲ၊ စံက ဘာလို့ ခေါင်းငုံ့ခံရမှာလဲ။

'ဒီလောက် မွှန်နေစရာလားလို့ ညီ့ကို ပြောလိုက်စမ်းပါ။ ညတောင် ပြန်မအိပ်နိုင်ရအောင် ဒီကောင်က ဘာတွေ လုပ်နေတာလဲ'

'ဟင် ပြောတော့ ညီအစ်ကို ဒီကောင်လေး ဘာလေးနဲ့ ကိုသတ္တိက ဒီကောင်ဆို ရှင်ရော ဘာဖြစ်သွားပြီလဲ' ဟု စံက ဆိုမိသည်။

'အောင်မာ ... မင်းက ဘယ်သူလဲ၊ ငါ့ညီရဲ့ ဟိုဒင်းလား'

ဟု ဒေါ်သန့်နှင့် ပြန်မေးလာ၏။

'မဟုတ်ဘူး'

စံက ချက်ချင်းငြင်းသည်။

'ဒါဆို ဘယ်သူလဲ'

'ဟိုဒင်းညီမ'

သူမေးသလိုပဲ ကပ်သီးကပ်သပ် ပြန်ဖြေလိုက်၏။

'မင်းက ဘာကိစ္စ ဆရာဝင်လုပ်ချင်ရတာလဲ'

'ဆရာလုပ်တာ မဟုတ်ပါဘူး'

'ရှင်းရှင်းပဲ ပြောမယ်၊ ငါ့ညီကို မင်းအစ်မနဲ့ သဘောမတူ ဘူးကွ'

'ဘာ'

စံက ဘာအံ့တသြအောင်ပစ်ပြီး နှုတ်ခမ်းကိုက်လိုက်ပြီး

'ကျွန်မကတော့ အရမ်း သဘောတူတယ်'

ဟု ရွှဲ့ဖြေလိုက်၏။ ထိုလူကြီးနှင့် ဆန့်ကျင်ဘက်ဖြစ်ရင်ပြီးရော။ ဘာတွေ ညာတွေ မစဉ်းစား။

'ငါကတော့ လုံးဝ သဘောမတူဘူး'

'ရှင့် ညီ ရှင်ပြောပေါ့'

'ပြောမရလို့ပေါ့ကွ'

'အဲဒါ ရှင်တို့ကိစ္စ'

'မင်းအမေကို ငါပြောရမှာပဲ'

'ပြောပေါ့'

စံက စိတ်အေးအေးနှင့် ဟန်မပျက် ပြောလိုက်၏။ တကယ်တော့ စံ ရင်ထဲမှာ ထိတ်ကနဲ ဖြစ်နေရပါပြီ။ သူ တကယ်ပဲ မမညာဏ်ကို တားဆီးအမိန့်ပေးမှာလား။ မမညာဏ် စိတ်ဆင်း

ရှိမှာ မလိုလားပါ။

'ပြောရမှာပဲ ...'

တစ်ဖက်က သေချာနေသလို ထပ်ဆို၏။

'တခြားသူတွေ လျှောက်ရမ်းနေမယ့်အစား ရှင့်ညီကို အရင် ပြောကြည့်ဦး'

'မလိုပါဘူး'

'ရှင်က သဘောမတူရအောင် ကျွန်မအစ်မက ဘာဖြစ်နေလို့လဲ၊ ရှင့်ညီကဖြင့် သဘောကျလွန်းလို့ မခွဲနိုင်မခွာနိုင် ဖြစ်နေတာ'

'အဲဒါ ဆေးမိနေတာ'

'ဘာ'

အမြင်မှာ မျက်နှာချင်းဆိုင် ပြောဖြစ်လို့ကတော့ သည်

လူကို စံ ကောင်းကောင်း ရန်တွေ့မိမှာ၊ ပစ်ပစ်ခါခါ ပြောမိတော့မှာ။ တစ်ဖက်သား မိန်းကလေးကို သူက နစ်နာအောင် ပြောထွက်သည်။

'ငါ့ညီက တစ်ခါမှ ရည်းစားတောင် မထားဖူးတဲ့၊ လူပျိုကလေးကွ၊ မင်းအစ်မ ပိုက်ကွန်ထဲက လွတ်မလား'

ကြည့်စမ်း ... စကားကို တရားလက်လွတ်ပြောနေလိုက်ပုံများ မုန်းစရာကြီး။ စံ့ကို သဘောကောင်းကောင်းနှင့် ကူညီခဲ့ဖူးတာ သူ မဟုတ်သလို။

မမဉာဏ်ကို ပြောတော့ စံ နာမိတာ အမှန်။

'မင်းတို့က သဘောတူမှာပေါ့၊ မင်းတို့ဘက်က အသာကြီးပဲ၊ ဝိုင်းတွန်းပို့မှာပေါ့'

'အမလေး ... ရှင့် ညီက တွန်းစရာတောင် မလိုဘူး။

စကိတ် စီးထားသလို ချောကနဲ ရွေ့ရောက်နေတာပါနော်၊ တွန်းတဲ့သူရှိရင် အဲဒီလူ မှောက်လျက် လဲကျကျန်ခဲ့မှာပါ'

စံက မခံချင်စိတ်နှင့် ပြန်ပြောလိုက်၏။ သူကတော့ စုံ့ကို စံမှန်း မသိသေးပါ။ သိသွားခဲ့လျှင် ပိုတောင် ဆိုးဦးမလားမသိ။

သူ့ကို လိမ်ညာလှည့်ဖျားသလို ဖြစ်ခဲ့တာမို့ သူက ခွင့်မလွှတ် နိုင်အောင်· နာကြည်းနေသည်။

'အခု ငါ့ညီ ဘယ်မှာလဲ'

'မသိဘူး၊ ခဏကြာမှ ပြန်ဆက်'

'မင်းစီ သူ့ဖုန်းက ဘယ်လို ရောက်နေတာလဲ'

'အမလေးနော်၊ ရှင့်ညီက ဒီမှာ မေ့ကျန်ခဲ့တာ၊ အသံ ပြည်လို့ ကောက်ကိုင်တာပဲ အပြစ်ဖြစ်ရပြန်ပြီ၊ ဘာကြီးမှန်းကို မသိဘူး'

ပျော်ရွှင်စံက ဖုန်းကို ပိတ်ပြီး မကျေမနပ်နှင့် နှုတ်ခမ်းစူမိ၏။

ဖုန်းက ချက်ချင်းပြန်မြည်လာ၏။

'ဟယ်လို'

စံ ထူးမိသောအခါ တစ်ဖက်က

'ကျွတ်' ဟု စိတ်ပျက်စွာ ရေရွတ်ပြီး ဖုန်းချသွားတော့သည်။ သူ့ကို ကြည့်ရတာ စံနှင့် ဆက်ပြီး စကားပြောချင်ပုံမရ။ သည်ကလည်း ပြောချင်လွန်းလို့ ....။

✿

ကိုသတ္တိဇော်ကို ဖုန်းလှမ်းပေးပြီး သူ့အစ်ကို ဖုန်းဆက်တာ ပြန်ပြောမိ၏။

'စံ ကောင်းကောင်းမွန်မွန် ပြေပြေလည်လည် ပြော လိုက်ရဲ့လားဟင်'

မမညာဏ်က စိတ်မအေးနိုင်သလို မေး၏။ စံက 'အင်း' ဟု ခေါင်းညိတ်လိုက်ပါသည်။

သူ့ဘက်က ကောင်းကောင်းမွန်မွန်ပြောလျှင် စံက လည်း အဖြစ်မှန်ကို ရှင်းပြမိမှာပါ။ အခုတော့ သူက မာရေ ကျောရေ။

စံက ဘာလို့ အလျှော့ပေးရမှာလဲ။ အဲဒီ လူကြီးကို စံ မုန်း သည်။ သူညီနှင့် ပတ်သက်လာလျှင် သည်းသည်းလှုပ် အကဲပါလွန်း သည်။

သူညီက မျက်ကပ်မှန်ပြုတ်ကျပြီး ကားကို လာဝင် တိုးတာကိုပဲ စံ့ကို စားမတတ် ဝါးမတတ်။ အမှားအမှန်ကို

မခွဲခြားဘဲ ဘက်ပင်းလိုက်တာ။

ထိုအချိန်ကတည်းက စံ သူ့ကို ကြည့်မရတော့တာ။ ပထမဦးဆုံးအကြိမ် တွေ့ဆုံစဉ်က စုံ့ကို ရိုးရိုးသားသား ကူညီပေးခဲ့သူအဖြစ် စံက အားနာခင်မင်နေမိတာ။ သူ့မှာ စံကြောင့် ဘုမသိ ဘမသိ ပြဿနာ ဖြစ်ရသည်လေ။

သို့ပေမယ့် သူက ကားနံပါတ်ကို ဖေဖေ့စီ ရေးပေးခဲ့သည်။ တကယ်တမ်းကျတော့ စံ ဘက် သူမပါ။ နည်းနည်းပါး ပါးပင် ဖုံးကွယ်မပေးခဲ့ပါ။

'စံ'

'ဟင်'

ခေါ်နေတာပင် မကြားနိုင်ဘဲ မလုံမလဲ ဟန်ပန်ကလေး နှင့် ပျော်ရွှင်စံကို ညဏ်က သိပ်မသက်ာ။

စံ ဘာတွေ ပြောလိုက်ပြီလဲ။

'ဉာဏ် .. ကိုကိုရဲရင့်က ဒီလိုပါပဲ .. မစိုးရိမ်ပါနဲ့ မောင်တို့ ကိစ္စကို သူ မတားပါဘူး'

ကိုသတ္တိဖော်က ဖာဖာထေးထေး လုပ်နေတာပါ၊ မဉာဏ် စိတ်ဆင်းရဲမှာ စိုးတာလားမသိ။ သူ့အစ်ကို၏ သံဘော ထားကို စံကတော့ သိလိုက်ပါပြီ။ အရမ်းလည်း နားလည်သွားပြီ။

သူ ဘယ်လောက်ပဲ ကာကွယ်ပြော ကာကွယ်ပြော သူ့ အလိုက သူနှင့် မဉာဏ်ကို သဘောမတူနိုင်တာ စံ့ကို ပေါ်ပေါ် ထင်ထင် ပြောပြခဲ့ပါပြီ။

✿

စံတို့ဂုဏ်ပဲ ကံကောင်းတာလား၊ မဉာဏ်အပြင်သွားနေ

တုန်းမှာ ရဲရင့်ဇော်က တည့်တည့်မတ်မတ် ရောက်လာခဲ့ပါသည်။

မေမေက အိမ်အပေါ်ထပ်မှာ။

'မမလေး ... ညှော်သည်'

ဟု ကောင်မလေး လာခေါ်တာ စံကာ

'ဘယ်သူလဲ'

ဟု ပြန်မေးပြီး ကွန်ပျူတာကို ပိတ်၏။

'မသိဘူး'

'မမေးဖူးလား'

'မေးပါတယ်'

'ဘယ်သူညှော်သည်လဲ'

'မညာဏ်ကို မေးပါတယ်'

'ဟုတ်လား'

မမဉာဏ်က ကိုသတ္တိဇော်နှင့် အတူတူ အပြင်သွားနေတာမို့ အခုရောက်လာသူ မဖြစ်နိုင်။

'ဘယ်သူများလဲ'

'ကိုရဲရင့်တဲ့ .. မေမေကြီးက ဘုရားရှိခိုးနေတာနဲ့ မမလေးကို လာပြောတာ'

'ဟင်'

ပျော်ရွှင်စံ မျက်လုံးလေး ဝိုင်းသွား၏။

သူ တကယ်ပဲ အိမ်အထိ လိုက်လာပြီလား။

မမဉာဏ်ကို သူ ဘာပြောမလို့ပါလိမ့်။

စံက ချက်ချင်းပဲ အောက်ထပ်ကို ဆင်းလာခဲ့၏။

သည်ပြဿနာကို စံကိုယ်တိုင် ရှင်းမည်။ မမဉာဏ်ကို စိတ်မဆင်းရဲစေချင်ပါ။ သူ့စီက ကန့်ကွက်စကားတွေ မမဉာဏ်

မကြားစေချင်။

သူ့ကို စံ တားဆီးရမည်။ သူ သဘောမတူတာကို မမြဏ် မသိစေရပါ။ သူ့ညီကို သူ တားရင် တားပါစေ။

ကိုသတ္တိဖော်က မမြဏ်ဘက် လုံးလုံးလျားလျား ရှိနေ့ တာပဲ မဟုတ်လား။

ညှော်ခန်းမှာ မထိုင်ဘဲ ကျောပေးကာ ရပ်နေသော သူ့ သဏ္ဌာန်ကို လှေခါးတစ်ထစ်ချင်း ဆင်းရင်း လှမ်းကြည့်ကာ မျက်စောင်းရှယ်မိသည်။

ကြည့်တော့ လူချောလူခန့်ကြီး။

စိတ်ပုပ်တာက မတရား။

သူတို့ချင်း ကြည်ဖြူလို့ လက်တွဲတာ ကြားထဲက လိုက်ဖျက်နေသူ။

စံ့ကို ကူညီဖူးသည့် ကျေးဇူးကလေးပင် စံ မထောက်
ထား နိုင်တော့ပါ။

လှေခါးကို တဒုန်းဒုန်း နင်းချလိုက်၏။

သူက ဆတ်ခနဲ လှည့်ကြည့်သည်။

ပြီးတော့ မျက်မှောင် ကြုတ်သွား၏။

အရမ်းအံ့ဩသွားတာ သူ့မျက်နှာမှာ ပေါ်သည်။

စကားပင် ချက်ချင်း မဆိုနိုင်။ စံ့ကို ငေးစိုက်ကာ
ကြည့်နေ၏။

စံက မျက်နှာကလေးကို တမင် မော့ထားလိုက်၏။

'ဘာကိစ္စရှိလို့လဲ မသိဘူး'

အသံကို အေးစက်စက် မပွင့်တပွင့် လုပ်လိုက်၏။

အဖက်မလုပ်ချင်သလို ဟန်ပန်မူရာ။

သူ့မျက်နှာပေါ်က အံ့ဩရိပ်တွေ တဖြည်းဖြည်း ရုတ်လျော့ ပျောက်ဆုံးသွားပြီး ဒေါသရိပ်တွေ နေရာယူလာ၏။

'ခင်မင်ညာဏ်ဆိုတာ မင်းလား'

သူ့အသံက ခါးသီးနာကျင်မှုနှင့် ရွံ့ရှာမှုပင် ပါချင်ပါနေဦးမှာ။

'ဟုတ်တယ်၊ ညာဏ်ဆိုတာ ကျွန်မပဲ'

သူက မေ့ဆေးပေးလိုက်သလို ငြိမ်သက်သွား၏။

စံ့ကို ကြည့်ကာ တော်တော် စိတ်မကောင်းဖြစ်သွားပုံပါ။

သည်လို မိန်းကလေးနှင့်မှ သူ့ညီ ဆုံရလေခြင်းဟု ဖြေမရအောင် ကြေကွဲသွား ပုံ။

စံ နည်းနည်းတော့ တုန်လှုပ်မိ၏။

သူ့အထင်လွဲနေတာကို အနည်းအကျဉ်းတော့ ရှင်းပြရ

လိမ့်မည်။

မမဉာဏ်အတွက် ပါ။

'မင်း ငါ့ညီကို လွှတ်ပေးလိုက်ပါ'

သူက တောင်းတောင်းပန်ပန် ဆိုလာ၏။

'မင်း ကားနံပါတ်ကို ငါပေးခဲ့လို့ မင်း နစ်နာမှုရှိခဲ့ရင်
ဲဒါတွေ ငါ ပြန်ဆပ်မယ် ငါ့ညီက တကယ့် လူရိုးလူအေး၊ မင်း
ူကို မလှည့်စားပါနဲ့'

ပျော်ရွှင်စံက မျက်နှာလေး ပျက်သွား၏။

သူ တကယ် အထင်လွဲနေပါပြီ။

'ဒီမှာ'

စံက သူ့ရှေ့ ခြေစုံရပ်ကာ အလောတကြီး ရှင်းပြလိုက်
ည်။

မမဉာဏ်အပေါ် သူ့ အမြင်မကောင်းစေချင်။

'အဲဒီဆိုင်က ကျွန်မအဖေဆိုင် ... ဖေဖေ့ကို မကျေနပ်လို့ ကျွန်မ တမင်လုပ်တာ၊ ကားနံပါတ်ပေးခဲ့တာ ကျေးဇူးတင်ရမယ်၊ ကျွန်မမှန်း ဖေဖေ သိသွားခဲ့တယ်လေ'

သူက မယုံတစ်ဝက်၊ ယုံတစ်ဝက် နားထောင်နေ၏။

'ဒီကိစ္စတွေနဲ့ ကိုသတ္တိဇော်နဲ့ ဘာမှ မဆိုင်ဘူး၊ တကယ်စိတ်ပါ'

'မင်းတို့ တွေ့တာ မကြာသေးဘူး'

ဟုတ်သားပဲ။

ဟိုတစ်ရက်က ကိုသတ္တိဇော် မျက်ကပ်မှန် ပြုတ်ကျပြီး ကားရှေ့ရောက်လာချိန်အထိ စံတို့ချင်း သိမှ မသိသေး တာပဲ။ အလိမ်ပေါ်တော့မှာပဲ။

စံက ဟန်မပျက် ဆက်ညာလိုက်၏။

'ဆုံးဖြတ်ချက်တစ်ခုချလိုက်ဖို့ အချိန်က မိနစ်ပိုင်းလည်း ဖြစ်နိုင်တယ်၊ နာရီပိုင်းလည်း ဖြစ်နိုင်တာပဲ'

ဟု ဆိုမိ၏။

'မင်း ငါ့ညီကို မချစ်ပါဘူး'

'အဲဒါ ရှင် ဘယ်လိုလုပ်ပြီး သိမှာလဲ'

ရဲရင့်ဇော်က စံ့ကိုမြင်ပြီး စံ စကားတွေ ကြားပြီး ဒေါသလည်းဖြစ်၊ စိတ်လည်းညစ်ကာ ဘာဆက်လုပ်ရမှန်းပင် မသိတော့ပါ။

လိမ်ညာလှည့်ဖျားတတ်ပြီး စကားကို အမျိုးမျိုး ပြောတတ်သော ကလေးအမေလေး ကိုရဲရင့်ဇော် တကယ်ကြောက်သည်။

မပတ်သက်ချင်ပါ။

ညီသတ္တိကို ဘယ့်လို တားဆီးပိတ်ပင် ရမလဲ။

သူ သွေးပျက်လာမိတာ အမှန်။

ညီသတ္တိကို သည်ကောင်မလေး တမင် ဖမ်းတာနေမှာ၊ ညီကလည်း သည်မျှော်ကွန်ရက်က မရုန်းနိုင်။

သူ ဘယ်လိုမှ မတားနိုင်။

သူ ဘယ်လိုမှ မကယ်နိုင်။

'ရှင့်ကို ပြောလိုက်မယ်၊ မဆိုင်တာကို ဝင်မရှုပ်ပါနဲ့၊ ပြောချင်ရင် သူ့ကိုပြော၊ ကျွန်မကို လာမပြောနဲ့ ရှင့်စကားတွေကို ကျွန်မ နားထောင်မှာ မဟုတ်ဘူး၊ သိကြားမင်းဆင်းတားလည်း အခုအချိန်မှာ နောက်မဆုတ်နိုင်တော့ဘူး'

စံက ပြတ်ပြတ်သားသား ပြောလိုက်၏။

ရဲရင့်ဇော်က စုံ ကိုကြည့်ကာ ကြက်သေသေနေ၏။

သူ လက်လျှော့ပြန်ရုံသာ ရှိတော့သည်။

သွားပါပြီ။

ညို့ကို သည်ဟာမကလေး လက်လွှတ်မှာ မဟုတ်။

ညို့ကို ချစ်ပုံလည်းမရ။ သူ ဘယ်လိုများ တားဆီးကာကွယ်ရမလဲ။

ညီသတ္တိနှင့် ပြတ်ပြတ်သားသား ပြောမှ ဖြစ်မည်။

ရဲရင့်ဇော် က နှုတ်ပင်မဆက်ဘဲ လှည့်ထွက်လာခဲ့၏။

ဘယ်လို ရေစက်မှန်းမသိ။

သည်ကောင်မလေးကို မြင်တိုင်း ရင်နာရသည်။

ရုပ်ကလေးချောချောနှင့် မုန်းစရာ ကောင်းအောင် လုပ်တတ်လွန်း၏။

ညီသတ္တိကတော့ သည်အလှတွေမှာ ငြိတွယ်ပြီး တားမရဆီးမရ ဖြစ်နေခဲ့ပြီ။

သူ ဘာဆက်လုပ်သင့်သလဲ။

✿

စံက အောင်နိုင်သူအပြုံးနှင့် ဝံ့ကြွားစွာ ကြည့်နေလိုက်၏။

သူ ခေါင်းငိုက်စိုက်နှင့် ပြန်သွားတာ စံပျော်သည်။

ကျေနပ်သည်။

နောက်တစ်ကြိမ် မမညာဏ်ကို သူ လာတွေ့ဖို့ ကြိုးစားတော့မှာ မဟုတ်။

စံက မမညာဏ်လုပ်ကာ အပြတ်ပြောလိုက်ပြီးပြီ။

သူမှ မမညဏ်ကို မမြင်ဖူးဘဲ၊ စုံ့ကို ညဏ်ပဲ ထင်သွားခဲ့ပြီ။

ပထမ တော့ စံညာဖို့ စိတ်ကူးမရှိပါ။

သူက ညဏ်လားဟု မေးလိုက်မှပဲ ညာဖြစ် သွားတာပါ၊ သူ့ကို စံ မညာချင်။

အစောကြီးကတည်းက စုံ့ကို သူက မုန်းမျက်နေတာ၊ အနာ တစ်ခုပေါ် နောက်တစ်ခု ထိုးခဲ့ပြီ။

ရှင့်ကို ညာချင်လို့တော့ မဟုတ်ပါဘူး။

မမညဏ်အတွက် ညာရတာပါ။

ဒါပေမယ့် အဲဒီအတွက် စုံ့ကို စံအပြစ်မတင်ဘူး။ ယောကျ်ားတစ်ယောက်ကို ညာလိုက်ဖို့ စံ ဝမ်းမနည်းဘူး၊ ယောကျ်ားတစ်ယောက် အသဲကွဲသွားလည်း စံ ဝမ်းမနည်းဘူး။

ညဏ်ဝင်းစာပေ

နောင်တမရဘူး။ ယောက်ျားဆိုတာမျိုးက အသဲကွဲပြီး ကျန်ရစ်ခဲ့လည်း သနားစရာမှ မဟုတ်ဘဲ။

✿

ရဲရင့်ဇော်က ညီသတ္တိကို ဒေါသနှင့် စိုက်ကြည့်၏။

'သူ့မှာ အချစ်မရှိဘူးကွ'

'ဟာ ... ကိုကိုရဲရင့်ကလည်း'

သတ္တိဇော်က သူ့စကားကို ရယ်ချင်သလိုလို။

'သူ ကျွန်တော့်ကို ချစ်တာ ကျွန်တော် သိပါတယ်' တဲ့။

'အလကား အဲဒါ ညာနေတာကွ'

ရဲရင့်ဇော် စိတ်ဆတ်လာ၏။

'ကိုကိုရာ၊ စိတ်လျှော့ပါ၊ ညီ နားပါရစေတော့'

'နေဦး၊ ငါ လုံးဝ သဘောမတူဘူး'

'သဘောမတူလည်း မရတော့ဘူး'

'မင်းက ငါ့ကို ပြတ်နိုင်လို့လား'

ရှုံ့ရှုံ့ရှားရှား ဖြစ်နေသော သူ့ကို ညီက စိတ်ပျက်စွာ ကြည့်လာ၏။

'ပြတ်ချင်လည်း ကိုကို့သဘော၊ ဒါပေမယ့် အစ်ကိုကြီး အဖရာ ပီပီ မင်္ဂလာကိစ္စကို စီစဉ်ပေးပါ၊ ပြီးမှ ပြတ်ချင်ရင် ပြတ်၊ မခေါ်ချင်ရင်လည်းနေ'

သတ္တိဇော်က အပိုင်တွယ်သည်။

'ငါ မလုပ်ပေးနိုင်ဘူး။ ငါမှ သဘောမတူတာကွ၊ မင်း မယူပါနဲ့ ညီရာ၊ ငါ တောင်းပန်ပါတယ်'

ဟု ဆိုမိ၏။

'ပြောပြီးပြီ၊ ကျွန်တော် ယူမယ်၊ ကတိပေးပြီးတာ ကျွန်တော် ဘာကြောင့်မှ နောက်မဆုတ်ဘူး'

'မင်း တော်တော် ခေါင်းမာပါလား'

'ကိုကို ဘာဖြစ်နေတာလဲဗျာ၊ ကျွန်တော် အိပ်ချင်လာပြီး တော်ပါတော့ဗျာ၊ လက်လျှော့လိုက်'

သတ္တိဖော်က ဝုန်းခနဲ ထထွက်သွား၏။

သူ့စကားကို လုံးဝ လက်မခံ။

မှော်ကဝေမလေး၏ မျက်နှာကို မြင်ယောင်ကာ ရဲရင့်ဖော် ရင်ထဲ ပူလောင်လာ၏။

မင်း ငါ့ညီကို အပိုင်ဖမ်းလို့ ရမလားကွ၊

လက်သီးတင်းတင်းဆုပ်ကာ သူ ဆုံးဖြတ်လိုက်၏။

မရရအောင် တားမည်။

ညီနှင့် သည်ကောင်မလေး လက်မထပ်ဖြစ်စေရ။

ဖုန်းမြည်လာချိန်မှာ စံရော ဉာဏ်ပါ ဖုန်းအနားရှိနေကြပါသည်။

စံက ဖျတ်ကနဲ ထထိုင်လိုက်၏။

မမဉာဏ်က ယုယကလေးကို ချော့သိပ်နေတာမို့ ဖုန်းသံကြောင့် ပြန်နိုးသွားမှာ စိုးမိသည်။

'ဉာဏ်နဲ့ ပြောမလို့'

တရင်းတနှီး မေးလိုက်သော်လည်း ထိုအသံကို စံ မှတ်မိနေပါသည်။

ကိုရဲရင့်ဇော်ပါပဲ။

'ဩော် ... ဘယ်သူလဲ'

'သူ့ မိတ်ဆွေပါ'

'ဘယ်သူလို့ ပြောပေးရမလဲ'

'ရဲရင့်ဇော်လို့ ပြောလိုက်'

သူကခပ်မာမာ စံက မမဉာဏ်ကို လှမ်းကြည့်၏။

'ဟုတ်ပါတယ်၊ ပြောပါ'

စံက ဟန်မပျက် ပြောလိုက်၏။

'ကျွန်တော် ခင်ဗျားနဲ့ တွေ့ချင်တယ်'

'ကိစ္စက'

'မေးစရာလေးတွေ ရှိလို့'

ပျော်ရွှင်စံက မြန်မြန်ပဲ ခေါင်းညိတ်လက်ခံလိုက်၏။

'ကောင်းပြီလေ၊ အချိန်နဲ့ နေရာက'

မမဉာဏ် သိသွားမှာ စိုးလို့ပါ၊

သူနှင့် မမဉာဏ်ကို ပေးတွေ့လို့ မဖြစ်။
ဘာကိစ္စပဲ ဖြစ်ဖြစ် စံ ရင်ဆိုင်မည်။
သူက စံ့ကို မမဉာဏ်ပဲ ထင်ထားတာ။

✿

သူက ကားရပ်ထားပြီး ကားပေါ် ထိုင်နေ၏။
စံက ကားထဲက ဆင်းပြီး ကားတံခါးကို လော့ခ်လုပ်
ကာ လျှောက်လာခဲ့၏။
သူ ကားဘေးမှာ သွားရပ်ပြီး မေးလိုက်၏
'ဘာကိစ္စရှိလို့လဲ'
သူက စံ့ကို လှမ်းကြည့်သည်။
'အေးအေးဆေးဆေးပေါ့ ... ထိုင်ပါ'

ရဲရင်ဇော်က ကားတံခါးဖွင့်ပေး၏။

ပျော်ရွှင်စံက ဝင်ထိုင်လိုက်သည်။

'ငါ့ညီက ပြောမရဘူး'

'အဲဒါ ကျွန်မနဲ့ မဆိုင်ဘူး'

'ဘာပဲဖြစ်ဖြစ် မင်း နောက်ဆုတ်လိုက်ပါ'

သူက ဇွတ်တောင်းဆိုသည်။

'ကျွန်မ ပြောပြီးသားပဲ'

ဘေးမှာ ကားတစ်စီး ကားပက်ကင်ဝင်ဖို့ ရှိတာမို့ စံက ဖွင့်ထားသော ကားတံခါးကို ဆွဲပိတ်ပေးလိုက်၏။

'ငါ့ညီက ငါ့ကို ပြတ်နိုင်တယ်၊ မင်းကို မပြတ်နိုင်ဘူး'

'ရှင်က အဲဒါကို မကျေမနပ်ဖြစ်နေတာလား၊ ငှက်တွေ တောင် အတောင်စုံရင် ပျံကြတာပဲ၊ သူ့ကို ရှင် လွတ်လပ်ခွင့်ပေး

လိုက်ပါ'

'မင်းနဲ့မှ ငါ သဘောမတူတာ'

စံက သူ့ကို ရူးကန် ကြည့်၏။

'ဒီအကြောင်းပဲ ထပ်တလဲလဲ ပြောဖို့ဆိုရင် ကျွန်မ ပြန်တော့မယ်'

ကားတံခါးဖွင့်ဖို့အလုပ်မှာ စက်နှိုးသံနှင့်အတူ ကား ရူးကန် အရှိန်နှင့် ထွက်သွား၏။

'ရှင် ဘာလုပ်တာလဲ'

ပျော်ရွှင်စံ မေးပေမယ့် သူက မဖြေပါ။

'ဒီမှာ ရှင် အခုချက်ချင်း ကားရပ်ပေး'

မျက်လုံးကလေး ဝိုင်းကာ စံအော်မိ၏။

သူသည်လိုလုပ် လိမ့်မည်ဟု စံ တစ်စက်ကလေးမှ မထင်။

ဖုန်းကလည်း ကားထဲမှာ ကျန်ရစ်ခဲ့ပြီ။ သူက အကွက် ကျကျ စီစဉ်ထားတာကိုး။

စံ ချက်ချင်းပဲ နားလည်လိုက်၏။

အတင့်ရဲစွာ လာမိတာ စံ မှားပြီ။

'မင်းနဲ့ ငါ့ညီ မယူဖြစ်အောင် ငါ တားရမှာပဲ'

ရဲရင့်ဖော်က သွေးအေးစွာ ပြောလာ၏။

သူ့မျက်နှာက ကြောက်စရာကောင်းအောင်ပင် တည် ငြိမ်နေ၏။ ဆုံးဖြတ်ထား ပြီးသား ပုံမျိုး။

'ရှင် ဒီလို လုပ်လို့ ရမလား'

'ငါ့ညီနဲ့ မင်းနဲ့ မယူဖြစ်ရင် ပြီးရော၊ ကျန်တာ ဘာပဲဖြစ်
စ် ငါ ဂရုမစိုက်ဘူး'

'ရှင် အူကြောင်ကြောင် မလုပ်နဲ့၊ ကား အခုရပ်ပေး၊
ပ်ဆို ရပ်လိုက်'

'မင်း ကြိုက်သလိုလုပ်၊ ခုန်ချရဲရင် ခုန်ချလိုက်'

'ရှင် တော်တော် အကြံပက်စက်ပါလား'

'ဒီစကားက ဘယ်သူပြောရမှာလဲ'

ပျော်ရွှင်စံ သူ့ကို ကြည့်ကာ လန့်မိသည်။

တကယ်လုပ်မည့်ရုပ်။ စံ့ကို သူ ဘယ်ခေါ်သွားမလို့လဲ၊
ဘွးကြည်ကာ ကြောက်လာမိ၏။ စံ့ကို သူက ဉာဏ်ပဲ ထင်နေ
တ။

'မင်းကို ငါ ခိုးပြေးလာတာ'

'ဘာ'

သူက စံဘက်တချက်လှည့် ကြည့်၏။

'မင်းကို ငါ့ညီနဲ့ ငါလုံးဝ မပေးစားနိုင်ဘူး၊ ဆောရီးပဲ၊ ငါ ဒီလိုလုပ်တဲ့အတွက် မင်းကြိုက်သလို တုန့်ပြန် ငါခံမယ်'

ပျော်ရွှင်စံက သူ့ကို ကြည့်ကာ ဘာပြောရမှန်းပင် မသိတော့ပါ။

ဘယ်ကစပြီး ရှင်းပြရမလဲ။

သူက ယုံပါမလား။

'မင်း ဉာဏ်နီဉာဏ်နက် ထုတ်မနေနဲ့။ ဒီတစ်ခါ မင်းရှုံးမှာ ပါ'

ရဲရင့်ဇော်က ခြောက်ကပ်စွာ ရယ်သည်။

သူကိုသူလည်း နားမလည်တော့ပါ။

ဘာလို့များ သည်လောက် မိုက်မိုက်ကန်းကန်း စွန့်စွား

မိသလဲ။

သည်ကောင်မလေးကို သူ ယူနိုင်လို့လား။

နောက်ဆက်တွဲပြဿနာတွေ တွေးကြည့်ကာ ကျော

ချမ်းလာ၏။

သို့ပေမယ့် သူ နောက်မဆုတ်နိုင်တော့ပါ။

'ဒီမှာ ရှင် ကားရပ်လိုက်တော့၊ ကျွန်မ ရှင့်ညီကို မယူ

တော့ဘူး၊ ဒီလောက်အဖြစ်သည်းနေမှတော့'

ဟု စံကြ ဆိုမိ၏။

'ဟား ... ဟား... ဟား မင်းကို ယုံမယ်များ မှတ်သလား။

ယုံး၀ မယုံဘူး။ မင်း ကတိများကွာ'

ပျော်ရွှင်စံကဲ သက်ပြင်းရှိုက်လိုက်၏။

ကားကို အရှိန်နှင့် မောင်းနေလိုက်တာ တော်တော် ဝေး ဝေး ရောက်ခဲ့ပါပြီ။

'ဒီမှာ ရှင် တော်တော် ညံ့တဲ့သူ၊ အသုံးမကျတဲ့သူ ... ကျွန်မ ဉာဏ်မဟုတ်ဘူး၊ ရှင့်ညီကို ရှင်တော်တော် ဂရုစိုက်တာပဲ၊ ရှင့်ညီ ရည်းစားကိုတောင် မမြင်ဖူးဘူး'

စံ့စကားများကြောင့် သူက တွေဝေသွား၏။

ခဏဆို ခဏလေးပါပဲ။ နောက်တော့ တဟားဟား အော်ရယ်၏။ ခေါင်းတရမ်း ရမ်းနှင့်။

'မင်း တော်တော် ဉာဏ်များတဲ့ မိန်းကလေးပဲ' တဲ့။

သေလိုက်တော့ စံရေ ...

သည်တစ်ခါ တကယ်သွားပြီ။

ဉာဏ်ဝင်းစာပေ

ဘာပြော ပြော နားမဝင်တော့။ သူက စုံကို ဉာဏ်ပဲ လုံးဝ ထင်နေခဲ့ပြီ။

✿

သူ့ကံကပဲ ကောင်းတာလား၊ စုံရဲ့ကံကပဲ ညံ့တာလား၊ မီးပွိုင့်တစ်ခုတောင် မမိပါပဲ ထောက်ကြန့်အလွန်ထိ ကားက ဒရကြမ်း ပြေးလာခဲ့တာ။ သူက ကားမောင်းအတော်ကျွမ်းပြီး ကားစက်ကလည်း သဘောကောင်းသလား မမေးပါနဲ့တော့။

ထောက်ကြန့်အလွန်လောက်က ခြံကျယ်ကြီးတစ်ခုထဲ ကို မောင်းဝင်သွားပြီးတော့မှပဲ သူ့ကားက ရပ်ပါသည်။

ကားဝင် လမ်းကလွဲလျှင် ဟိုဖက်သည်ဖက် ချုံနွယ်တွေ မြက်ပင်ရှည်ကြီး တွေနှင့် တကယ်ပဲ တောအုပ်လို ဖြစ်နေသည်။

ကားလမ်းဘေးအဆုံးမှာ ခနိုမိုးထားသော တဲအိမ်လေး

တစ်လုံးသာ ရှိသည်။

'ကဲ ဘာများ ညဏ်များဦးမလဲ ဒေါ်ခင်မင်ညဏ်'

'ရှင် ဘာလုပ်နေသလဲ၊ ရှင် စဉ်းစားမိရဲ့လားဟင်၊ ကျွန်မရဲ့ သဘောဆန္ဒမပါဘဲ ဒီအထိ ကားပေါ်တင်ခေါ်လာတာ၊ ရှင် အရမ်း ဘောင်ကျော်နေပြီ'

'ပြောပြီးပြီလေ၊ ငါ ဂရုမစိုက်ဘူး၊ ဖြစ်လာသမျှ ရင်ဆိုင်လိုက်မယ်၊ ခံစရာရှိရင် ငါ့ညီအတွက် ငါခံလိုက်မယ်'

'ရှင့်ညီအတွက် ဘြော် ခက်ပါလား။ ညီအစ်ကိုချင်း ဖြစ်ပြီး သူ့ဆန္ဒ ... သူ့ပျော်ရွှင်မှုက ဘာလဲ ရှင် မသိရှာပါလားနော်။

'ကဲ ... မင်းကို ငါခိုးခဲ့ပြီဆိုရင် သူ ဘာတတ်နိုင်မလဲ၊ ရှေ့ဆက် မိုက်ဦးမလား'

'ကျွန်မ ခင်မင်ညဏ် မဟုတ်ဘူး'

သူက ခပ်ထွေထွေလေး ပြုံးကြည့်သည်။

စံပြောသမျှ စကားတွေ သူ ယုံကြည်ဖို့ မရှိဘူး ဆိုတဲ့ သဏ္ဍာန်ပြုံးမျိုးပါ။

'ရှင် လုံးဝ အမိပွါယ် မရှိဘူး၊ ရှင် ဘယ်လို တားတား၊ ဘယ်နည်းနဲ့ဖျက်ဖျက်၊ မမဉာဏ်နဲ့ ရှင့်ညီနဲ့က ယူကြမှာပဲ၊ ရှင်က အစွမ်းကုန်ဖျက်လည်း ကျွန်မက အားပေးမှာပဲ'

သူက စံ့ကို တည်တည်ကြည့်နေသည်။

'မင်းက နှစ်ကိုယ်ခွဲလို့ ရသေးလို့လား၊ ငါ ခိုးပြေးခဲ့တဲ့ မိန်းမကကို ညီက ဘယ်လို ယူမလဲ'

'ရှင် စကားပြော ရိုင်းလှချည်လား'

'ဟား .. ဟား ... ဟား မင်းက ပြောရသေးတယ်'

'ဉာဏ်မဟုတ်ပါဘူးလို့ ပြောနေတယ်'

'ဒါဆိုရင် မင်းက ဘယ်သူလဲ၊ လုပ်စမ်းပါဦး'

'ကျွန်မက မမညာဏ်ရဲ့ ညီမ ပျော်ရွှင်စံ'

'နာမည်လေးက ဆန်းသားပဲ'

သူက လှောင်ရယ်သံနှင့် ဆိုသည်။

'ရှင်ဟာလေ နည်းနည်းပါးပါး မစုံစမ်းဘူး၊ ကိုယ်ထင်တာ အမှန်ပဲ'

'မင်းကိုယ်တိုင် ခင်မင်ညာဏ်လို့ ပြောတာ'

'အဲဒါ ကျွန်မညာတာ၊ မမညာဏ်ကို စိတ်အနှောင့်အယှက်မပေးချင်လို့ ပထမအိမ်ထောင်နဲ့တုန်းက မမက ကံမကောင်းရှာဘူးလေ၊ ဒီတစ်ခါတော့ ကံကောင်းပြီး ပျော်စေချင်လို့ပါ၊ ကျွန်မက ညာတတ်တယ်၊ မလိမ့်တပတ်နဲ့ ကလိမ်ကျတတ်တယ်ဆိုတာ ရှင် သိသားနဲ့နော်'

ဂျစ်ကန်ကန်မျက်နှာပေးလေးနဲ့ ခပ်ရွဲ့ရွဲ့ပြောပုံကို ကြည့်စမ်းပါဗျာ။

ဒီမိန်းကလေးက ဘယ်လိုတုန်းဗျာ။

'ရှင် ကဖျက်ကဖျက် မလုပ်နိုင်အောင် ကျွန်မက တားတဲ့ သဘောနဲ့ မမညာဏ်နေရာဝင်လိုက်တာ၊ ရှင်ပြောတဲ့စကားကြမ်း ကြမ်းတွေ သူ့နားကို မသိနိုင်အောင်လေ'

'မင်းက ဒီလောက်ထိ စိတ်ထားမွန်မြတ်တယ်'

'ရှင်မယုံချင်နေလေ'

'ငါကလည်း ဆုံးဖြတ်ထားတယ်၊ ငါ့ညီလေးကို မင်းလို မိန်းမတစ်ယောက်က ဖမ်းလို့ မရစေရဘူး။ မင်းလက်ထဲတော့ အပါအခံဘူး၊ ငါ နာမည်ပျက်ချင်လည်းပျက်၊ ဘဝပျက်ချင် လည်းပျက် ငါ စိန်ခေါ်လိုက်ပြီ၊ လာ ငါတို့ အိမ်ပေါ်မှာ ခဏသွား

နေရအောင်'

'မလာဘူး၊ စံ ပြန်မယ်၊ ပြန်ပါရစေ'

'လာစမ်းပါ'

သူက စံ ပခုံးကို ကြမ်းကြမ်းတမ်းတမ်းပင် ဆွဲခေါ်တာမို့ စံ ဒေါသဖြစ်သွားရသည်။

'ဖယ်... စံ့ကို မထိနဲ့'

'မင်းက ကလေးအမေ၊ ငါက လူပျိုပါကွာ'

'ရှင်တော့ ပါးရိုက်ခံရတော့မယ်၊ နောက်မှ ကျွန်မအဆိုး မဆိုနဲ့'

စံက သူ့ကို ထုရိုက်ကုတ်ဖဲ့သည်။

သူက စံ့လက်တွေကို ဖမ်းချုပ်ပြီး လှုပ်မရအောင် ဖက်

ထားပြသည်။

စံ ရှန်းလည်းအပိုပဲဆိုတာ သိအောင်ပြတဲ့သဘောမျိုး ဖြစ်နိုင်ပေမယ့် ဒါဟာ အထင်သေးတဲ့ သဘော၊ အနိုင်ကျင့်တဲ့ သဘော၊ စုံ့ကို သူ တန်ဖိုးမထားဘူးဆိုတာ သိစေချင်တဲ့သဘော မျိုးလည်း ဆောင်တာမို့ ရင်ထဲမှာ နာကျင်ထိခိုက်စွာ ဝမ်းနည်း သွားရသည်။

စိတ်မထိန်းနိုင်တော့ဘဲ စံ ငိုရှိုက်လိုက်မိသည်။

ဒီတော့မှ စုံ့ကို သူ ဖြုန်းခနဲ ဖြေလွှတ်ပေးကာ အံ့ဩ မယုံနိုင်သလို ကြည့်နေသည်။

မျက်ရည်တွေ စံ ပါးပြင်ပေါ် ဗိုးဗိုးပေါက်ပေါက် ကျလာ တာကိုပဲ သူ မယုံကြည်သလို၊ ရုပ်ရှင်ထဲက မင်းသမီးက ဟန် ဆောင် မျက်ရည်အတုနှင့်ပဲ ငိုသလိုမျိုး အထူးအဆန်း ကြည့်နေ

၏။

သူ့ရင်ထဲမှာ စံဟာ ဘယ်လို မိန်းမမျိုး ဖြစ်နေပြီလဲ မသိပါ။ ဆတ်ခနဲ မျက်နှာလွှဲကာ စံက မျက်ရည်တွေ သုတ်ပစ်သည်။

သူ့ရှေ့မှာ ငိုဖို့ လုံးဝ မရည်ရွယ်ပါဘူး၊ ဝမ်းနည်းလွန်းလို့ မျက်ရည်က သူ့ဖာသာကျရတာပါ။

ရဲရင့်ဇော်သည် ရင်ထဲမှာ ရုတ်တရက်သူမအပေါ် အမြင်ပြောင်းလဲပြီး ချော့မော့နှစ်သိမ့်လိုက်ချင်မိသည်။

ဘာကြောင့် စိတ်ပြောင်းသွားရသလဲ သူမသိ။

အမြင်ကပ်ခြင်းတွေ မရှိတော့ဘဲ ရင်းနှီးနွေးထွေးခြင်းနှင့်အတူ ထူးဆန်းသော ခံစားချက်တစ်မျိုးက မထင်မှတ်ပဲ ပေါ်ပေါက် လာသည်။

သူမဟာ တကယ်ပဲ ဉာဏ်ရဲ့ ညီမ ပျော်ရွှင်စံ ဖြစ်နိုင်

သလား။

အဲလိုသာ ဖြစ်ပါစေဟု ရဲရင့်ဇော် မျှော်လင့်ချင်သည်။

'စံ ဖုန်းခဏဆက်ချင်တယ်၊ အိမ်က စိတ်ပူနေလိမ့်မယ်၊ ကားလည်း ဒီအတိုင်းပစ်ထားခဲ့ရတာ'

သူမ ဖုန်းခေါ်တာကို ဘေးက အသာကြည့်နေမိသည်။ သူမတို့ အိမ်ရဲ့ ဖုန်းနံပါတ်ပဲ။

'မမညာဏ်လား'

'. . . . . .'

'အင်း ... ဟုတ်တယ်၊ စံပါ၊ ဒီမှာ အရေးကြီးတာ ပြောမလို့ စံ့ကားကို ( . . . . ) မှာ ထားခဲ့တယ်၊ စံ့ရဲ့ မှန်တင်ခုံအံဆွဲထဲမှာ သော့အပိုရှိတယ်၊ မမညာဏ် ကားသွားယူလိုက်ပါ'

'ဟဲ့ ဘာဖြစ်လို့လဲ၊ စံ အခု ဘယ်မှာလဲ၊ ကားက ဘာဖြစ်

လို့လဲ’

မမဉာဏ်က စိုးရိမ်သံနှင့် မေးသည်။

‘ကား ဘာမှ မဖြစ်ပါဘူး။ သွားယူလိုက်ပါ၊ ပြီးတော့ မမဉာဏ်တို့ အမြန်လက်ထပ်လိုက်ပါ။ မေမေ့အသိ တရားသူကြီး ဦးအောင်ဝင်းဆီမှာ လက်မှတ်ထိုးလိုက်လေ ... နော်’

‘ပျာယိပျာယာနဲ့ ဘာတွေလဲ စုံရဲ့၊ ငါတို့က ဘာကြောင့် လက်မှတ်အမြန်ပြေးထိုးရမှာလဲ၊ စံ ဘယ်မှာလဲ၊ အိမ်ပြန်လာခဲ့လေ၊ နောက်ကျနေလို့ မေမေက မေးနေပြီ၊ မိုးချုပ်ရင် မကောင်းဘူး၊ ဘယ်မှာလဲ ပြော၊ မမဉာဏ်လာခေါ်ရမလား’

‘ဟင့်အင်း .. မလာနဲ့ .. စံပြောသလိုသာ လုပ်စမ်းပါ၊ မမတို့ ကို ခွဲချင်နေတဲ့သူရှိနေတယ်၊ စံ သူနဲ့ ဖြေရှင်းရမယ်၊

ဒါပဲနော်၊ ဘာမှ စိတ်မပူနဲ့'

စံက ပြောပြီး ဖုန်းကို ပိတ်ပစ်လိုက်သည်။

ရဲရင့်ဇော်သည် သူမနံဘေးနား ရှိနေသဖြင့် သူမဟာ ပျော်ရွှင်စံဆိုတာ မယုံလို့ မရတော့ပါ။ ဟိုဘက်က မိန်းကလေးရဲ့ အသံကိုလည်း မသဲကွဲလှပေမယ့် ကြားနေရပါသည်။

'မင်းက တကယ်ပဲ ခင်မင်ဉာဏ်ရဲ့ ညီမလား'

'ရှင် မကြားဘူးလား'

ရဲရင့်ဇော်သည် ဘာကြောင့်မှန်းမသိ စိတ်ထဲ လေးလံ ရှုပ်ထွေး နှောက်ကျိုနေတာတွေ ရုတ်ခြည်းပြေပျောက်သွားသလို ခံစားရသည်။

'မင်းက အပျိုလား'

'မဟုတ်ဘူး ကလေးအမေ'

မျက်စောင်းတစ်ချက်နှင့် မဲ့ရွဲ့ပြောလိုက်ပုံကြောင့် လက်ရှိပြဿနာတွေ အားလုံးကို သူမမေ့ပြီး ရယ်ချင်သွားမိသည်။

'ငါ့ကိုများကွာ လူကြမ်းကြီးလို့ ပြောနေလိုက်တာ'

'ရှင်က လူကြမ်းမဟုတ်လို့လား၊ သူများချစ်ခြင်းကို ခွဲချင်နေ တာ'

'မင်းနဲ့ ထင်လို့ပါ'

'စိတ ဘာဖြစ်နေလို့လဲ'

'မင်းနဲ့ဆို သဘောမတူဘူး၊ မင်းအရကြောင်းတွေကို ငါက သိနေတယ်လေ'

'သိတော့ ဘာဖြစ်လဲ၊ ဂရုမစိုက်ဘူး၊ မှတ်ထားလိုက်'

'အခု မင်းမဟုတ်ဘူးဆိုရင် တော်သေးတာပေါ့'

'ရှင် အချိုသပ်ပြီး မမညာဏ်တို့ကို ထပ်အနှောင့်အယှက်

ပေးဖို့ ကြံနေတာလား၊ မရဘူးနော်၊ ရှင် ကျွန်မရှေ့က ထွက်သွား
သို့ မရဘူး’

‘ဟ ... ပြောင်းပြန်ဖြစ်နေပြီ’

ရဲရင့်ဇော်က သူ့နဖူးသူ ရိုက်မိတော့သည်။

ကြုံလာရပုံတွေကဗျာ ...။

‘သူတို့ လက်မှတ်ထိုးပြီးမှ ရှင် ရန်ကုန်ပြန်’

‘ဒါဆိုရင် စံကရော’

သူမေးလိုက်တော့မှ စံ မျက်နှာလေး ရှက်စိတ်နှင့် ပူနွေး
သွားရသည်။

‘မထူးပါဘူး၊ ငါ့ကို စိတ်မချဘူးမို့လား၊ ငါ့ကို စိတ်မချတဲ့
အတူတူ မင်းလည်း မပြန်နဲ့တော့ ဟုတ်ပြီလား ဟား ... ဟား’

အရေးထဲမှာ သူက ရွှတ်နောက်နောက် လုပ်နိုင်သေး

သည်။

'ကဲပါကွာ၊ လာပါ ကျန်တာ နောက်မှစဉ်းစား၊ ငါ့အခု ဗိုက်ဆာနေပြီ၊ အိမ်ထဲမှာ ဘာရှိလဲ မသိဘူး၊ သွားကြည့်ရအောင်၊ ဖိုးမောင်ကလည်း အိမ်ပစ်ပြီး ဘယ်သွားနေတယ်မသိ။ သော့ကတော့ ခတ်ထားသေးတယ်၊ ဒါပေမယ့် ဒီကောင် ပြတင်းပေါက် ပိတ်မှာ မဟုတ်ဘူး လာကြည့်။ ပြတင်းပေါက်က ကျော်ဝင်လိုက်မယ်'

ပြောပြောဆိုဆို သူက အိမ်ဘေးဖက် ပတ်လျှောက်သွားပြီး ပြတင်းပေါက်ကို ဖွင့်လိုက်ပါသည်။

ဝါးထရံကအိမ်လေးကအတွင်းမှာ ရှင်းလင်းသပ်ယပ်နေသည်။

အပြင်က ပေပါပိုင်းပြတ်တစ်ခုပေါ်မှာ အုတ်ခဲသုံးလုံး

ပြီး ထင်းချောင်းနှင့် ထမင်းအိုးတည်နေကျ ဖြစ်ပုံရကာ မဲတူး

နေသော ဒန်အိုးတစ်လုံးကို တွေ့ရသည်။

'လာပါ မင်းလည်း ဒီက ကျော်ဝင်လိုက်။ မတတ်နိုင်ဘူး၊

ါ ငါတို့ခြံပါ၊ ဖိုးမောင်ကို ခြံစောင့်ထားတာ၊ ဒီကောင်က

ျှောက်လစ်နေတယ်'

သူက ပျော့ရွှင်စံ လက်ကို ဆွဲခေါ်ပြီး ပြတင်းဘောင်

ပေါ် တက်စေသည်။

အပြင်မှာ မှောင်ပြီး ခြင်ကိုက်လာပြီမို့ စံလည်း သူ့

နောက်က လိုက်ဝင်လိုက်ပါသည်။

သူက ပါလာသော ဘောင်းဘီအိတ်ထဲက မီးခြစ်နှင့်

ရေနံဆီမီးအိမ်လေးကို ထွန်းညှိလိုက်သည်။

မီးရောင်နှင့် အိမ်ကလေးက လင်းဖြာသွား၏။

အိမ်ထဲမှာ ရဲရင့် ဟိုတစ်ခေါက် လာတုန်းက ဝယ်ထားသော မာမားခေါက်ဆွဲခြောက် ပါကင်ဗူးနှင့် ငါးသေတ္တာဗူးတွေ အအေးဗူး တွေ ခုထိ ရှိနေတာ ကံကောင်းသည်။

အအေးဗူးတွေကို မီးအိမ်နားသွားပြီး အိတ်စပါရာဒိတ် ကြည့်ရသေး၏။

'ဆယ့်နှစ်လပိုင်း ထိတဲ့ ... ရသေးတယ် ရော့'

'ဟင့်အင်း၊ ကျွန်မ မသောက်ချင်ဘူး ... ရေပဲ သောက်မယ်'

မြေအိုးလေးထဲက ရေအေးအေးကိုပဲ စံက သွားခပ်သောက်လိုက်သည်။

ခုမှပဲ ရင်ထဲ အေးမြလို့ ငြိမ်းချမ်းသွားရပါသည်။

စံတို့နှစ်ယောက်သည် စောစောတုန်းက ရန်ဖြစ်ထားတဲ့

လူနှစ်ယောက် မဟုတ်သလို ခုနေ လာကြည့်ရင်တော့ တကယ် နီး ပြေးလာတဲ့ စုံတွဲလို့တောင် ထင်ရနိုင်သည်။

ရဲရင့်ဇော်ကလည်း အေးအေးလူလူပင် ငါးသေတ္တာဗူး ဖောက်၊ ခေါက်ဆွဲပြုတ်၊ အအေးဗူးဖောက်ကာ စားပွဲလေးကို ခပ် မြန်မြန် ပြင်ဆင်ပေးသည်။

စံလည်း စိတ်စောနေသဖြင့် တစ်နေ့လုံး ဘာမှ မစား မိဘဲ အခုမှ ဆာလောင်နေမှန်း ကိုယ့်ဖာသာ သတိထားမိတော့ သည်။

ဖြစ်ပျက်နေသောအခြေအနေဟာ စံ တစ်ခါမှ တွေး မကြည့်ဖူးခဲ့သော အခြေအနေ။

မျက်ခုံးလေး ရှုံ့ထားမိရင်း စံကိုယ်တိုင်လည်း အံ့ဩနေ သည်။

စံသည် ဘယ်တုန်းကမှ ဘယ်ယောကျ်ားတစ်ယောက်ကို မှ စိတ်ထဲက လိုလိုလားလား စိတ်ချယုံကြည်နိုင်ခြင်း မရှိခဲ့။

အမြဲတမ်းပဲ သံသယဝင်၊ အမြဲတမ်းပဲ အဆိုးမြင်ခြင်းသာ ရှိခဲ့သည်။

ထားခဲ့ဖူးတဲ့ ရည်းစားလေး ရွှေအောင်ကိုတောင်မှ ရက်ပိုင်းလောက် ချစ်ခဲ့မိပေမယ့် သူ ချိန်းတဲ့နေရာကို စံ စိတ်ချလက်ချ မသွားရဲ။

စုံအပေါ်မှာ ကောင်းပါမည်ရယ်လို့ တစ်ထစ်ချ မယုံရဲခဲ့တာ အမှန်။

အခုကျတော့ ဒီလူနှင့်စံဟာ လူသူမနီးမဝေးလှသော ခြံဝင်း ကျယ်ကြီးတစ်ခုထဲက အိမ်ကလေးတစ်လုံးထဲ အတူတူ ရှိနေပါလျက် သူ့ကို စံ ဘာကြောင့် မကြောက်မိသလဲ။

အိမ်တံခါးသော့ခတ်ထားတာ မြင်ပါလျက် ကပ်သီးကပ်သပ် ပြတင်းပေါက်က ဝင်လာခဲ့မိသေးသည်။

သူ့စကားအတိုင်း နာခံခဲ့မိသည်။

အခုလည်း သူ စားသောက်စရာ စီစဉ်နေတာကို ဘေးက နေထိုင်ကြည့်နေမိသည်။

သူဟာ မမဉာဏ်နှင့် သူ့ညီကို မရမကခွဲမည်ဟု ကြေညာခဲ့သူလည်း ဖြစ်သည်။

စုံကို ဉာဏ်ပဲ ထင်ပြီး ခိုးပြေးလာပါပြီ ဆိုပြီး ဖွတ်တရွတ် ဆန့်လှတာလည်း သိသည်။

စုံကိုဆို အထင်သေးတဲ့ မျက်လုံးတွေနှင့် ကြည့်တတ်ပြီး စကားကိုလည်း မာရေကျောရေ အထက်စီးကနေပဲ ပြောခဲ့သည်။

သူနှင့်ပတ်သက်ရင် ဘယ်အချက်ကများ စံဖက်က စိတ်လို လက်ရ သူ့စကား နားထောင်ပြီး သူ့ကို ယုံကြည်နေဖို့ ရှိသလဲ။

သူ သဘောထားဟာ ပျော့်ရှင်စံဆိုတဲ့ မိန်းကလေးတစ်ယောက်အပေါ် ဆိုးဆိုးဝါးဝါး မရှိလောက်ပါဘူးဟု ဘယ်အချက်က ခိုင်မာစေတာလဲ။

သူ ကိုယ့်အပေါ်ကောင်းမှာ သေချာတယ်ဟု ဘယ်အချက်က သက်သေအထောက်အထားဖြစ်စေသလဲ။

မရှိပါဘူး။ တစ်ခုမှ ထောက်ပြစရာလည်း မရှိပါဘူး။

ယုံတယ်ဆိုတာ ဆန်းကြယ်တဲ့ စိတ်ပဲနော်။

ဘယ်အချိန်က ယုံလိုက်မိသလဲဆိုတာ စံ မသိတော့ပါ။

'ကဲ ... ရပြီ ... လာစား'

ပျော်ရွှင်စံက ရဲရင့်ဇော်ကို မျက်လုံးဝိုင်းဝိုင်းလေးနှင့် ကြည့် နေတာကြောင့် …

'ဘာတွေ စဉ်းစားနေတာလဲ၊ ဗိုက်ဆာရင်တော့ အရင်ဆုံး ဗိုက်ဖြည့်ရမယ်လေ၊ လာစမ်းပါ'

'ရှင်ပဲ စားပါ'

'ဟာ … ငါတစ်ယောက်ထဲဆို မစားဘူး'

'ရှင့်ကိုယ်ရှင် ဟန်းနီးမွန်းထွက်လာတယ်များ ထင်သလားဟင်'

'ဟာ … မထင်ပါဘူး။ မင်း ခေါင်းထဲမှာ ဒီ စကားလုံးက ဘယ်လို ရောက်လာတာလဲ'

စောစောကလိုပဲ စံမျက်နှာတပြင်လုံး ပူနွေးထူအမ်းသွားရသည်။ သူ့ပုံစံကဖြင့် ပြုံးစေ့စေ့နှင့် …။

'ပေါက်ကရတွေ လာမပြောနဲ့ မမညဏ်တို့ကို မခွဲတော့ပါဘူးလို့ ရှင့်ဖက်က ကတိပေးနိုင်ရင် ကျွန်မတို့ အချိန်မီ ပြန်ရအောင်'

သူ ခေါင်းဆတ်လိုက်ချိန်မှာပဲ မိုးရွာသံ တဖျောက်ဖျောက်ကို ကြားရသဖြင့် နှစ်ယောက်သား တအံ့တသြ ...။

'မိုးရွာပြီ'

ဟု ရေရွတ်မိကြသည်။

ပြတင်းပေါက်မှ မိုးရေစက်တွေကို တွေ့မြင်ရသည်။

'စိတ်မပူပါနဲ့ ၊ မင်းကို အိမ်အရောက် ပြန်ပို့ပေးမှာပါ'

'ကတိကရော'

'ပေးပါတယ်'

'တကယ်နော်'

ပျော်ရွှင်စံက ကလေးတစ်ယောက်လို ပျော်ရွှင်ကျေနပ်စွာ မျက်နှာလေးက အရောင်တစ်မျိုး ဖြတ်ပြေးသလို ဝင်းခနဲ လက်သည်။

ရဲရင့်ဇော်သည် ဘယ်လိုက ဘယ်လို သူမအနား ရောက်သွားမိသလဲ မသိ။

အပြင်ဘက်က မိုးရွာနေပုံကို အတွေတွေ ကြည့်နေမိသည်။

'လမ်းတဝက်လောက်ကတည်းက ကိုယ်မှားပြီလို့ သိမိပါတယ်၊ ဒါပေမယ့် အဲဒါ မင်းကြောင့် မင်းက ငါ့ကို စိတ်တို အောင် သိပ်ပြောတတ်တယ်၊ ငါ ဒီလို စိတ်လိုက်မာန်ပါ ခေါ်လာ မိအောင် လုပ်တာ မင်းပဲ'

စံက သူ့ရဲ့ ပြစ်တင်စကားကို ငြိမ်သက်စွာ နားထောင်

နေမိသည်။

မမညာဏ်ကို ချစ်မိတာကိုး၊ မမညာဏ် စိတ်ချမ်းသာဖို့ စံပဲ ရှေ့က တားဆီးကာကွယ်ပေးမယ်၊ ရအောင် ဖြေရှင်းမယ်လို့ တွေး မိတာကိုး ...။

သူပြောသလို စံလည်း အမှားမကောင်းပါဘူး။

ပျော်ရွှင်စံက ခေါင်းလေးငုံ့သွားသဖြင့် ရဲရင့်ဇော်လည်း နှုတ်ဆိတ်သွားရသည်။

သူတို့နှစ်ဦးအကြားမှာ ဒီလို တိတ်ဆိတ်နေတာဟာ သူ့ ရင်ခုန်သံကို ပိုပြီး ကြမ်းတမ်း မြန်ဆန်စေသည်။

ဒီမျက်နှာလေးပေါ့။

စတွေ့ကတည်းက ပြောသမျှ ယုံကြည်မိတာ။ အကူ အညီ တောင်းတော့ မငြင်းနိုင်ခဲ့တာ။

အကျင့်စာရိတ္တမကောင်းပါလားလို့ သိရပြီးတဲ့နောက် စိတ် ပျက်ပျက်နဲ့ပဲ ခဏခဏ မြင်ယောင်ရင်း သက်ပြင်းကြိတ်ပြီး ချခဲ့ရ တာ အကြိမ်ပေါင်း မရေတွက်နိုင်။

ညီညို့ ရည်းစားလို့ သိလိုက်ရတော့ ရင်ထဲပေါက်ကွဲ တော့မလို ဒေါသမီးတွေ တောက်လောင်ခဲ့ရတာ။

ဒီကောင်မလေးကို ကိုယ်သိပ်မုန်းနေပြီလို့ ထင်ခဲ့မိတာ ပါပဲ။

ဒါပေမယ့် အခု ဘယ်ဟုတ်မလဲ။

မကျေမနပ်နဲ့ ဆန့်ကျင်ဖက်ပြောင်းပြီး ရင်ထဲဖွတ်ထည့် ခဲ့မိတာပါ။

အခုတော့ ရဲရင့်ဇော် သိပါပြီ။

စံသည် ဘယ်ဆီမျှ လွဲမသွားသော ရီဝေဝေနှင့် နက်

ရှိုင်းလာသော သူ့မျက်လုံးတွေမှာ ရင်တွေ တထိတ်ထိတ် တုန်ယင် လာမိသည်။

လူကကျတော့ တစ်ဝုံတစ်ရာနှင့် ချည်နှောင်ခံထားရသလဲ သူ့အနီးကနေ ခြေလှမ်းရွှေ့လို့ မရ။

ဘယ်အချိန်က စံလက်ထဲ ရောက်နေသည်မသိသော တစ်ရှူးစလေးကိုသာ လုံးခြေနေမိလျက်။

'ဆာပြီဆို ... သွားစားပါလား'

'မစားချင်တော့ပါဘူးကွာ'

'ဟင် ... ဘာဖြစ်လို့လဲ'

'ထမင်းဆာတာထက် အရေးကြီးတဲ့ ပြဿနာနဲ့ ကိုယ်တွေ့ နေပြီ'

'ဟင်'

သူ့စကား အဓိပ္ပါယ်ကို ချက်ချင်း သဘောမပေါက်။

'နေစမ်းပါဦး၊ ကိုယ်မေးပါရစေ၊ ကိုယ်နဲ့ ဒီလို နှစ်ယောက်ထဲ ရှိနေတာ မင်း ဘာမှ မဖြစ်ဘူးလား၊ မင်း ကိုယ့်ကို မကြောက်ဘူးလား'

'ဟင့်အင်း'

'ဘာလို့လဲ ... မင်း မှားနေပြီ၊ ကိုယ်လည်း ယောကျ်ား တစ်ယောက်ပဲ၊ အခု အပြင်မှာ မိုးတွေ သည်းနေတယ်၊ ဒါပေမယ့် အဲဒီ မိုးရေထဲကို ကိုယ်ထွက်သွားရမယ်၊ မင်းအနားမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ ကိုယ် မင်းကို ချစ်မိလိမ့်မယ် ... သိလား'

ပြောပြောဆိုဆို သူက ပြတင်းတံခါးဘောင်ပေါ် လက်ထောက်ကာ ခုန်ဆင်းဖို့ ရည်ရွယ်သည်။

'ရှင်မသွားပါနဲ့'

သူ ဆတ်ခနဲ ပြန်လှည့်ကြည့်သည်။

'မင်းတားတာနော်'

'သွားရင် အတူဖူ သွားမယ်၊ စံ တစ်ယောက်ထဲ မနေရဲဘူး'

'မင်းကွာ'

မချင့်မရဲ ရေရွှတ်ရင်း ဖြူနုံးဆို စံ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလို့ တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်သည်။

စံ ခုမှ လန့်ဖြန့်ရင်ခုန်သွားမိသည်။

ထူးဆန်းတာက သူ့အနမ်းတွေက နွေးထွေးနူးညံ့နေသည်။

စံ နာကျင်မှာ စိုးသလို သူ ကြိုးစား ဂရုစိုက်သည်။

အမြတ်တနိုး နမ်းရှိုက်နေပုံလေးကို စံရင်ထဲ အနှိုင်း အဆမဲ့ ကြည်နူးကျေနပ်သွားမိကာ သူ့ ကျောပင်ကို ပြန်လည် သိုင်းဖက်ထားလိုက်မိသည်။

စံကို ချစ်တယ်လို့ ရှင် ထပ်ပြောဖို့တောင် မလိုတော့ပါ ဘူး။ ရှင့်ရဲ့ ချစ်မြတ်နိုးမှုကို စံရဲ့ နှလုံးသားက အလိုအလျောက် နားလည် လက်ခံမိပါပြီ။

မိုးမြင့်တိမ်စိုင်တိမ်လိပ်တွေ ကြားထဲ အတူ လက်တွဲ စီးမျောသွားသလို ခံစားချက်မျိုးက ထူးခြားဆန်းကြယ်လှသည်။

ထိုအချိန်မှာပဲ ခြံထဲကို စက်ဘီးနှင့်လူတစ်ယောက် ရောက်လာသည်။

စက်ဘီးထောက်ချသံနှင့်အတူ တံခါးသော့ဖွင့်သံပါ

ကြား ရ၏။

စံတို့ လူချင်းခွာပြီး နှစ်ယောက်သား တံခါးပေါက်စီ လှမ်းကြည့်ကာ စွပ်ကျယ်ဖြူနှင့် မိုးရေတွေ ရွှဲနစ်လာသော ဖိုးမောင် ...

'ဟာ ... ဆရာရဲ'

သူကလည်း ခြေစုံရပ်ပြီး တအံ့တသြ ဖြစ်သွားသည်။

'မင်းကွာ ... ဘယ်လျှောက်သွားနေတာလဲ'

ဖိုးမောင်သည် ပါးစပ်အဟောင်းသားနှင့် ရေစက်လက်နှင့် သူ့ဆရာ မေးခွန်းကို မဖြေနိုင်သေးဘဲ နံဘေးက မိန်းမချော လေးကို ငေးကြည့်နေမိပါသည်။

ဒီလို မိုးသည်းညမျိုးမှာ အိမ်ထဲ မီးလင်းနေတာ အဆန်း

ပဲလို့ ထင်လိုက်ပေမယ့် သူ့ဆရာ မိန်းမခိုးလာတာက သူ့အတွက် ပိုမို ထူးဆန်းနေရပါသည်။

✿

'ဟယ်လို ... ဉာဏ်လား'

'အင်း'

'ဟာ ... တော်ပါသေးရဲ့ကွာ။ ဉာဏ် အိမ်မှာရှိနေတယ်နော်၊ ဘာပြဿနာမှ မရှိဘူးနော်'

'ဘာလို့လဲ မောင်၊ ဘာတွေ ဖြစ်နေတာလဲ၊ ညီမလေးစံက လည်း ကားတစ်စီးလုံး လမ်းမှာပစ်ထားသလို ပစ်ထားခဲ့ပြီး ဘယ် ထွက်သွားသလဲ မသိဘူး၊ ဖုန်းဆက်တော့လည်း မေးလို့ မရဘူး၊ ဉာဏ်တို့ကို သဘောမတူတဲ့ ခွဲချင်တဲ့သူ ရှိနေတယ်တဲ့၊

အဲဒါ မောင်ရဲ့ အစ်ကိုမျှားလားဟင် ... ဉာဏ်တို့ ဘယ်လို လုပ်မလဲ'

'စိတ်မပူပါနဲ့ ... ဉာဏ်လေးဖက်မှာ မောင်ရှိပါတယ် ကွာ၊ ကိုကို ပို့က်ဘုတ်မှာ စာရေးထားခဲ့တဲ့ ပုံစံက တစ်မျိုးပဲ၊ ဉာဏ့်ကို သူ တစ်နေရာခေါ် သွားပြီတဲ့ ... ဘာမှန်းမသိဘူး၊ မောင် မျက်စိတွေ ပြာပြီး လန့်သွားတယ်၊ အဟား တော်ပါသေးရဲ့ ... ဉာဏ်လေး အသံကြားမှ စိတ်အေးရတယ်၊ ဘယ်မှ မသွားနဲ့နော် ... စိတ်မချ ဘူး၊ မောင် အခုပဲ ဉာဏ်လေးဆီ ထွက်လာခဲ့မယ်'

'အင်း ... အင်း ... ဉာဏ်လည်း မောင်နဲ့ စကားပြောချင် တယ်၊ စောင့်နေမယ်နော် ... အိုကေ'

ဖုန်းချပြီး သိပ်မကြာခင် မိုးအတိတ်ကိုပင် မစောင့်ဘဲ မောင် ချက်ချင်းကို အိမ်ကို ရောက်ချလာပါသည်။

တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကာ အပြုံးချင်းဖလှယ်မိတော့မှ ပူလောင်နေတဲ့ စိတ်သောကတွေ ငြိမ်းချမ်းသွားသည်။

ဉာဏ်က အကျိုးအကြောင်း ပြောပြတော့ သတ္တိဖော်တစ်စုံတစ်ရာကို ခန့်မှန်းလိုက်နိုင်ပြီ။

ကိုကိုနှင့် ပတ်သက်နေသူဟာ ပျော်ရွှင်စံပဲ ဖြစ်ရမည်။

ညီ့ကို သဘောမတူနိုင်ဘူးချည်း ကန့်ကွက်နေတဲ့ ကိုကို။

သူ့အလှည့်ကျရင် ဘယ်လို ပျာယာခတ်နေဦးမလဲ စောင့်ကြည့်ရမည်။

✿

စံတို့ မြို့ထဲ ပြန်ရောက်လာချိန်မှာ မိုးစဲပြီး တိတ်ဆိတ်

ဉာဏ်ဝင်းစာပေ

ငြိမ်သက်စ ပြုနေပြီ။

ညဉ့်လည်း နက်နေပြီကိုး ...

ထွက်သွားတုန်းက အခြေအနေနှင့် အခု အိမ်ပြန်လိုက်ပို့နေသော ရဲရင့်ဇော်ရဲ့ အခြေအနေဟာ အားလုံး ပြောင်းပြန်ဖြစ်ကုန်ပြီ။

အခုတော့ ပျော်ရွှင်စံဟာ သူ့ရဲ့ ချစ်သူလေး ဖြစ်သွားပြီ။

ရဲရင့်ဇော်သည် ချစ်သူလေးကို အိမ်အရောက် ပြန်ပို့ပေးရင်း မကြောက်စဖူး စိတ်ထဲ ကြောက်နေပြီး နဖူးစပ်မှာ ချွေးတွေစို့နေရသည်။

ပျော်ရွှင်စံလေးရဲ့ မိခင်၊ အစ်မ ပြီးတော့ ကိုယ့်ရဲ့ညီသတ္တိ၊ သူတို့နှင့် ဘယ်လို ရင်ဆိုင်ရမလဲ။

ကြောက်တဲ့ကြားထဲက သူဖြစ်အောင် သတ္တိမွေးနေမိ

သည်။

'စံ ... တိတ်နေတာပဲ ... ဘာတွေ စိုးရိမ်နေလဲ'

အိမ်ကို ရောက်ခါနီးတော့ ပျော်ရွှင်စံရဲ့ မျက်နှာက တစ်မျိုးလေး ပျက်နေသည်။

'ကိုယ်ဖြေရှင်းမှာပါ၊ ဘာမှ မကြောက်နဲ့နော်၊ ကိုယ် တစ်ယောက်လုံး ရှိပါတယ်'

'မေမေတို့ ဘယ်လိုထင်မလဲ မသိဘူးနော်'

'မျက်နှာပူရင် ကားပြန်ကွေ့ရမလား၊ မိုးသေးတယ်နော်၊ တခြားနေရာတစ်ခုခု သွားချင်လား'

'ဟင့်အင်း'

စံ ခေါင်းခါလိုက်သည်။

ကိုယ့်ရဲ့ အိမ်ထက် လုံခြုံနွေးထွေးတဲ့နေရာဆိုတာ မရှိ

ပါဘူး။

မေမေတို့ မမညာဏ်တို့ရဲ့ အဆုံးအဖြတ်မပါဘဲ စံ ဘာမှ မလုပ်ချင်။

'စံ … သူတို့ ဘာပြောပြော ဘယ်သူပဲတားတား၊ ကိုယ်နဲ့ စံနဲ့ မခွဲဘူးနော်'

'ဟွန်း … အခုမှ'

'ဟုတ်တယ် … ကိုယ်ချက်ချင်းကြီးပဲ ကိုယ်ချင်းစာ တတ်သွားပြီ ဟား … ဟား'

ရဲရင့်ဇော်က စိတ်လက်ပေါ့ပါးအောင် ရယ်ပစ်လိုက်သည်။

ရယ်သာရယ်နေရတာ ဖွင့်ထားတဲ့ ခြံဝင်းတံခါးက ဝင်လာတော့ စံရဲ့ အမေရော မမညာဏ်ရော ညီလေးပါ တိုက်

အပြင် ဆင်ဝင်အောက်မှာ ရပ်လျှက် သူတို့ ကား ပြန်ဝင်လာ တာကို စိတ်ပူပူနှင့် ရပ်စောင့်ဆိုင်းနေတာ မြင်ရတော့ ရဲရင့်ဇော် မျက်နှာကြီးပူလျက် နေရခက်မိသည်။

စံက ကားပေါ်က ဆင်းပြီးတာနှင့် ဘယ်သူနှင့်မှ ကြာ ရှည်စကားမပြောဘဲ သူမ အခန်းထဲ ပြေးဝင်ကာ အခန်း တံခါးကိုပါ လော့ခ် လုပ်လိုက်သည်။

ရဲရင့်ဇော်က ဧည့်ခန်းဆိုဖာဆက်တီမှာ အားတင်း ထိုင်ရင်း သူတို့ အားလုံးနှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။

ဘာက ဘယ်လို စရှင်းပြရမလဲ မသိပေမယ့် အမိကက တော့ ရှေ့မျက်နှာ နောက်ထားပြီး ပျော်ရွှင်စံရဲ့ အမေဆီမှာ စံကို လက်ထပ်ပါရစေလို့ ခွင့်တောင်းရတော့မှာပါပဲ။

ညီ သူ့ကို ဘယ်လို ရော့ပြုံးနှင့် စိုက်ကြည့်နေမလဲ

ဆိုတာ ရဲရင့်ဇော် မတွေးနိုင်တော့ပါ။

✿

ထမင်းစားခန်းက စားပွဲမှာ တစ်ယောက်ထဲ ကော်ဖီသောက်နေသော ပျော်ရွှင်စံသည် ဖြုန်းခနဲ ရောက်လာသော ရဲရင့် ဇော်ကို တွေ့တော့ မျက်လုံးလေး ဝိုင်းသွားရသည်။

ဒီလောက် မနက်စောစော သူ ရောက်လာမည် မထင်။

နိုက်ဒရက်စ် အနီရဲလေးနှင့် အပြိုင် စံရဲ့ မျက်နှာလေးပါ နီရောင်ပြေးသွား၏။

'အခုမှ အိပ်ယာနိုးတာလား'

'အင်း'

'ညတုန်းက စိတ်ဆိုးသွားတာလား၊ လုံးဝတောင် ပြန်ထွက် မလာဘူး၊ ကိုယ်တစ်ယောက်ထဲ အိမ်ပြန်သွားပေမယ့်

ဝါရီတွေ ဝင်ပြီး ညကလည်း အိပ်မပျော်ဘူးကွာ၊ စံသာ စိတ်ကောက်ပြီး မခေါ်ရင်တော့ ကိုယ်သေမှာပဲ၊ အားလုံးအတွက် ကိုယ်တကယ် တောင်းပန်ပါတယ်၊ အခုတော့ စံရဲ့ ဆက်ဆံရေးက ဘာကြောင့် တစ်မျိုးကြီး ဖြစ်နေသလဲ ကိုယ်သိသွားပြီ၊ မေမေ ပြောပြလို့ စံ ဘာတွေ ခံစား ချက်ရှိတယ် ဘာတွေ စိုးရိမ်နေတယ်ဆိုတာ ကိုယ်သိရပြီ'

'မေမေက ဘာတွေ လျှောက်ပြောလို့လဲ'

'စံက ယောကျ်ားတွေကို မုန်းတတ်တဲ့အကြောင်း'

'မဟုတ်ပါဘူးနော်'

'ကောင်းပါတယ်၊ ကိုယ်တစ်ယောက်ကလွဲရင် ကျန်တဲ့ ယောကျ်ားတွေကို လုံးဝ လှည့်မကြည့်နဲ့'

'အံမယ်'

မျက်စောင်းလေး ရွယ်သဖြင့် ရဲရင့်ဖော် စိတ်ချမ်းသာ သွားသည်။

စံ သူ့ကို ရှောင်ဖယ်စိတ် ထွက်နေမှာ သူ စိုးသည်လေ။

'ကိုယ်လေ မနက်အစောကြီးသာ လာခဲ့ရတာ၊ စံက ရှောင် နေရင်တော့ ဒုက္ခပဲလို့ တွေးမိတယ်'

'ရှောင်နေရင်လည်း ပြန်သွားပေါ့၊ ယောကျ်ားလေး ဆိုတာ အရှုံးမရှိပါဘူး'

'ဟာ ... ဘယ်လို ပြောတာလဲကွာ'

'စံလည်း ညက အိပ်လို့ မရဘူး၊ စံတို့နှစ်ယောက်ကို နိုးပြေးကြပြီလို့ သိတဲ့လူတွေရှိတယ်ဆိုတော့ ဘာမှလည်း လိုက်ရှင်းပြလို့ ရမှာ မဟုတ်ဘူးလေ။ လက်မထပ်ဖြစ်ရင် စံက လိုက်ပြေးဖူးတဲ့ မိန်းမအဖြစ် တစ်ခုလပ်အဖြစ် နာမည်ထွက်

တော့မှာ ...'

'အဓိပ္ပါယ်မရှိတာ'

'မနက်ကျတော့မှ မေမေပြောပြတော့ သိရတယ်၊ အဲဒီအတွက် ကျေးဇူးတင်ပါတယ်'

'စံ လက်ခံတယ်ပေါ့နော်၊ အဲဒါနဲ့ ပတ်သက်လို့ ဘာမှ စိုးရိမ်စိတ် မရှိဘူးနော်၊ ကိုယ့်ကို ယုံတယ်၊ စိတ်ချတယ် မဟုတ်လား'

စံက တစ်ချက်တွေကာ စဉ်းစားလိုက်ရင်း ...

'အခု စိတ်ချလိုက်ပြီဆိုရင်လည်း ... နောင်တစ်ချိန်တော့ မသိနိုင်ဘူးလေ၊ ရှင် ဘယ်လို ပြောင်းလဲလာမလဲ ဆိုတာ'

'စံရယ် ... မယုံတတ်တဲ့ သံသယအတွေးတွေ ဖျောက်လိုက်ပါတော့၊ ကိုယ် ဘယ်တော့မှ စံကို ပစ်မသွားပါဘူး၊ စံ

လေ အနားမှာပဲ တစ်သက်လုံး နေမှာပါ၊ စိတ်ချလိုက်ပါကွာ၊ ကိုယ် ကတိပေးပါတယ်၊ မရဲတရဲ မယုံသင်္ကာတစ်ဝက်နဲ့ပဲ ကိုယ့်ကို ထပ်မကြည့်နဲ့နော်။ ကိုယ် ဘယ်လိုလူစားလဲဆိုတာ တစ်သက်လုံး စောင့်ကြည့်လိုက်ပါ၊ အချိန်တွေက အဖြေပေးသွားမှာပါကွာ ... စံရဲ့ ရင်ထဲမှာ တဖြည်းဖြည်းနဲ့ ကိုယ့်အပေါ် လုံးဝ ယုံကြည်လာစေရမယ် ဟုတ်ပြီလား'

စံရဲ့ ပါးမို့မို့လေးကို တို့ထိရင်း ရဲရင့်ဇော်က တဖွဖွ သတိပေးနေမိသည်။

ပျော်ရွှင်စံလေး ထာဝရ ပျော်စေချင်လို့ပါ။

ပန်းသီရိုင်